ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957
e – paper ဖတ်ရှုရန်
၁၃၈၈ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၀ ရက် အင်္ဂါနေ့။ Tuesday, 6 October 2026 ၁၂၃၂၃

**သွားလေရာအရပ်၌ အပူဇော်ခံရ**

သဒ္ဓါတရားလည်းရှိ၊ သီလနှင့်လည်း ပြည့်စုံ၊ အခြံအရံလည်းများ၊ စည်းစိမ်ဥစ္စာလည်း ရှိသောသူသည် သွားလေရာအရပ်၌ အပူဇော်ခံရ၏။

ပကိဏ္ဏကဝဂ် (ဓမ္မပဒ – ၃၀၃)

## သီးထပ်စိုက်ပျိုးသည့် တောင်သူများအတွက် စိုက်ပျိုးစရိတ်ချေးငွေ ချဲ့ထွင်ထုတ်ချေးမည့် အစီအစဉ် အသိပေးကြေညာခြင်း

စာမျက်နှာ » ၇

## လေကြောင်းလိုင်းများ၏ လေယာဉ်လက်မှတ်ခ နှုန်းထားများအား သတ်မှတ်ဈေးနှုန်းထက် ပိုမိုသည့် နှုန်းထားဖြင့် ဝယ်ယူခဲ့ရခြင်း၊ Fake Accounts များမှတစ်ဆင့်ဝယ်ယူခဲ့ရခြင်းများရှိပါက တိုင်ကြားနိုင်

စာမျက်နှာ » ၉

## ခေတ်အဆက်ဆက် ရှင်သန်နေတဲ့ မြန်မာ့စာတိုက်

ဆောင်းပါး စာမျက်နှာ » ၁၂

## သီတင်းကျွတ်ရုံးပိတ်ရက် ပုဂံဒေသရှိ ဟိုတယ်နှင့် တည်းခိုရိပ်သာများ၌ အခန်းကြိုတင်မှာယူမှု ပြည့်သွားပြီဖြစ်

စာမျက်နှာ » ၂၂



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်၍ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအား လိုအပ်သည်များ လမ်းညွှန်မှာကြားစဉ်။

# နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်၍ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအား လိုအပ်သည်များ လမ်းညွှန်မှာကြား

နေပြည်တော် အောက်တိုဘာ ၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံးတော် အစည်းအဝေးခန်းမ၌ တွေ့ဆုံ၍ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်၍ လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❒



အမျိုးသမီး ရထားစက်ခေါင်းမောင်းသူ ငါးဦးအား တွေ့ရစဉ်။

## ရန်ကုန်မြို့ပတ်ရထားလမ်းပိုင်းတွင် အမျိုးသမီး စက်ခေါင်းမောင်းသူများအား စတင်တာဝန်ပေးအပ်

ရန်ကုန် အောက်တိုဘာ ၅

မြန်မာ့မီးရထားသမိုင်းတစ်လျှောက် ပထမဆုံးအကြိမ်အဖြစ် ရန်ကုန်မြို့ပတ်ရထားလမ်းပိုင်းတွင် ပြေးဆွဲနေသည့် ရထားများ၌ အမျိုးသမီး စက်ခေါင်းမောင်းသူများကို တာဝန်ပေးရန် မြန်မာ့မီးရထား၊ သွားလာပို့ဆောင်ရေးဌာနက စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စာမျက်နှာ ၅ ကော်လံ ၁ သို့ ❍

## မိုးတိမ်တောင်ဖြစ်ပေါ်မှု အခြေအနေ

နေပြည်တော် အောက်တိုဘာ ၅

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်သဖြင့် ကြိုတင်သတိပြုနိုင်ရန် အကြံပြုအပ်ပါသည်။ မိုး/ဇလ



# လူသားအချင်းချင်းစာနာထောက်ထား ဒုက္ခရောက်နိုင်ငံသားများကိုဖေးမကူ

နိုင်ငံတော်အစိုးရသည် ပြည်တွင်း၌ ဒုက္ခဆင်းရဲကြုံတွေ့နေရသော နိုင်ငံသားများသာမက ပြည်ပတွင်ရောက်ရှိနေသော မြန်မာနိုင်ငံသားများကိုပါ မည်သို့သော အခြေအနေရှိသည်ဖြစ်စေ ဒုက္ခအခက်အခဲများ ကြုံတွေ့လာပါက လူသားအချင်းချင်းစာနာထောက်ထားသောအားဖြင့်လည်းကောင်း၊ အမိနိုင်ငံသားများအပေါ် သားသမီးကဲ့သို့ ရင်ဝယ်ထားပြီး အလေးအနက်တန်ဖိုးထား၍လည်းကောင်း ကူညီကယ်တင်စောင့်ရှောက်မှုများပေးလျက်ရှိသည်ကို ဝမ်းမြောက်ဖွယ် မြင်တွေ့နေရပါသည်။

ပြည်တွင်း၌ အကြောင်းအမျိုးမျိုးဖြင့် ဒုက္ခဆင်းရဲ အခက်အခဲအမျိုးမျိုးကြုံတွေ့နေရသော မြန်မာနိုင်ငံသားများအား ဖေးမကူညီ ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ ပြည်ပနိုင်ငံများရှိ မြန်မာသံရုံး၊ ကောင်စစ်ဝန်ချုပ်ရုံးများမှတစ်ဆင့် ပြည်ပနိုင်ငံများတွင် အကြောင်းအမျိုးမျိုးဖြင့် ဒုက္ခအခက်အခဲကြုံတွေ့နေရသူ မြန်မာနိုင်ငံသားများအား ကူညီကယ်ဆယ်ရေးနှင့် အမိမြန်မာနိုင်ငံသို့ပြန်လည်ခေါ်ဆောင်ရေးအတွက် လိုအပ်သည့် ကူညီဆောင်ရွက်မှုများကို သက်ဆိုင်ရာနိုင်ငံများနှင့်ချိတ်ဆက်၍ စဉ်ဆက်မပြတ် အလေးထားဆောင်ရွက်ပေးနေသည်ကို တွေ့ရသည်။

ပြီးခဲ့သည့်ရက်ပိုင်းက မလေးရှားနိုင်ငံ၌ တရားမဝင်နေထိုင်မှုများနှင့် အခြားသော လူဝင်မှုကြီးကြပ်ရေးဆိုင်ရာစည်းကမ်းချက်များ ချိုးဖောက်ခဲ့သည့်အတွက် ပြစ်ဒဏ်များကျခံပြီးနောက် လူဝင်မှုကြီးကြပ်ရေး ထိန်းသိမ်းရေးစခန်းများတွင် ထိန်းသိမ်းခံထားရပြီး မြန်မာနိုင်ငံသို့ပြန်ရန် အခက်အခဲကြုံတွေ့နေသည့် မြန်မာနိုင်ငံသား ၁၄၇၆ ဦးကို တပ်မတော်(ရေ)မှ စစ်ရေယာဉ်(မုတ္တမ)၊ ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)၊ စစ်ရေယာဉ်(ဆင်ဖြူရှင်)တို့ဖြင့် စက်တင်ဘာလ ၂၄ ရက်နေ့တွင် ရန်ကုန်မြို့မှထွက်ခွာ၍ သွားရောက်ခေါ်ဆောင်ခဲ့သည်။ အဆိုပါစစ်ရေယာဉ်များသည် မလေးရှားနိုင်ငံဆိပ်ကမ်းသို့ စက်တင်ဘာလ ၂၈ ရက်နေ့တွင် ရောက်ရှိခဲ့ပြီး မြန်မာနိုင်ငံသားများအား စနစ်တကျ လွှဲပြောင်းလက်ခံပြီးနောက် ပြန်လည်ခေါ်ဆောင်ခဲ့ရာ မြန်မာနိုင်ငံသို့ အောက်တိုဘာလ ၄ ရက်နေ့တွင် အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိခဲ့သည်။

သွားရောက်ခေါ်ဆောင်စဉ်အတွင်း စစ်ရေယာဉ်များမှ တာဝန်ရှိသူများက မြန်မာနိုင်ငံသားများကို နွေးထွေးစွာကြိုဆိုလက်ခံပြီး စစ်ရေယာဉ်များပေါ်တွင် စနစ်တကျနေရာချထားပေးခြင်း၊ လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခြင်း၊ နေ့စဉ် စားသောက်ဖွယ်ရာများ ချက်ပြုတ်ကျွေးမွေးခြင်း၊ စိတ်အပန်းဖြေစရာဖျော်ဖြေမှုများ ပြုလုပ်ပေးခြင်း၊ ကိုယ်လက်ကြံ့ခိုင်ရေးအတွက် စုပေါင်းလေ့ကျင့်ခန်းများ ပြုလုပ်ပေးခြင်း၊ လိုအပ်သည့် အဝတ်အထည်နှင့် တစ်ကိုယ်ရေသုံးပစ္စည်းများ ထောက်ပံ့ပေးခြင်း စသည်တို့ကို စစ်ရေယာဉ်များပေါ်တွင် တာဝန်ထမ်းဆောင်နေကြသည့် တပ်မတော်သားများ၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများက ကူညီဆောင်ရွက်ပေးခဲ့ကြသည်။

အဆိုပါစစ်ရေယာဉ်များ အမိမြန်မာပြည် မြန်မာရေပိုင်နက်အတွင်းသို့ စတင်ချင်းနင်းဝင်ရောက်ချိန်၌ မိခင်နိုင်ငံ၏ အရိပ်အာဝါသနှင့် ကာလအတန်ကြာဝေးကွာနေသော မြန်မာနိုင်ငံသားများအနေဖြင့် နိုင်ငံတော်အကြီးအကဲ၏ မိဘအရင်းသဖွယ် မောင်နှမရင်းချာ လှိုက်လှဲနွေးထွေးစွာကြိုဆိုကြောင်း သတင်းစကားပါးမှုအပေါ် ဝမ်းမြောက်ဝမ်းသာ လက်ခုပ်တီး၍ ပျော်ရွှင်ချမ်းမြေ့မှုဖြစ်ခဲ့ကြသည်။ မြန်မာနိုင်ငံသားများအား အမိမြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ရေး စီမံဆောင်ရွက်ပေးခဲ့သည့် နိုင်ငံတော်အကြီးအကဲ၏ ကြီးမားသောမေတ္တာတရားနှင့် စေတနာအပြည့်အဝထားရှိမှုများ ပေါင်းစပ်သည့် တပ်မတော်သားများနှင့် အဘက်ဘက်မှ ကူညီဆောင်ရွက်ပေးခဲ့ကြသော တာဝန်ရှိသူများအားလုံးကို မြန်မာနိုင်ငံသားများနှင့် ၎င်းတို့၏မိသားစုများက ကျေးဇူးတင်လျက်ရှိသည်။

လက်ရှိအချိန်တွင် နိုင်ငံတော်အား အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် နိုင်ငံသူ နိုင်ငံသားများအားလုံး ဘေးကင်းလုံခြုံစွာဖြင့် နေထိုင်လုပ်ကိုင်နိုင်ရေးအတွက် နိုင်ငံတော်အစိုးရက လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိသည်။ မြန်မာနိုင်ငံသားများအနေဖြင့်လည်း နိုင်ငံတော်အစိုးရ၏ စေတနာအမှန်ကို သိရှိနားလည်ကြကာ ပြည်တွင်း၌ စိုက်ပျိုးရေး၊ မွေးမြူရေး၊ အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်းများနှင့် သက်ဆိုင်ရာလုပ်ငန်းအသီးသီးတွင် မိမိတို့တတ်စွမ်းသမျှ အစွမ်းကုန်ကြိုးပမ်းလုပ်ဆောင်ကြခြင်းဖြင့် နိုင်ငံတော်၏ ကုန်ထုတ်စွမ်းအားများကို အစွမ်းကုန်မြှင့်တင်နိုင်ပြီး ဂုဏ်သိက္ခာရှိ၍ စိတ်ချလုံခြုံသည့် လူနေမှုဘဝများကို ရရှိပိုင်ဆိုင်နိုင်မည်ဖြစ်သည်။

သို့ဖြစ်ရာ ပြည်ပနိုင်ငံများသို့ သွားရောက်အလုပ်လုပ်ကိုင်ကြသည့် မြန်မာနိုင်ငံသားများအနေဖြင့် လူကုန်ကူးပွဲစားများ၏ မက်လုံးပေးဆွဲဆောင်မှုကို အယုံမလွယ်ကြရန်၊ နယ်စပ်ဒေသများမှတစ်ဆင့် ပြည်ပသို့ တရားမဝင်ထွက်ခွာခြင်းများမပြုလုပ်ကြရန်၊ လူကုန်ကူးခံရမှုမရှိစေရေး သတိပြုဆင်ခြင်ကြရန် လိုအပ်မည်ဖြစ်ပြီး အကယ်၍ ပြည်ပနိုင်ငံများတွင် အခက်အခဲအမျိုးမျိုးကြုံတွေ့လာရပါက မြန်မာသံရုံးများနှင့် ကောင်စစ်ဝန်ချုပ်ရုံးများသို့ ဆက်သွယ်သတင်းပို့နိုင်ကြောင်းနှင့် မြန်မာနိုင်ငံသို့ အေးချမ်းလုံခြုံစွာဖြင့် ပြန်လည်လာရောက်နိုင်ရေးတို့ကို မြန်မာနိုင်ငံအစိုးရက သက်ဆိုင်ရာနိုင်ငံများနှင့် ပေါင်းစပ်ညှိနှိုင်း ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း။ ။

## ၂၀၂၄ ခုနှစ်၊ (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဦးတည်ချက်များ

(က) အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ခ) အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်စေရန်နှင့် မျိုးဆက်သစ်လူငယ်များကြားတွင် ရိုးရာယဉ်ကျေးမှုကို ချစ်မြတ်နိုးသည့် အမျိုးသားရေးစိတ်ဓာတ် ပိုမိုထွန်းကားပြန့်ပွားစေရေး၊

(ဂ) မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာရပ်များ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရန် ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ရေး၊

(ဃ) နိုင်ငံတော်တည်ဆောက်ရေးကဏ္ဍတွင် ယဉ်ကျေးမှုအနုပညာစွမ်းအားဖြင့် တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

## အင်အား အနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှား

နေပြည်တော် အောက်တိုဘာ ၅

ယနေ့ညနေ ၅ နာရီ ၁၉ မိနစ် ၂၆ စက္ကန့်တွင် ဟားခါးမြေငလျင်စခန်းမှ အရှေ့တောင်ဘက် ၆၄ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (ထီးလင်းမြို့၏ မြောက်-အရှေ့မြောက်ဘက် ၁၂ မိုင်ခန့်အကွာ)၊ မြောက်လတ္တီတွဒ် ၂၁ ဒသမ ၈၅ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒသမ ၁၅ ဒီဂရီ၊ အနက် ၁၀၀ ကီလိုမီတာကိုဗဟိုပြု၍ ပမာဏ ၃.၅ (M) အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။ မိုး/ဇလ

## (၅-၁၀-၂၀၂၄) ရက်နေ့ရှိ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၆၂.၅ ~ ၃၆၆၉ | ၅၅၇ ~ ၅၅၇.၉ | ၁၂၅.၅ ~ ၁၂၅.၇ | ၄၃.၆၀ |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ | ၉,၃၀၂,၉၅၆.၁၄ | ၇,၆၉၄,၄၅၃.၂၀ | ၃၁,၅၈၄,၆၆၇.၆၀ | |

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

## ၅ - ၁၀ - ၂၀၂၄ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** ငွေကျပ် ၇၁၀၀၀၀၀ ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၅ - ၁၀ - ၂၀၂၄

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၉,၀၀၀ | ၁၉,၀၀၀ | ၁၄၉ | ၂,၇၆၁,၀၀၀ |
| MTSH | ၈,၇၀၀ | ၈,၆၀၀ | ၉၀၃ | ၇,၇၆၆,၁၀၀ |
| MCB | ၁၂,၅၀၀ | ၁၂,၅၀၀ | ၄၀ | ၅၀၀,၀၀၀ |
| FPB | ၆,၈၀၀ | ၆,၈၀၀ | ၂၉၅ | ၂,၀၀၆,၀၀၀ |
| TMH | ၃,၃၀၀ | ၃,၃၀၀ | ၂ | ၆,၆၀၀ |
| EFR | ၁,၇၀၀ | ၁,၇၀၀ | ၂,၆၂၈ | ၄,၄၆၈,၉၅၀ |
| AMATA | ၄,၅၀၀ | ၄,၅၀၀ | ၃၀ | ၁၃၅,၀၀၀ |
| MAEX | ၆,၃၀၀ | ၆,၃၀၀ | ၁,၄၀၂ | ၈,၈၃၂,၆၀၀ |
| MADPL(PLB) | ၆,၄၀၀ | ၆,၄၀၀ | ၁၅၀ | ၉၆၀,၀၀၀ |
| ASPGB(PLB) | ၆,၀၀၀ | ၅,၈၀၀ | ၅,၂၁၆ | ၃၀,၅၅၈,၈၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဝင်းနိုင်
စာတည်းမှူး - အေဝမ်းစိုး
စာတည်းများ - စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဦး၊ နိုင်လင်းကြည်
ဘာသာပြန် - အောင်ကျော်ကျော်၊ စိုးသူရ
အကြီးတန်း သတင်းထောက်များ - ခင်မို့မို့အောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန်
အငယ်တန်း သတင်းထောက်များ - အောင်ကျော်ဦး၊ သန်းတင်အောင် ခင်သက်မွန်၊ မြသီတာ
သုတေသန - ဇင်မာဝင့်
စာပြင် - ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - နီလာစိုးနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - စိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

**❖ အယ်လ်နီညိုရာသီဥတုနှင့်ပတ်သက်၍ ကမ္ဘာ့နိုင်ငံများနည်းတူ မိမိတို့နိုင်ငံသည်လည်း ပြင်းထန်ဆိုးရွားသည့် အပူဒဏ်လွှမ်းကဲမှုကို ရင်ဆိုင်ကြုံတွေ့လာနိုင်သည်ဟု သုံးသပ်မှုများရှိနေ**

**❖ မကြာမီ မိမိတို့နိုင်ငံ၌ ဆောင်းရာသီသို့ ရောက်ရှိတော့မည်ဖြစ်သော်လည်း အယ်လ်နီညိုကြောင့် ပူပြင်းခြောက်သွေ့မှုများ၊ မြေအောက်ရေ ခန်းခြောက်မှုများ ကြုံတွေ့ရနိုင်၊ လက်ရှိအချိန်၌ပင် အချို့သောမြို့နယ်များ၌ ပုံမှန်ထက် အပူချိန်ပိုမိုမြင့်မားနေမှုများကို တွေ့မြင်ရ**

**❖ မည်သို့ပင်ဖြစ်စေ မိမိတို့အနေဖြင့် ကြုံတွေ့လာနိုင်သည့် ရာသီဥတုဆိုးရွားမှုနှင့်ပတ်သက်၍ လိုအပ်သည့် ကြိုတင်ပြင်ဆင်မှုများကို အလေးထားဆောင်ရွက်သွားကြရန်လို**

**❍ ဖွံ့ဖြိုးဆဲ မိမိတို့နိုင်ငံအနေဖြင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေးအရ အားကောင်းလာစေရေး ဆောင်ရွက်သွားရန်မှာ အဓိကအရေးကြီး၊ အစိုးရတစ်ရပ်အနေဖြင့် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် မလွဲမသွေ ဆောင်ရွက်နိုင်ရမည်**

**❍ မိမိတို့အစိုးရအနေဖြင့် နိုင်ငံတော်၏ တာဝန်များကို ထမ်းဆောင်ခဲ့သည်မှာ မကြာမီ ရက်ပိုင်းအတွင်း ခြောက်လပြည့်မြောက်တော့မည်ဖြစ်၊ အစိုးရတစ်ရပ်အနေဖြင့် နိုင်ငံ့စီးပွားပြန်လည်တိုးတက်လာအောင် ဆောင်ရွက်နိုင်မှသာလျှင် ပြည်သူလူထုက အစိုးရအပေါ်ယုံကြည်အားကိုးပြီး အဘက်ဘက်မှ နိုင်ငံဖွံ့ဖြိုးတိုးတက်လာမည်**

❒ **ရှေ့ဖုံးမှ**

အဆိုပါတွေ့ဆုံပွဲသို့ ဒုတိယသမ္မတများဖြစ်ကြသည့် ဦးညိုစောနှင့် ဒေါ်နန်းနီနီအေး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ဒုတိယဝန်ကြီးများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ် ဝန်ကြီးချုပ်များက Video Conferencing ဖြင့် တက်ရောက်ကြသည်။

**နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်**

ဦးစွာ နိုင်ငံတော်သမ္မတက အဖွင့်အမှာစကားပြောကြားရာတွင် ဖွံ့ဖြိုးဆဲ မိမိတို့နိုင်ငံအနေဖြင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေးအရ အားကောင်းလာစေရေး ဆောင်ရွက်သွားရန်မှာ အဓိကအရေးကြီးကြောင်း၊ အစိုးရတစ်ရပ်အနေဖြင့် နိုင်ငံတော်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် မလွဲမသွေ ဆောင်ရွက်နိုင်ရမည်ဖြစ်ကြောင်း၊ မိမိတို့ အစိုးရအနေဖြင့် နိုင်ငံတော်၏ တာဝန်များကို ထမ်းဆောင်ခဲ့သည်မှာ မကြာမီရက်ပိုင်းအတွင်း ခြောက်လ ပြည့်မြောက်တော့မည်ဖြစ်ကြောင်း၊ အစိုးရတစ်ရပ်အနေဖြင့် နိုင်ငံ့စီးပွား ပြန်လည်တိုးတက်လာအောင် ဆောင်ရွက်နိုင်မှသာလျှင် ပြည်သူလူထုက အစိုးရအပေါ် ယုံကြည်အားကိုးပြီး အဘက်ဘက်မှ နိုင်ငံဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံ၏ စီးပွားရေးတိုးတက်မှုနှင့်ပတ်သက်၍ နိုင်ငံ၏ ဂျီဒီပီမှာ ၃ ရာခိုင်နှုန်းခန့် တိုးတက်လာသည်ဟု အချက်အလက်များအရ သိရှိရပြီး ဒေသတွင်းနိုင်ငံများနှင့် နှိုင်းယှဉ်ပါက တိုးတက်မှုနှုန်း နှေးကွေးလျက်ရှိနေသည်ကို တွေ့မြင်ရမည်ဖြစ်ကြောင်း၊ ပြည်တွင်းတည်ငြိမ်အေးချမ်းမှု မရှိခြင်းကြောင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုအားနည်းပြီး နိုင်ငံ၏စီးပွားရေးသည်လည်း ဖွံ့ဖြိုးတိုးတက်မှုနှေးကွေးနေရခြင်းဖြစ်သည်ကို တွေ့ရှိရကြောင်း၊

ထို့ပြင် ကုန်ထုတ်လုပ်ငန်းများတွင် စွမ်းအားပြည့် အလုပ်မလုပ်ကြခြင်းများကြောင့်လည်း စီးပွားရေးအရ အားနည်းခြင်းများကို တွေ့ရကြောင်း၊ ထိုသို့ နိုင်ငံရေးအရ မတည်ငြိမ်မှုများ ဖြစ်ပေါ်ပြီး စီးပွားရေးအရ ပိတ်ဆို့မှုများနှင့်ဘဏ္ဍာရေးအရအကူအညီများ မရရှိခြင်း၊ ထုတ်ကုန်ပစ္စည်းများ နိုင်ငံတကာဈေးကွက် အပြည့်အဝ မရရှိခြင်း၊ ကုန်သွယ်မှုများကျဆင်းခြင်းတို့ကြောင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများအနေဖြင့် စွမ်းအားပြည့်လုပ်ဆောင်နိုင်ရန် အခက်အခဲများ ဖြစ်ပေါ်လျက်ရှိကြောင်း၊ နိုင်ငံရေးအရ မတည်ငြိမ်မှုများနှင့် အဖျက်အမှောင့်လုပ်ရပ်များကြောင့် လုံခြုံရေးထိခိုက်လာကာ ကုန်ထုတ်လုပ်မှု၊ ဝန်ဆောင်မှုနှင့် စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုကို အားနည်းလာစေခြင်းဖြစ်ကြောင်း။

အကြမ်းဖက် လက်နက်ကိုင်များ၏ လုပ်ရပ်များကြောင့် လမ်းတံတားများနှင့် အခြားအခြေခံအဆောက်အအုံများ ပျက်စီးဆုံးရှုံးမှုများကို ပြန်လည်ပြုပြင်တည်ဆောက်ရာတွင် နိုင်ငံတော်မှ ဘဏ္ဍာငွေများ၊ လူ့စွမ်းအားနှင့် အချိန်များကို ထပ်မံအသုံးပြုရခြင်းကြောင့် မူလရည်မှန်းထားသည့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်နိုင်ရန် အခက်အခဲများဖြစ်ပေါ်လျက်ရှိကြောင်း၊ အဆိုပါ အခြေအနေသည် "သမင်မွေးရင်း ကျားစားရင်း" ဖြစ်နေသကဲ့သို့ တည်ဆောက်ခြင်း၊ ဖျက်ဆီးခံရခြင်း၊ ပြန်လည်တည်ဆောက်ခြင်း စသည်ဖြင့် လည်ပတ်နေရသဖြင့် နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအပေါ် များစွာ ထိခိုက်နှောင့်နှေးမှုများ ဖြစ်ပေါ်စေလျက်ရှိကြောင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကိုလည်း အရှိန်အဟုန်ဖြင့်ဆောင်ရွက်နိုင်ရန် အကန့်အသတ်များ ဖြစ်ပေါ်လျက်ရှိကြောင်း။

နိုင်ငံမတည်ငြိမ်မှုများကြောင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အဟန့်အတားအနှောင့်အယှက်ဖြစ်စေခဲ့သည်ကို တွေ့ရကြောင်း၊ ထိုသို့သော အခြေအနေတွင် မိမိတို့အနေဖြင့် မိမိတို့ကြိုးစားလုပ်ကိုင်နိုင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကိုမူ ဆောင်ရွက်၍ရနိုင်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများ ပန်းတိုင်ရည်မှန်းချက်ရရှိရေးနှင့် အထွက်နှုန်းများ တိုးမြှင့်ရရှိအောင် ဆောင်ရွက်ကြရန်လိုကြောင်း၊ အဆိုပါ စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများတွင် ပြည်တွင်း တိုင်းရင်းသားလုပ်ငန်းရှင်များအနေဖြင့် ဝင်ရောက်ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်မည်ဆိုပါက စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများ တိုးတက်လာမည်ဖြစ်ပြီး နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အကူပြုစေနိုင်မည်ဖြစ်ကြောင်း။

နိုင်ငံအတွင်း ကုန်ထုတ်လုပ်ငန်းများ ယခုထက်ပိုမိုတိုးတက်အောင် ဆောင်ရွက်နိုင်ရေးအတွက် လုပ်သားအရင်းအမြစ်များ ရရှိရန်လိုအပ်ကြောင်း၊ ပြည်ပနိုင်ငံများသို့ အကြောင်းအမျိုးမျိုးကြောင့် သွားရောက်အလုပ်လုပ်ကိုင်နေကြမှုများလည်းရှိပြီး ပြည်တွင်း၌ လုပ်သားအင်အား ဆုံးရှုံးမှုများလည်းရှိကြောင်း၊ ထို့ပြင် မိမိတို့နိုင်ငံ၌ ပညာတတ် လူသားအရင်းအမြစ်များ အားနည်းပြီး အများစုမှာ ကိုယ်ကာယပိုင်းကိုအားပြု၍ လုပ်ကိုင်ရသည့် လုပ်ငန်းများတွင်သာ လုပ်ကိုင်ကြရကြောင်း။

ထို့ပြင် နယ်မြေမတည်ငြိမ်မှု ဖြစ်ပေါ်လျက်ရှိသည့် ဒေသများတွင်မြေပေါ်မြေအောက် သယံဇာတပစ္စည်းများကို ကိုယ်ကျိုးစီးပွားအတွက် တရားမဝင်ခိုးယူသုံးစွဲခြင်းများပြုလုပ်၍ ပြည်ပနိုင်ငံသို့ တရားမဝင်လမ်းကြောင်းများမှ တင်ပို့နေကြသဖြင့် နိုင်ငံအတွက် ထိခိုက်ဆုံးရှုံးမှုများစွာဖြစ်ပေါ်လျက်ရှိကြောင်း၊ ထိုသို့ တစ်ဦးချင်း၏ ကိုယ်ကျိုးအတွက် တရားမဝင်သည့် နည်းလမ်းများဖြင့် အလုပ်အကိုင်နှင့် ဝင်ငွေများ ရှာဖွေရရှိနေကြခြင်းကြောင့် တရားဝင် ကုန်ထုတ်လုပ်ငန်းများတွင် ဝင်ရောက်လုပ်ကိုင်မှုများအားနည်းပြီး လက်နက်ကိုင်အဖွဲ့များအနေဖြင့်လည်း အဆိုပါဒေသများတွင် ဆက်လက်တည်မြဲနေခြင်းဖြစ်ကာ ဒေသတည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုကို များစွာထိခိုက်လျက်ရှိနေခြင်းဖြစ်ကြောင်း။

မိမိတို့အနေဖြင့် အနာဂတ်နိုင်ငံတော်ကိုတည်ဆောက်နိုင်ရေးအတွက် ပညာရည်မြှင့်တင်မှုလုပ်ငန်းများကို အစဉ်တစိုက် အားပေးဆောင်ရွက်လျက်ရှိကြောင်း၊ ဒေသတွင်းနိုင်ငံများ၊ အိမ်နီးချင်းနိုင်ငံများနှင့် နှိုင်းယှဉ်ကြည့်မည်ဆိုပါကလည်း မိမိတို့ နိုင်ငံအနေဖြင့် ပညာရေးအရ အားနည်းချက်များစွာ ရှိနေဆဲဖြစ်သည်ကို တွေ့မြင်ရမည်ဖြစ်ကြောင်း၊ နိုင်ငံရေးနှင့် စီးပွားရေးကို ကွဲပြားစွာသိမြင်ကြရန် လိုအပ်ကြောင်း၊ နိုင်ငံ့အရေးနှင့် နိုင်ငံရေးကို ကွဲပြားစွာသိမြင်နိုင်ခြင်းမရှိဘဲ တည်ငြိမ်အေးချမ်းမှု ပျက်ပြားအောင် ဆောင်ရွက်နေမှုများသည် နိုင်ငံ့ဖွံ့ဖြိုးတိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးနေခြင်းပင်ဖြစ်ကြောင်း။

ဆီထွက်သီးနှံနှင့် ပတ်သက်၍ မိမိအနေဖြင့် ပြည်တွင်း၌ ဆီထွက်သီးနှံများ အောင်မြင်စွာဖြစ်ထွန်းပြီး ပန်းတိုင်ရည်မှန်းချက်ပြည့်မီစွာ စိုက်ပျိုးထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားကြရန်၊ ပြည်တွင်းစားသုံးမှုဖူလုံအောင် ထုတ်လုပ်နိုင်ရေး ဆောင်ရွက်သွားကြရန် အမြဲမပြတ် လမ်းညွှန် မှာကြားလျက်ရှိကြောင်း၊ သို့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် မိမိတို့အနေဖြင့် ပြည်တွင်းစားသုံးမှုအတွက်လိုအပ်သည့် စားသုံးဆီများကို ပြည်ပမှ နှစ်စဉ်တင်သွင်းနေရဆဲဖြစ်ကြောင်း၊ သို့ဖြစ်၍ ပြည်တွင်းစားသုံးဆီဖူလုံမှုရရှိရေး ဆီထွက်သီးနှံများ စိုက်ပျိုးဖြစ်ထွန်းသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအနေဖြင့် ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း၊ မိမိတို့အနေဖြင့် ပြည်တွင်းစားသုံးမှုဖူလုံအောင် ထုတ်လုပ်ပြီး ပိုလျှံမည်ဆိုပါက ပြည်ပဈေးကွက်များသို့ တင်ပို့နိုင်မည့် ဈေးကွက်လိုအပ်ချက်များ ရှိပြီးဖြစ်ကြောင်း၊ ဆီထွက်သီးနှံများ အောင်မြင်စွာထွက်ရှိစေရေးအတွက်လည်း လိုအပ်သည့် သွင်းအားစုများဖြစ်သည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ မြေဩဇာ၊ ပိုးသတ်ဆေး၊ စက်မောင်းဆီနှင့် အခြားအခြေခံလိုအပ်ချက်များကို သက်ဆိုင်ရာဝန်ကြီးဌာနနှင့် တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် မိမိတို့တတ်နိုင်သည့်ဘက်မှ ဖြည့်ဆည်းဆောင်ရွက်ပေးသွားကြရန်လိုကြောင်း၊ ဆီထွက်သီးနှံများ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်လာစေရေးအတွက် ရင်းနှီးမြှုပ်နှံမှုများ ပိုမိုတိုးတက်လာအောင် ဒေသအလိုက်တာဝန်ရှိသူများအနေဖြင့် တိုက်တွန်းဆောင်ရွက်ကြစေလိုကြောင်း။

မိမိတို့နိုင်ငံသည် ရော်ဘာထုတ်လုပ်သည့် နိုင်ငံတစ်ခုဖြစ်သဖြင့် ရော်ဘာကိုအခြေခံသည့် မော်တော်ဆိုင်ကယ်နှင့် စက်ဘီးတာယာများ၊ ကျွတ်များကို ပြည်တွင်း၌ ထုတ်လုပ်နိုင်ရန် လိုအပ်သကဲ့သို့ အခြားလူသုံးကုန်ပစ္စည်းများကိုလည်း ထုတ်လုပ်သွားနိုင်ရန်လိုကြောင်း၊ အလားတူ ဝါစိုက်ပျိုးထုတ်လုပ်မှုမှ စက်မှုကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေးနှင့် ပတ်သက်၍လည်း မိမိအနေဖြင့်အမြဲမပြတ်အလေးထားမှာကြားလျက်ရှိကြောင်း၊ ဝါမှ ဝါဂွမ်း၊ ချည်မျှင်၊ ချည်ထည်၊ ပိတ်၊ အထည်အလိပ် စသည်ဖြင့် စဉ်ဆက်မပြတ်သည့် ကုန်ထုတ်လုပ်မှုနှင့် အလုပ်အကိုင်အခွင့်အလမ်းများကို ဖြစ်ပေါ်စေပြီး ဝင်ငွေများ တိုးတက်ရရှိစေနိုင်မည်ဖြစ်သည့်အတွက် အောင်မြင်အောင် ဆောင်ရွက်သွားကြစေလိုကြောင်း။

အလားတူ ကြက်သွန်နီ၊ ကြက်သွန်ဖြူ၊ အာလူး၊ ငရုတ် တို့အပါအဝင် မီးဖိုချောင်သုံး အခြေခံ စားကုန်သီးနှံများသည်လည်း ဒေသတွင်းဈေးကွက်လိုအပ်ချက် မြင့်မားစွာရှိနေသည့်အတွက် အထွက်နှုန်းများ တိုးတက်ရရှိရေး၊ ဈေးကွက်တိုးမြှင့်ရရှိရေး အလေးထား ဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း၊ အသားထုတ်လုပ်မှုနှင့်ပတ်သက်၍လည်း ကြက်၊ ဘဲ၊ ဝက်၊ ဆိတ်၊ နွား၊ ငါးနှင့် ရေထွက်ကုန်များကိုလည်း အထွက်နှုန်းများ တိုးတက်ရရှိအောင် တိုးမြှင့်ဆောင်ရွက်နိုင်မည်ဆိုပါက ပြည်ပဈေးကွက်လိုအပ်ချက် မြင့်မားစွာ ရှိနေသည့်အတွက် နိုင်ငံ့စီးပွားရေး အားကောင်းလာနိုင်မည် ဖြစ်ကြောင်း၊ လိုအပ်နေသည်မှာ မှန်မှန်ကန်ကန်နှင့် ကြိုးကြိုးစားစား အလုပ်လုပ်ကြရန်သာဖြစ်ကြောင်း၊ နိုင်ငံ့စီးပွားရေး တိုးတက်စေရေးအတွက် နည်းလမ်းပေါင်းစုံဖြင့် မည်ကဲ့သို့ ဆောင်ရွက်သွားနိုင်မည်ကို စဉ်ဆက်မပြတ် တွေးခေါ်စီမံဆောင်ရွက်နေရန်လိုကြောင်း။

ရင်းနှီးမြှုပ်နှံမှုနှင့် ပတ်သက်၍ ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံမှုများတွင် ပြည်တွင်းရင်းနှီးမြှုပ်နှံသူများကို ဦးစားပေးဆောင်ရွက်သွားကြရန်လိုသကဲ့သို့ ပြည်ပရင်းနှီးမြှုပ်နှံမှုများကိုလည်း ဖိတ်ခေါ်ဆောင်ရွက်သွားကြရန် လိုကြောင်း၊ ကုန်ဈေးနှုန်းကြီးမြင့်မှုများနှင့် ပတ်သက်၍ ကုန်ထုတ်လုပ်မှု တိုးတက်လာစေရေးနှင့် စားသုံးမှုဖူလုံမှုရှိစေရေး ဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ ထုတ်လုပ်မှုနှင့် စားသုံးမှုမမျှတခြင်း၊ ထုတ်လုပ်မှုကုန်ကျစရိတ်ကြီးမြင့်ခြင်းတို့ကြောင့် ကုန်ဈေးနှုန်းကြီးမြင့်မှုကို ဖြစ်ပေါ်စေခြင်းဖြစ်ကြောင်း၊ နိုင်ငံ့စီးပွားရေး မြှင့်တင်နိုင်ရေးအတွက် အားလုံးက အလေးထား ဆောင်ရွက်သွားကြစေလိုကြောင်း။

ကုန်သွယ်မှုနှင့်ပတ်သက်၍ မိမိတို့နိုင်ငံအနေဖြင့် အရည်အသွေးကောင်းသည့် ဆန်များကို ပြည်ပသို့ တင်ပို့လျက်ရှိပြီး ပို့ကုန်ပမာဏ တိုးမြှင့်ရရှိနိုင်ရေးအတွက် အရည်အသွေးကောင်းမွန်သည့် စပါးမျိုးများစိုက်ပျိုးရန်၊ ဆန်စက်များ အရည်အသွေးမြှင့်တင်ရန်နှင့် ဈေးကွက်ရရှိရန်လိုကြောင်း၊ ဆန်ထုတ်လုပ်မှုနှင့်အတူ ဆန်ကွဲများကို ပြည်ပသို့ တိုက်ရိုက်တင်ပို့ခြင်းများ ဆောင်ရွက်ခြင်းအစား အရည်အသွေးမြင့် ထုတ်ကုန်အဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်သွားမည်ဆိုပါက ဝင်ငွေတိုးတက်ရရှိလာနိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံများအလိုက် ခန့်အပ်ထားသည့် စီးပွားရေးဆိုင်ရာသံမှူးများအနေဖြင့်လည်း မိမိတို့နိုင်ငံမှထွက်ရှိသည့် ထုတ်ကုန်များ ပြည်ပနိုင်ငံများသို့ တင်ပို့နိုင်ရေး ဈေးကွက်ရှာဖွေဆောင်ရွက်နေကြရန်လိုကြောင်း။

**အယ်လ်နီညို ရာသီဥတုကြောင့် ဖြစ်ပေါ်လာနိုင်သည်များအတွက် ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရန်**

အယ်လ်နီညို ရာသီဥတုနှင့် ပတ်သက်၍ ကမ္ဘာ့နိုင်ငံများနည်းတူ မိမိတို့နိုင်ငံသည်လည်း ပြင်းထန်ဆိုးရွားသည့် အပူဒဏ်လွှမ်းကဲမှုကို ရင်ဆိုင်ကြုံတွေ့လာနိုင်သည်ဟု သုံးသပ်မှုများ ရှိနေကြောင်း၊ စာမျက်နှာ ၄ သို့ »»»

# ဘဏ္ဍာရေးကော်မရှင်ဥက္ကဋ္ဌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဘဏ္ဍာရေးကော်မရှင် အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား



ဘဏ္ဍာရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဘဏ္ဍာရေးကော်မရှင် အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် အောက်တိုဘာ ၅**

ဘဏ္ဍာရေးကော်မရှင် အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံးတော် အစည်းအဝေးခန်းမ၌ကျင်းပရာ ဘဏ္ဍာရေးကော်မရှင်ဥက္ကဋ္ဌ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ဘဏ္ဍာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌများ ဖြစ်ကြသည့် ဒုတိယသမ္မတ ဦးညိုစောနှင့် ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး၊ ဘဏ္ဍာရေးကော်မရှင်အတွင်းရေးမှူး ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ သီးခြားဖိတ်ကြားထားသည့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စု စာရင်းစစ်ချုပ် ဒေါ်နိုင်သက်ဦး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ဒုတိယဝန်ကြီးများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက Video Conferencing ဖြင့် တက်ရောက်ကြသည်။

ဦးစွာ ဘဏ္ဍာရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်သမ္မတက အဖွင့်အမှာစကားပြောကြားရာတွင် ယနေ့ကျင်းပသည့် ဘဏ္ဍာရေးကော်မရှင်အစည်းအဝေးသည် ပြည်ထောင်စုနှင့် တိုင်းဒေသကြီး၊ ပြည်နယ်များ၏ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်အတွက် ဖြည့်စွက်ခွင့်ပြုငွေ တောင်းခံမှုများကို ဘဏ္ဍာရေးကော်မရှင်က အတည်ပြုပေးရန်နှင့် ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်းကို အတည်ပြုပြီး ပြည်ထောင်စုလွှတ်တော်သို့ပေးပို့နိုင်ရေး ဆွေးနွေးဆုံးဖြတ်ကြရန်ဖြစ်ကြောင်း။

ဖြည့်စွက်ခွင့်ပြုငွေ ဆိုသည်မှာ သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ်အတွင်း မဖြစ်မနေ ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းများ၊ စီမံကိန်းများအတွက် အသုံးစရိတ်များကို ကျခံသုံးစွဲနိုင်ရန် မူလခွင့်ပြုငွေဖြင့် မလုံလောက်ခြင်း၊ မူလခွင့်ပြုငွေအတွင်း ရန်ပုံငွေလွှဲပြောင်းသုံးစွဲရန်မဖြစ်နိုင်ခြင်း၊ "အထွေထွေပိုလျှံရန်ပုံငွေ" (GRF) မှ လွှဲပြောင်းကျခံ သုံးစွဲရန်မဖြစ်နိုင်ခြင်း စသည့်အခြေအနေများကြောင့်အသားတင် ထပ်မံလိုအပ်လာသည့်ငွေကိုသာ ဖြည့်စွက်ခွင့်ပြုငွေအဖြစ် စိစစ်ခွင့်ပြုခြင်းဖြစ်ကြောင်း။

ထို့ကြောင့် ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်အတွင်း ထပ်မံလိုအပ်လာသည့် ကုန်ထုတ်လုပ်မှုတိုးမြှင့်ရေးနှင့် နိုင်ငံ့စီးပွားမြှင့်တင်ရေး အသုံးစရိတ်များ၊ ပြည်ပအကူအညီ၊ ချေးယူရငွေများနှင့် ဆက်နွှယ်သည့်အသုံးစရိတ်များ၊ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် အမျိုးသားစီမံကိန်းဥပဒေတွင်ပါဝင်ပြီး ရန်ပုံငွေမလုံလောက်သည့် ကိစ္စရပ်များ၊ နိုင်ငံတော်မူဝါဒ၊ လမ်းညွှန်ချက်အရ မဖြစ်မနေဆောင်ရွက်ရမည့် လုပ်ငန်းစီမံကိန်းသစ်များနှင့် လုပ်ငန်းသစ်များအတွက် အသုံးစရိတ်များကို အဓိကထားပြီး ဖြည့်စွက်ခွင့်ပြုငွေ တောင်းခံထားသည်ကို တွေ့ရကြောင်း။

ဖြည့်စွက်ခွင့်ပြုငွေကို ပြည်ထောင်စုလွှတ်တော်က နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေအဖြစ် အတည်ပြုပြဋ္ဌာန်းပြီးမှသာ သုံးစွဲနိုင်မည်ဖြစ်ပြီး ဖြည့်စွက်ခွင့်ပြုငွေ သုံးစွဲနိုင်မည့်ကာလမှာလည်း (၄)လခန့်သာရှိသည့်အတွက် ဘဏ္ဍာရေးနှစ်အတွင်း ပြီးစီးအောင်ဆောင်ရွက်ကြရန် အလေးထားမှာကြားလိုကြောင်း။

နိုင်ငံတော်အနေဖြင့် စိုက်ပျိုးမွေးမြူရေးကို အခြေခံသောနိုင်ငံဖြစ်သည့်အတွက် လယ်ယာထွက်ကုန်မှ တန်ဖိုးမြှင့်ထုတ်ကုန်၊ MSME လုပ်ငန်းများမှ ပြည်တွင်းစားသုံးမှုနှင့် ပြည်ပပို့ကုန်ဈေးကွက်အထိ တန်ဖိုးကွင်းဆက်တစ်လျှောက် ချိတ်ဆက်ပြီး နိုင်ငံ့ထုတ်ကုန်တိုးတက်လာစေရေးအတွက် **"လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်မှုမှသည် နိုင်ငံ့ထုတ်ကုန်တိုးတက်မှုသို့"** အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲကို ပြီးခဲ့သည့်လကကျင်းပခဲ့ကြောင်း၊ အဆိုပါ အလုပ်ရုံဆွေးနွေးပွဲမှ ထွက်ပေါ်လာသည့် အကြံပြုချက်၊ မဟာဗျူဟာလုပ်ငန်းစဉ်များနှင့် လုပ်ငန်းစီမံချက်များကို လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည့်မူဝါဒနှင့် Action Plan များအဖြစ် ပြောင်းလဲပြီး Agro-based Industries ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ကြရမည်လည်းဖြစ်ကြောင်း။

**"နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့"** ဆိုသည့်အတိုင်း စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများ ပန်းတိုင်ရည်မှန်းချက်ပြည့်မီအောင် စိုက်ပျိုးထုတ်လုပ်ပြီး အိမ်နီးချင်းနိုင်ငံများနှင့် ဒေသတွင်းနိုင်ငံများ၏ ဈေးကွက်လိုအပ်ချက်ကိုပြည့်မီအောင် တင်ပို့နိုင်မည်ဆိုပါက နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အကူပြုမည် ဖြစ်ကြောင်း။

ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတစ်နိုင်ငံ တည်ဆောက်ရာတွင် လူသားအရင်းအမြစ်သည် အဓိကအကျဆုံးဖြစ်သည့်အတွက် **"နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့"** ဆိုသည့် ဆောင်ပုဒ်နှင့်အညီ ပညာရေးကဏ္ဍ ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးလျက်ရှိပြီး အခြေခံပညာကဏ္ဍမှာလည်း KG+9 အဆင့်ထိ အားလုံးသင်ယူနိုင်ကြရန် မူဝါဒချမှတ်ဆောင်ရွက်လျက်ရှိကြောင်း။

ပညာရေးကဏ္ဍနှင့်အတူ ကျန်းမာရေးကဏ္ဍ အဆင့်မြှင့်တင်ရေးကိုလည်း ဘက်ပေါင်းစုံမှ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ **"လူ့အသက်ထက် အရေးကြီးတာ ဘာမျှမရှိ"** ဆိုသည့် ခံယူချက်ဖြင့် တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးနှင့် ကျန်းမာရေးအဆင့်မြှင့်တင်ရေး လုပ်ငန်းများကို ထိရောက်သည့်မူဝါဒများ ချမှတ် အကောင်အထည်ဖော်ရမည်ဖြစ်ကြောင်း။

ထို့ကြောင့် နိုင်ငံတော်အနေဖြင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးကို အဘက်ဘက်မှ တွန်းအားပေးဆောင်ရွက်လျက်ရှိသကဲ့သို့ ဘက်စုံပညာရေးကဏ္ဍ မြှင့်တင်ရေးဆိုင်ရာ အသုံးစရိတ်များ၊ တစ်မျိုးသားလုံး သက်ရှည်ကျန်းမာသည့် ကျန်းမာရေးစနစ် ပေါ်ပေါက်လာရေးအတွက် ကျန်းမာရေးကဏ္ဍမြှင့်တင်ရေးဆိုင်ရာ အသုံးစရိတ်များ၊ လျှပ်စစ်နှင့်စွမ်းအင်၊ စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အသုံးစရိတ်များအပါအဝင် အခြားကဏ္ဍများတွင်လည်း အသုံးစရိတ်များကို လိုအပ်ချက်နှင့်အညီ နှစ်စဉ်ခွင့်ပြုပေးလျက်ရှိကြောင်း။

ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် နိုင်ငံတော်က ချမှတ်ဆောင်ရွက်လျက်ရှိသည့် မူဝါဒ၊ ရည်မှန်းချက်များ အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်အတွက် ခွင့်ပြုပေးထားသည့် ရန်ပုံငွေများနှင့် ယခုထပ်မံခွင့်ပြုမည့် ဖြည့်စွက်ခွင့်ပြုငွေများကို အကျိုးရှိထိရောက်စွာဖြင့် အလေအလွင့်မရှိအောင် စိစစ်သုံးစွဲကြရန်လိုကြောင်း။

စာမျက်နှာ ၅ သို့ ✪

**❖ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် နိုင်ငံတော်က ချမှတ်ဆောင်ရွက်လျက်ရှိသည့် မူဝါဒ၊ ရည်မှန်းချက်များ အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်အတွက် ခွင့်ပြုပေးထားသည့်ရန်ပုံငွေများနှင့် ယခုထပ်မံခွင့်ပြုမည့် ဖြည့်စွက်ခွင့်ပြုငွေများကို အကျိုးရှိထိရောက်စွာဖြင့် အလေအလွင့်မရှိအောင် စိစစ်သုံးစွဲကြရန်လို**

---

»»» **စာမျက်နှာ ၃ မှ**

မကြာမီမိမိတို့နိုင်ငံ၌ ဆောင်းရာသီသို့ ရောက်ရှိတော့မည် ဖြစ်သော်လည်း အယ်လ်နီညိုကြောင့် ပူပြင်းခြောက်သွေ့မှုများ၊ မြေအောက်ရေခန်းခြောက်မှုများ ကြုံတွေ့ရနိုင်ကြောင်း၊ လက်ရှိအချိန်၌ပင် အချို့သောမြို့နယ်များ၌ ပုံမှန်ထက် အပူချိန်ပိုမိုမြင့်မားနေမှုများကို တွေ့မြင်ရကြောင်း၊ မည်သို့ပင်ဖြစ်စေ မိမိတို့အနေဖြင့် ကြုံတွေ့လာနိုင်သည့် ရာသီဥတုဆိုးရွားမှုနှင့်ပတ်သက်၍ လိုအပ်သည့် ကြိုတင်ပြင်ဆင်မှုများကို အလေးထားဆောင်ရွက်သွားကြရန်လိုပြီး လာမည့် ၂၀၂၇ ခုနှစ် မိုးရာသီကာလမတိုင်မီအထိ အယ်လ်နီညိုရာသီဥတု ပူပြင်းမှုဒဏ်ကို ကျော်ဖြတ်နိုင်ရေးအတွက် သောက်သုံးရေနှင့် စိုက်ပျိုးရေများ ထိန်းသိမ်းသုံးစွဲခြင်း၊ အပူရှောင်စခန်းများဖွင့်လှစ်ခြင်း၊ ဆည်၊ တာတမံများ၌ ရေများသိုလှောင်စုဆောင်းခြင်း၊ မလိုလားအပ်ဘဲ ရေဆုံးရှုံးမှုမရှိအောင် ထိန်းသိမ်းကြပ်မတ် ဆောင်ရွက်ခြင်း၊ ကြာရှည်စွာအထားခံ စားသောက်၍ ရနိုင်သည့် အသီးအနှံနှင့် စားရေရိက္ခာများကို စုဆောင်းထားရှိခြင်းနှင့် မိုးနှောင်းရာသီ သီးနှံများကို ပန်းတိုင်ရည်မှန်းချက်ရသည်အထိ စိုက်ပျိုးခြင်း၊ မွေးမြူရေးလုပ်ငန်းများကို စဉ်ဆက်မပြတ်ဖြစ်အောင် စီမံဆောင်ရွက်ခြင်းတို့ဖြင့် ပြင်ဆင်ဆောင်ရွက်သွားကြရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတက ဖြည့်စွက်မှာကြားရာတွင် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအနေဖြင့် မိမိတို့နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေး မည်ကဲ့သို့ဆောင်ရွက်သွားနိုင်မည်ကို မိမိတို့ဘဝတစ်လျှောက် ဖတ်မှတ်လေ့လာခဲ့ရသည့် အသိပညာဗဟုသုတများ၊ ဖြတ်သန်းကြုံတွေ့သိရှိခဲ့ရသည့် အသိပညာ၊ အတတ်ပညာများကို အသုံးချ၍ စီမံတွက်ချက်အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ထိုကဲ့သို့ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး စေတနာထား၍ အလေးထား ဆောင်ရွက်သွားမည်ဆိုပါက နိုင်ငံ့စီးပွားရေးသည်လည်း အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်ကြောင်း၊ မိမိတို့ တိုင်းဒေသကြီးနှင့် ပြည်နယ်ဒေသအလိုက် အားသာချက်များ ရှိသည်များကို အသုံးချပြီး ကိုယ်စီရည်မှန်းချက်ပန်းတိုင်များထားရှိ၍ အောင်မြင်အောင် ကြိုးစားဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ❖ နိုင်ငံတော်အနေဖြင့် အဓိကကျသည့် ကဏ္ဍများဖြစ်သည့် ပညာရေး၊ ကျန်းမာရေး၊ လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍနှင့် အားကစားကဏ္ဍတို့တွင် ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေး အလေးထားဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ နိုင်ငံတော်ဘဏ္ဍာငွေများကို နှစ်စဉ်တိုးမြှင့်သုံးစွဲသွားမည်

✪ စာမျက်နှာ ၄ မှ

ဘဏ္ဍာရေးကော်မရှင် အတွင်းရေးမှူး ရှင်းလင်းတင်ပြမည့် ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများ၏ ဖြည့်စွက်ခွင့်ပြုငွေတောင်းခံမှု၊ ထိုသို့ တောင်းခံမှုအပါအဝင် ရငွေ၊ သုံးငွေပြောင်းလဲမှုအရ ပြန်လည်ရေးဆွဲထားသည့် ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်အတွက် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်း၊ ပြည်ထောင်စုမှ တိုင်းဒေသကြီး၊ ပြည်နယ်များကို ထပ်မံထောက်ပံ့ပေးရမည့် ထောက်ပံ့ငွေ၊ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်းတို့အပေါ် ဝိုင်းဝန်းဆွေးနွေးအတည်ပြုပေးကြရန် ပြောကြားလိုကြောင်း ပြောကြားသည်။

ထို့နောက် ဘဏ္ဍာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးညိုစောက ပြည်ထောင်စုအဆင့် ဌာန၊ အဖွဲ့အစည်းများ၏ ၂၀၂၆ - ၂၀၂၇ ဘဏ္ဍာရေးနှစ်အတွက် ဖြည့်စွက်ခွင့်ပြုငွေတောင်းခံမှုများကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဘဏ္ဍာရေးကော်မရှင်သို့ တင်ပြမှုအခြေအနေ၊ ဖြည့်စွက်ခွင့်ပြုငွေများကို စိစစ်ဆောင်ရွက်ခဲ့မှုအခြေအနေ၊ ငွေလုံးငွေရင်း အသုံးစရိတ်အပိုင်းတွင် နိုင်ငံတော်၏ မူဝါဒ၊ လမ်းညွှန်ချက်အရ ယခုဘဏ္ဍာရေးနှစ်အတွင်း မဖြစ်မနေဆောင်ရွက်ရန်လိုအပ်သော လုပ်ငန်းများအတွက် အသုံးစရိတ်များ၊ လွှတ်တော်ကတိကဝတ်ပြုခဲ့သည့် ကိစ္စရပ်များအတွက် အသုံးစရိတ်များ၊ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် အမျိုးသားစီမံကိန်းဥပဒေတွင်ပါဝင်ပြီး ရန်ပုံငွေမလုံလောက်သည့် လုပ်ငန်းများ၊ လက်ရှိဘဏ္ဍာရေးနှစ်အတွင်း အပြီးသတ်ဆောင်ရွက်ရမည့်လုပ်ငန်းများ၊ ထပ်မံရရှိရန်သေချာပြီး ဘဏ္ဍာရေးနှစ်အတွင်း အမှန်တကယ် အကောင်အထည်ဖော်နိုင်မည့် ပြည်ပအကူအညီရငွေ၊ ပြည်ပချေးယူရငွေဖြင့်ဆောင်ရွက်မည့် လုပ်ငန်းများအတွက် အသုံးစရိတ်များကို ဦးစားပေးစိစစ်၍ ခွင့်ပြုပေးခဲ့မှုအခြေအနေ၊ ဖြည့်စွက်ခွင့်ပြုငွေတောင်းခံမှုများမှ ပိုလျှံငွေအပ်နှံမှုများစွာ မရှိစေရန်၊ ဘတ်ဂျက်ခန့်မှန်းမှုအားကောင်းလာစေရန်အတွက် အချို့သော ဖြည့်စွက်ခွင့်ပြုငွေ တောင်းခံမှုများအား မူလခွင့်ပြုငွေအတွင်း ပိုလျှံသောခေါင်းစဉ်များမှ ရန်ပုံငွေလွှဲပြောင်းသုံးစွဲခြင်း၊ အထွေထွေပိုလျှံငွေ(GRF)သို့ အပ်နှံပြီး ပြန်လည်သုံးစွဲခြင်းတို့ကို ဆောင်ရွက်ခဲ့မှုအခြေအနေများနှင့် တိုင်းဒေသကြီးနှင့်ပြည်နယ်များသို့ ထောက်ပံ့ငွေအပါအဝင် ပြည်ထောင်စုအဆင့်ဌာန၊ အဖွဲ့အစည်းများ၏ ၂၀၂၆ - ၂၀၂၇ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ခွင့်ပြုငွေစာရင်းနှင့် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေကြမ်းတို့ကို ဘဏ္ဍာရေးကော်မရှင်က အတည်ပြုထောက်ခံပေးနိုင်ရန် ဆွေးနွေးတင်ပြသည်။

ယင်းနောက် ဘဏ္ဍာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယသမ္မတ ဒေါ်နန်းနီနီအေးက ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ ဖြည့်စွက်ခွင့်ပြုငွေတောင်းခံမှုများကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ စိစစ်ပြီး ပြည်ထောင်စုမှ ထောက်ပံ့ပေးရမည့် ထောက်ပံ့ငွေများနှင့် စပ်လျဉ်း၍ သာမန်အသုံးစရိတ်၊ ငွေလုံးငွေရင်းအသုံးစရိတ်၊ ကြွေးမြီအသုံးစရိတ် ဖြည့်စွက်ခွင့်ပြုငွေတောင်းခံမှုများနှင့် စိစစ်ခွင့်ပြုပေးခဲ့မှု အခြေအနေများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ခွင့်ပြုငွေစာရင်းနှင့် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းအရ ပြည်ထောင်စုမှ ထပ်မံထောက်ပံ့ပေးရမည့် ဘဏ္ဍာငွေများအား ဘဏ္ဍာရေးကော်မရှင်က ဆွေးနွေးအတည်ပြုပေးနိုင်ရန် ဆွေးနွေးတင်ပြသည်။

ဆက်လက်၍ ဘဏ္ဍာရေးဆိုင်ရာ ကော်မရှင်အတွင်းရေးမှူး ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဖြည့်စွက်ခွင့်ပြုငွေ စာရင်းစိစစ်ပြီးစီးမှုအခြေအနေ၊ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ ဖြည့်စွက်ခွင့်ပြုငွေ စိစစ်ပြီးစီးမှုအခြေအနေ၊ ပြည်ထောင်စု၏ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် မူလခန့်မှန်းခြေငွေစာရင်းနှင့် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်း၊ နိုင်ငံပိုင် နိုင်ငံခြားငွေ အခြေအနေနှင့် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်းတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုရှေ့နေချုပ်နှင့် ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သီတာဦးက ပြည်နယ်များ၏၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်အတွက် ဖြည့်စွက်ခွင့်ပြုငွေတောင်းခံမှုနှင့် ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေကြမ်းကိုထောက်ခံမှုအခြေအနေနှင့် ပတ်သက်၍လည်းကောင်း၊ ပြည်ထောင်စု စာရင်းစစ်ချုပ်က ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၏ ဘဏ္ဍာငွေအရအသုံး ခန့်မှန်းခြေငွေစာရင်းများနှင့်စပ်လျဉ်း၍ စစ်ဆေးတွေ့ရှိချက်အရ အနာဂတ်ကာလတွင် ဆောင်ရွက်သင့်သည့် အချက်များကိုလည်းကောင်း အကြံပြုဆွေးနွေးတင်ပြသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက တင်ပြကြသည်။

တင်ပြမှုများနှင့်ပတ်သက်၍ နိုင်ငံတော်သမ္မတက ရငွေအပိုင်းတွင် နိုင်ငံတော်မှ အခွန်အခများ ပိုမိုရရှိစေရေးအတွက် အခွန်ငွေကို တိုးမြှင့်ကောက်ခံခြင်းထက် အမှန်တကယ်ကောက်ခံရရှိရမည့် အခွန်ငွေများကို အပြည့်အဝမှန်မှန်ကန်ကန်ကောက်ခံရရှိနိုင်ရေး သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များမှ စိစစ်ဆောင်ရွက် ကောက်ခံသွားကြရန် လိုကြောင်း၊ သို့မှသာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများအတွက် လိုအပ်သည့်ဘဏ္ဍာငွေများကို အပြည့်အဝရရှိသုံးစွဲနိုင်မည် ဖြစ်ကြောင်း၊ အလားတူ ရငွေများ ပိုမိုတိုးတက်ရရှိစေရေး အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက်၊ မိမိတို့ဒေသအလိုက် ဒေသ၏အားသာချက်များကိုအသုံးချ၍ ကုန်ထုတ်လုပ်ငန်းများ ပိုမိုတိုးတက်ဖွံ့ဖြိုးအောင်လည်း အစွမ်းကုန်ကြိုးပမ်း အကောင်အထည်ဖော်ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ဘဏ္ဍာငွေများ သုံးစွဲရာတွင်လည်း နိုင်ငံတော်အတွက် အမှန်တကယ်အကျိုးရှိသည့် သုံးစွဲမှုများဖြစ်စေရေးနှင့် မကုန်သင့်သည့် နေရာများတွင် အပိုသုံးစွဲမှုမဖြစ်စေရေး စနစ်တကျ စိစစ်သုံးစွဲသွားကြရန်လိုကြောင်း ဖြည့်စွက်ပြောကြားသည်။

ဆက်လက်၍ ဘဏ္ဍာရေးကော်မရှင် ဥက္ကဋ္ဌ နိုင်ငံတော်သမ္မတက နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ယနေ့ဘဏ္ဍာရေးကော်မရှင် အစည်းအဝေးတွင် ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုနှင့် တိုင်းဒေသကြီး၊ ပြည်နယ်များ၏ဖြည့်စွက်ခွင့်ပြုငွေတောင်းခံမှုစာရင်း၊ ပြည်ထောင်စုမှ တိုင်းဒေသကြီးနှင့် ပြည်နယ်များကို ထောက်ပံ့ပေးရမည့်ငွေ၊ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏နောက်ထပ် ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေကြမ်းတို့ကို ဆွေးနွေးအတည်ပြုပြီးဖြစ်ကြောင်း၊ ဆွေးနွေး အတည်ပြုထားသည့်အတိုင်း ဘဏ္ဍာရေးကော်မရှင်၏ ထောက်ခံချက်နှင့်အတူ ပြည်ထောင်စုအစိုးရအဖွဲ့က ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့ရန် ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

နိုင်ငံ့စီးပွား ဖွံ့ဖြိုးတိုးတက်ရေးတွင် အဓိကကျသည့် နိုင်ငံသားများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်စေရေး အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုစီးပွားကဏ္ဍများကို ဟန်ချက်ညီညီ ပေါင်းစပ်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ နိုင်ငံ့စီးပွား မြှင့်တင်ရေးနှင့် ပြည်ပသွင်းကုန် အစားထိုးနိုင်ရေးအတွက် စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်တန်ဖိုးမြှင့်ကုန်ထုတ်လုပ်ငန်း၊ Agro-based Industries များနှင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်အောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးကြရန်မှာကြားလိုကြောင်း။

မြန်မာနိုင်ငံအတွက် လယ်ယာကဏ္ဍသည် စားရေရိက္ခာဖူလုံရေး၊ ပြည်သူများ၏ လူမှုစီးပွားဘဝ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အခြေခံအကျဆုံးကဏ္ဍဖြစ်ကြောင်း၊ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ တန်ဖိုးမြှင့်ထုတ်ကုန်၊ စက်မှုနှင့် ဝန်ဆောင်မှုကဏ္ဍများ ဖွံ့ဖြိုးလာပြီး အလုပ်အကိုင်နှင့် ပြည်သူ့ဝင်ငွေတိုးတက်လာကာ GDP မြင့်မားလာနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် လယ်ယာကဏ္ဍမြှင့်တင်ရေးသည် နိုင်ငံ့စီးပွားတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးတို့အတွက် အရေးကြီးသည့် ပထမခြေလှမ်းဖြစ်ကြောင်း။

နိုင်ငံတစ်နိုင်ငံ၏စီးပွားရေး အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်မှုသည်လည်း အလွန်အရေးကြီးသည့် မောင်းနှင်အားတစ်ခုဖြစ်ကြောင်း၊ **“လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်မှ စီးပွားရေးဖွံ့ဖြိုးမည်”** ဟူသည့် ဆောင်ပုဒ်နှင့်အညီ ပြည်သူများသွားလာမှု ပိုမိုမြန်ဆန်စွာချောမွေ့စေရန်နှင့် ကုန်စည်စီးဆင်းမှု အရှိန်အဟုန်မြှင့်တင်နိုင်ရေးအတွက် ကုန်းလမ်း၊ ရထားလမ်းနှင့် ရေကြောင်းလမ်း၊ လေကြောင်းလမ်း ပို့ဆောင်ရေးလုပ်ငန်းများကို ဟန်ချက်ညီညီ အဆင့်မြှင့်တင်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ထိုကဲ့သို့ဆောင်ရွက်နိုင်ရေး သဘာဝဘေးအန္တရာယ်နှင့် ပဋိပက္ခများကြောင့် ပျက်စီးခဲ့ရသည့် လမ်း၊ တံတား၊ အခြေခံအဆောက်အအုံများကိုလည်း အမြန်ဆုံးပြန်လည်ထူထောင်ပေးလျက်ရှိကြောင်း။

နိုင်ငံတော်အနေဖြင့် အဓိကကျသည့် ကဏ္ဍများဖြစ်သည့် ပညာရေး၊ ကျန်းမာရေး၊ လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍနှင့် အားကစားကဏ္ဍတို့တွင် ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေး အလေးထားဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ နိုင်ငံတော်ဘဏ္ဍာငွေများကို နှစ်စဉ်တိုးမြှင့်သုံးစွဲသွားမည်ဖြစ်ကြောင်း။

ပြည်ထောင်စု ဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များ အနေဖြင့် ဖြည့်စွက်ခွင့်ပြုငွေတင်ပြချိန်တွင် ရငွေတိုးမြှင့် ရရှိသည့်ဌာနများရှိသကဲ့သို့ ရငွေလျော့နည်းသွားသည့် ဌာနများရှိကြောင်း၊ရငွေများကိုလျာထားသည့်အတိုင်း အပြည့်အဝကောက်ခံရရှိရေး ကြိုးပမ်းဆောင်ရွက်သွားကြရန် လိုကြောင်း။

ယခုခွင့်ပြုပေးလိုက်သည့် ဖြည့်စွက်ခွင့်ပြုငွေများအပါအဝင် ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်အတွက် လျာထားခွင့်ပြုပေးခဲ့သည့် အသုံးစရိတ်များနှင့် လုပ်ငန်းများ အကောင်အထည်ဖော်ရာတွင် သတ်မှတ်ကာလအတွင်း အရည်အသွေးပြည့်ဝစွာ အချိန်မီပြီးစီးစေရေး အဆင့်ဆင့်တာဝန်ယူမှု၊ တာဝန်ခံမှု အပြည့်ဖြင့် အလေအလွင့်မရှိအောင် အကောင်အထည်ဖော် ဆောင်ရွက်ကြရန်နှင့် သုံးစွဲမှုများကိုလည်း စနစ်တကျ စာရင်းစစ်ဆေးမှု ခံယူနိုင်ကြရန်လည်း သတိပေးမှာကြားလိုကြောင်း။

ပြည်ထောင်စု ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များ အနေဖြင့် နိုင်ငံတော်က ချမှတ်ထားသည့် မူဝါဒများနှင့်အညီ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုမည့် လုပ်ငန်း အသုံးစရိတ်များကို စနစ်တကျအကျိုးရှိရှိ ထိထိရောက်ရောက် သုံးစွဲကြရန်၊ လုပ်ငန်းကို အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်ကြရန်နှင့် ပိုလျှံငွေ အများအပြား ပြန်လည်အပ်နှံရမှု မဖြစ်စေရေးကို အထူးဂရုပြုဆောင်ရွက်ကြရန် တိုက်တွန်း ပြောကြားလိုကြောင်း ပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

**သတင်းစဉ်**

---

○ **ရန်ကုန်မှ**

လက်ရှိတွင် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်မှ AGTI ဒီပလိုမာ ရရှိထားသူ အမျိုးသမီး ငါးဦးအား ရထားစက်ခေါင်းမောင်းများအဖြစ် လေ့ကျင့်မွေးထုတ်ထားပြီးဖြစ်သည်။

အဆိုပါ အမျိုးသမီးငါးဦးသည် မိတ္ထီလာမြို့ရှိ ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်းတွင် စက်ခေါင်းမောင်းပညာရပ်ကို စာတွေ့၊ လက်တွေ့သင်ယူပြီးမြောက်ခဲ့ကြသူများဖြစ်ပြီး သင်တန်းကာလ ၂၉ပတ်အတွင်း မြေပြင်တွင် တွဲရွှေ့ရထားမောင်းနှင်ခြင်း၊ လမ်းကြည့်လိုက်ပါခြင်း၊ လက်တွေ့စမ်းသပ်မောင်းနှင်ခြင်း၊ မောင်းနှင်ဖြေဆိုခြင်းနှင့် လူတွေ့မေးမြန်းစစ်ဆေးခြင်းများကို ဖြတ်သန်းအောင်မြင်ခဲ့ကြသူများဖြစ်ကာ လက်ရှိတွင် တွဲဖက်စက်ခေါင်းမောင်းအဖြစ် လက်တွေ့ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ အမျိုးသမီး စက်ခေါင်းမောင်းငါးဦးအား လာမည့်ရက်ပိုင်းအတွင်း ရန်ကုန်မြို့ပတ်လမ်းပိုင်း၌ ပြေးဆွဲနေသည့် DEMU နှင့် RBE ရထားများတွင် စက်ခေါင်းမောင်းတာဝန်များ စတင်ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။ **TWA**

## ရန်ကင်းမြို့နယ်အတွင်းရှိ ဂျိုးဖြူပိုက်လိုင်းဘေး ရေမြောင်းရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်



ရန်ကုန် အောက်တိုဘာ ၅

ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ် အမှတ်(၄)ရပ်ကွက်နှင့် အမှတ်(၅)ရပ်ကွက်တို့၏ အဓိကထွက်ပေါက်မြောင်းဖြစ်သည့် ဂျိုးဖြူပိုက်လိုင်းဘေး ရေမြောင်းရေစီးရေလာ ကောင်းမွန်စေရေးနှင့် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်နိုင်ခြေလျော့နည်းစေရေးအတွက် မြောင်းအတွင်း အမှိုက်နှင့် ရေစီးဆင်းမှုကို အဟန့်အတားဖြစ်စေသည့် အနည်အနှစ်များ၊ ရေမြောင်းအတွင်း ပေါက်ရောက်နေသော မြက်ပင်၊ ချုံနွယ်များကို မြို့နယ်စည်ပင်သာယာရေးလုပ်သားများက လုပ်သားအင်အားဖြင့် ယနေ့နံနက်ပိုင်းတွင် စနစ်တကျ ရှင်းလင်းဆောင်ရွက်ခဲ့သည်။

အဆိုပါ ရှင်းလင်းဆောင်ရွက်မှုကို မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူး၏ ကြီးကြပ်မှုဖြင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဝန်ထမ်းများနှင့် လုပ်သားများက ရေမြောင်းအတွင်းသို့ ဝင်ရောက်၍ အမှိုက်များ၊ အနည်အနှစ်များနှင့် ရေစီးဆင်းမှုကို ပိတ်ဆို့စေသည့်အရာများအား ဖယ်ရှားရှင်းလင်းခြင်း၊ ရေစီးကြောင်းများ ပွင့်လင်းစေရန် စစ်ဆေးဆောင်ရွက်ခြင်းတို့ကို ပြုလုပ်ခဲ့ကြောင်း သိရသည်။ **လှလှထွေး(ပြန်/ဆက်)**

# တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၁ ရက်မြောက်နေ့ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၅**

တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၁ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ ၌ကျင်းပရာ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးခင်ရီ၊ ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်းနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။



တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၁ ရက်မြောက်နေ့ကျင်းပစဉ်။

အစည်းအဝေးတွင် Mobile Internet Data အသုံးပြုနိုင်ရေး၊ ဆေးရုံ အဆင့်မြှင့်တင်ပေးနိုင်ရေး၊ ဓာတ်မှန်စက် တပ်ဆင်ပေးရေး၊ ဝန်ထမ်းများခန့်ထားပြီး ဆေးရုံ ပြန်လည် ဖွင့်လှစ်ပေးနိုင်ရေးတို့နှင့်စပ်လျဉ်း၍ မေးခွန်း ၆ ခု မေးမြန်းဖြေကြားခြင်းနှင့် အဆို ၁ ခု ဆွေးနွေး အတည်ပြုခြင်းတို့ကို ဆောင်ရွက်ကြသည်။

ဦးစွာ တောင်တွင်းကြီး မဲဆန္ဒနယ်မှ ဒေါက်တာ ကျော်ဆွေ၏ **တောင်တွင်းကြီးမြို့နယ်၌ Mobile Internet Data အသုံးပြုခွင့်ကို မည်သည့်အချိန်ကာလတွင် မည်သို့အကောင်အထည်ဖော်ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းမေးခွန်း**နှင့် စပ်လျဉ်း၍ ဒီဂျစ်တယ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသက်ဝင်းအောင်က မကွေးတိုင်းဒေသကြီး တောင်တွင်းကြီး မြို့နယ်တွင် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ မိုဘိုင်းစခန်း ၃၃ ခု၊ ATOM မှ မိုဘိုင်းစခန်း ၄၂ ခု၊ U9 မှ မိုဘိုင်းစခန်း ၃၄ ခု၊ Mytel မှ မိုဘိုင်းစခန်း ၄၉ ခု စုစုပေါင်း မိုဘိုင်းစခန်း ၁၅၈ ခု တည်ဆောက်တပ်ဆင်၍ ဖိုင်ဘာဆက်ကြောင်း၊ မိုက်ခရိုဝေ့ဖ်အဝေး ဆက်သွယ်ရေးဆက်ကြောင်းစနစ်များဖြင့် ချိတ်ဆက်၍ ဆက်သွယ်ရေးဝန်ဆောင်မှုများ ရရှိအောင် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

တောင်တွင်းကြီး မြို့နယ်အတွင်း FTTH ဖိုင်ဘာအင်တာနက် ဝန်ဆောင်မှုပေးသော ကုမ္ပဏီ ၅ ခုက မြို့နယ်အတွင်း ရပ်ကွက် ၁၀ ရပ်ကွက်၊ ကျေးရွာ ၂၅ ရွာ၊ အိမ်ခြေ ၆၀၁၂ အိမ်သို့ အင်တာနက်ဝန်ဆောင်မှု ပေးလျက်ရှိပါကြောင်း၊ ဒေသခံပြည်သူများအနေဖြင့် ဌာနဆိုင်ရာလုပ်ငန်းများနှင့် အများပြည်သူလူမှုစီးပွားဘဝ၊ ပညာရေး၊ MSME လုပ်ငန်းများ၊ Digital Payment နှင့် ငွေကြေး ဝန်ဆောင်မှုများ၊ ကျန်းမာရေး၊ လူမှုရေးကိစ္စရပ်များတွင် ဆက်သွယ်မှုအဆင်ပြေစေရန် Global Link ဖိုင်ဘာအင်တာနက်ဝန်ဆောင်မှုလုပ်ငန်း၊ Top Net ဖိုင်ဘာအင်တာနက်ဝန်ဆောင်မှုလုပ်ငန်း၊ MPT ဖိုင်ဘာအင်တာနက် ဝန်ဆောင်မှုလုပ်ငန်း၊ Fiber Life ဖိုင်ဘာအင်တာနက် ဝန်ဆောင်မှုလုပ်ငန်းနှင့် Mytel ဖိုင်ဘာအင်တာနက်ဝန်ဆောင်မှု လုပ်ငန်းတို့မှ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

သို့ဖြစ်ပါ၍ ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအနေဖြင့် မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများမှ FTTH ဖိုင်ဘာအင်တာနက် ဝန်ဆောင်မှုများ ထပ်မံ လိုအပ်ချက်များရှိပါက မြေပြင် ကွင်းဆင်းစစ်ဆေးပြီး ဖြည့်ဆည်းပေးနိုင်ရေး ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း၊ ထို့ပြင် တောင်တွင်းကြီးမြို့နယ်အတွင်း နယ်မြေလုံခြုံရေးအခြေအနေပေးပါက ပျက်စီးသွားသော တာဝါတိုင်များ၊ မိုဘိုင်းစက်ပစ္စည်းများ၊ မီးစက်များအား ပြန်လည်ပြင်ဆင် ဆောင်ရွက်ပေးနိုင်ရေး စီမံဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

မင်းတုန်းမဲဆန္ဒနယ်မှ ဦးစိုးနိုင်၏ **မင်းတုန်းမြို့နယ် ပြည်သူ့ဆေးရုံ၌ တိုးချဲ့ ၂ ထပ်ဆောင်တစ်လုံး ခွင့်ပြုဆောက်လုပ်ပေးနိုင်ပါရန် သိရှိလိုခြင်း မေးခွန်း**နှင့်စပ်လျဉ်း၍ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ အေးထွန်းက မင်းတုန်းမြို့နယ်တွင် (၂၅)ခုတင်ဆံ့ မြို့နယ်ဆေးရုံ ၁ ရုံ၊ မြောက်ပြင်နှင့် ကျောက်တိုင် တိုက်နယ်ဆေးရုံ ၂ ရုံရှိပါကြောင်း၊ တိုက်နယ်ဆေးရုံ ၂ ရုံအနေဖြင့်ဒေသအခြေအနေအရ ဖွင့်လှစ်နိုင်ခြင်းမရှိသည့်အတွက် မြို့နယ်ဆေးရုံတစ်ခုတည်းကိုသာ အားထားနေရသည့် အနေအထားဖြစ်ပါကြောင်း၊ လက်ရှိ မင်းတုန်းမြို့နယ်ဆေးရုံမှာ အတွင်းလူနာ ၁၆/၂၀ ဦးနှင့် ပြင်ပလူနာ ၁၀/၁၅ ဦးတို့အား ကျန်းမာရေးစောင့်ရှောက်မှု ပေးနေပါကြောင်း၊ မင်းတုန်းမြို့နယ် ဆေးရုံကို ၁၉၆၃ ခုနှစ်တွင် ဆောက်လုပ်ခဲ့သည့် အတွက်အဆောက်အအုံအိုဟောင်းခြင်း၊ အခန်းဖွဲ့စည်းပုံများကျဉ်းခြင်းတို့ကြောင့် ကျန်းမာရေးစောင့်ရှောက်မှုပေးရာတွင် အကန့်အသတ်ရှိနေကြောင်း စိစစ်တွေ့ရှိရပါကြောင်း။

ထို့ကြောင့် လက်ရှိအသုံးပြုလျက်ရှိသော ဆေးရုံအဆောက်အအုံအား ပြုပြင်ရန် လိုအပ်သော လုပ်ငန်းများအတွက် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်အတွင်း သာမန်အသုံးစရိတ်ရန်ပုံငွေ အသုံးပြု၍ ပြင်ဆင်ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်းနှင့် တိုးချဲ့ ၂ ထပ်ဆောင်အသစ် ဆောက်လုပ်ရန်အတွက် ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ်တွင် လျာထားဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ဘိုကလေး မဲဆန္ဒနယ်မှ ဦးစန်းမောင်၏ **ဘိုကလေးမြို့နယ် ကဒုံကနိတိုက်နယ် ဆေးရုံရှိ ဓာတ်မှန်စက်မှာ ပျက်စီးနေပါသဖြင့် အစားထိုးတပ်ဆင်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာ အေးထွန်းက ဘိုကလေးမြို့နယ် ကဒုံကနိတိုက်နယ်ဆေးရုံ၌ တပ်ဆင်အသုံးပြုခဲ့သော ဓာတ်မှန်စက် 50MA(Model:F50-100,China) ချွတ်ယွင်းသွားသည့်အတွက် ပြင်ဆင်နိုင်ရေး ဆောင်ရွက်ခဲ့သော်လည်း အဆိုပါ ဓာတ်မှန်စက်သည် Model အဟောင်းဖြစ်နေပါသဖြင့် Spare Parts များရရှိနိုင်ရန် မလွယ်ကူခြင်းကြောင့် ပြင်ဆင်၍မရနိုင်ပါကြောင်း၊ ယင်းဓာတ်မှန်စက်အား အစားထိုးတပ်ဆင်နိုင်ရေးအတွက် 100MA Digital X-Ray အား ပေးပို့ထားခဲ့ရာ ၂၄-၉-၂၀၂၆ နေ့တွင် ကုမ္ပဏီမှ Installation လာရောက် ပြုလုပ်ပေးခဲ့ပြီး ၂၉-၉-၂၀၂၆ ရက်နေ့မှစ၍ စတင်အသုံးပြုနိုင်နေပြီ ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

မိုးကောင်း မဲဆန္ဒနယ်မှ ဦးထွန်းထွန်းအောင်၏ **မိုးကောင်းမြို့နယ် ဆားမှော်တိုက်နယ်ဆေးရုံတွင် ကျန်းမာရေးဝန်ထမ်းများ ပြန်လည်ခန့်ထားပြီး ဆေးရုံ ပြန်လည်ဖွင့်လှစ်နိုင်ရေး အမြန်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီးဒေါက်တာအေးထွန်းက မိုးကောင်းမြို့နယ် ဆားမှော်တိုက်နယ်ဆေးရုံမှ ကျန်းမာရေးဝန်ထမ်းများ တာဝန်မှပျက်ကွက်ခဲ့သဖြင့် ၂၀၂၂ ခုနှစ်တွင် ဆေးရုံပိတ်ထားခဲ့ရာမှ ၂၀၂၄ ခုနှစ်တွင် ပြန်လည် ဖွင့်လှစ်သည့်အခါ မြစ်ကြီးနား ဆေးရုံကြီးမှ လက်ထောက်ဆရာဝန်တစ်ဦးကို ဆားမှော် တိုက်နယ်ဆရာဝန်အဖြစ် တွဲဖက်တာဝန်ထမ်းဆောင်စေခဲ့ပါကြောင်း၊ သို့သော်လည်း ခြိမ်းခြောက်ခံရမှုကြောင့် အဆိုပါဆရာဝန်အား ဆားမှော် တိုက်နယ်ဆေးရုံမှ မိုးကောင်း မြို့နယ်ဆေးရုံသို့ တွဲဖက်ထားခဲ့ရပါကြောင်း၊ ပြန်လည်တာဝန်ချထားရန် ဆောင်ရွက်ရာတွင် ဆရာဝန်အနေဖြင့် စိုးရိမ်ပူပန်မှုရှိနေဆဲ ဖြစ်သည့်အတွက် မြစ်ကြီးနား ပြည်သူ့ဆေးရုံကြီးမှ အခြား လက်ထောက်ဆရာဝန်တစ်ဦးကို အစားထိုး တာဝန်ချထားနိုင်ရေး ကချင်ပြည်နယ်အစိုးရအဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ပါကြောင်း၊ ထိုအချိန်က ဒေသအခြေအနေအရ ဆားမှော်တိုက်နယ်ဆေးရုံသို့ ဆရာဝန်စေလွှတ် တာဝန်ထမ်းဆောင်စေရေးအား ဆိုင်းငံ့ထားခဲ့ပါကြောင်း။

ယခုအခါ ဒေသတည်ငြိမ်အေးချမ်းလာပြီ ဖြစ်သည့်အတွက် ဆရာဝန်တစ်ဦးအား ဆားမှော်တိုက်နယ်ဆေးရုံတွင် ၂ လအတွင်း အမြန်ဆုံး တာဝန်ပေးအပ်နိုင်ရေးအတွက် ပြည်နယ်အစိုးရနှင့် ညှိနှိုင်း ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ညောင်တုန်း မဲဆန္ဒနယ်မှ ဦးအောင်မြသန်း၏ **ညောင်တုန်းမြို့နယ် ခုတင်(၁၀၀) ပြည်သူ့ဆေးရုံရှိ သုံးထပ်ဆောင် ဆောက်လုပ်နေမှုနှင့်ပတ်သက်၍ သိရှိလိုခြင်းမေးခွန်း**နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာ အေးထွန်းက ဧရာဝတီ တိုင်းဒေသကြီး ညောင်တုန်း မြို့နယ် ပြည်သူ့ဆေးရုံတွင် တိုးချဲ့ ၃ ထပ်ဆောင် ဆောက်လုပ်ခြင်း လုပ်ငန်းအား ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်ကာလတွင် ခွင့်ပြုရန်ပုံငွေကျပ် ၄၀၀ ဒသမ ၀၀၀ သန်းဖြင့် ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် တင်ဒါ ခေါ်ယူဆောင်ရွက်ခဲ့ပြီး တင်ဒါအောင်တန်ဖိုး ၆၆၈ ဒသမ ၂၇၉ သန်းဖြင့် တင်ဒါအောင်ကုမ္ပဏီနှင့် ဧရာဝတီတိုင်းဒေသကြီး ကုသရေးဦးစီးဌာနတို့စာချုပ်ချုပ်ဆို ဆောင်ရွက်ခဲ့ကာ စီမံကိန်းတန်ဖိုး၏ ၅၀ ရာခိုင်နှုန်းပြီးစီးမှု ငွေပေးချေခဲ့ပြီး ကုမ္ပဏီမှ စာချုပ်ပါ စည်းကမ်းချက်များ လိုက်နာဆောင်ရွက်မှုမရှိပါသဖြင့် မူလ တင်ဒါအောင် ကုမ္ပဏီနှင့် စာချုပ်ရပ်စဲခြင်းဆိုင်ရာ လုပ်ငန်းစဉ်များအား ဆောင်ရွက်ခဲ့ပြီး ၂၀၂၄ ခုနှစ် ဇွန်လတွင် စာချုပ်ရပ်စဲဆောင်ရွက်ပြီးစီးခဲ့ပါသဖြင့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်တွင် အဆိုပါ အဆောက်အအုံဆက်လက်ဆောင်ရွက်ရန် ဆောက်လုပ်ရေးဝန်ကြီးဌာနသို့ လုပ်ငန်းအပ်နှံဆောင်ရွက်ခဲ့ပါကြောင်း။

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်ကာလ စီမံကိန်းတန်ဖိုးအရ ကျန်ရန်ပုံငွေကျပ် ၃၃၄ ဒသမ ၁၄၀ သန်းနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန အဆောက်အဦအထူးအဖွဲ့(၁၅)မှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်မှစတင်၍ တာဝန်ယူဆောင်ရွက်လျက်ရှိပြီး ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်ကာလတွင် လူနာကုသဆောင် အချောသပ်ဆောင်ရွက်ရန် ငွေကျပ် ၉၉၇ ဒသမ ၀၀၀ သန်းဖြင့် လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ တိုးချဲ့ ၃ ထပ်ဆောင် ပြင်ပဆက်စပ်လုပ်ငန်းများနှင့် ဓာတ်လှေကားတပ်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ရန်ပုံငွေအား ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ် ကာလတွင် လျာထားသွားမည်ပြီး ဆောက်လုပ်ရေးလုပ်ငန်း ဆောင်ရွက်ပြီးချိန် ၂၀၂၈ ခုနှစ်တွင် လူနာများအား ဆေးကုသမှုလုပ်ငန်းများ ဆောင်ရွက်နိုင်မည် ဖြစ်ပါကြောင်း ပြန်လည် ဖြေကြားသည်။

မိုင်းရှူးမဲဆန္ဒနယ်မှ ဦးစိုင်းကံ၏ **မိုင်းရှူးမြို့နယ်ပြည်သူ့ဆေးရုံ၌ ကျန်းမာရေးဝန်ထမ်းများ၊ ရောဂါရှာဖွေစမ်းသပ်သည့် စက်ပစ္စည်းကိရိယာများနှင့် (၂၅)ခုတင်မှ ခုတင် (၅၀) ဆံ့သို့ အဆင့်မြှင့်တင်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာ အေးထွန်းက ရှမ်းပြည်နယ် (တောင်ပိုင်း) မိုင်းရှူးမြို့တွင် (၂၅) ခုတင်ဆံ့ပြည်သူ့ဆေးရုံတစ်ရုံ၊ လွိုင်ဆောင်ထောက် တိုက်နယ်ဆေးရုံနှင့် မိုင်းစံ (မုန်းဆန်း) တိုက်နယ် ဆေးရုံ စုစုပေါင်းဆေးရုံ ၃ ရုံ၊ ကျေးလက်ကျန်းမာရေးဌာန ၂ ခု၊ ကျေးလက်ကျန်းမာရေးဌာနခွဲ ၁၁ ခုတို့ဖြင့် ကျန်းမာရေးစောင့်ရှောက်မှု ပေးလျက်ရှိပါကြောင်း၊ မိုင်းရှူး ပြည်သူ့ဆေးရုံတွင် မြို့နယ် ကုသရေးဦးစီးဌာနမှူး ဒေါက်တာ ကျော်ဇင်ထွန်းနှင့်အတူ အထက်တန်းသူနာပြု ၅ ဦး၊ သူနာပြု ၇ ဦးနှင့် အခြားကျန်းမာရေးဝန်ထမ်း ၇ ဦးတို့က နေ့စဉ် ပျမ်းမျှအတွင်း လူနာ ၁၉ ဦးနှင့် ပြင်ပလူနာ ၂၀ ခန့်အားကျန်းမာရေးစောင့်ရှောက်မှု ပေးလျက်ရှိပါကြောင်း၊ မိုင်းရှူးမြို့နယ် ပြည်သူ့ဆေးရုံ၏ ကျန်းမာရေးစောင့်ရှောက်မှုများ ပိုမိုတိုးတက်စေရေးအတွက် လက်ထောက်ဆရာဝန်တစ်ဦးအား ယခုနှစ် ၂၀၂၆ ခုနှစ်အတွင်း ခန့်ထားပေးမည်ဖြစ်ပါကြောင်း။

မိုင်းရှူးမြို့နယ်ပြည်သူ့ဆေးရုံအတွက် Digital X-Ray( 100 MA) Machine Inverter Type (1) No အား ထောက်ပံ့ပေးထားပြီးဖြစ်ပါကြောင်းနှင့် ဓာတ်ခွဲခန်းအတွက် လိုအပ်သော ခေတ်မီရောဂါရှာဖွေစမ်းသပ်သည့် ဓာတ်ခွဲခန်းသုံးစက်ကိရိယာများကို ယခုနှစ် ဘဏ္ဍာနှစ်အတွင်း ဖြည့်ဆည်းပေးသွားမည်ဖြစ်ပါကြောင်း။

မိုင်းရှူးမြို့နယ်ပြည်သူ့ဆေးရုံအနေဖြင့် ၃ နှစ်ပျမ်းမျှအတွင်း လူနာ ၂၄ ဦးရှိသည့်အတွက် ခွင့်ပြုခုတင်၏ ၉၅ ရာခိုင်နှုန်းရှိနေပါကြောင်း၊ ဆေးရုံများခုတင်အဆင့်မြှင့်တင်ခြင်းနှင့် ပတ်သက်၍ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ဆေးရုံ၏ ၃ နှစ်အတွင်း ကျန်းမာရေးစောင့်ရှောက်ပေးနိုင်မှု အခြေအနေ၊ ဒေသလိုအပ်ချက်ဖြစ်သည့် ဖွံ့ဖြိုးတိုးတက်လာပြီး လူဦးရေများပြားလာခြင်းနှင့် သွားလာရေးခက်ခဲပြီး လူနာသယ်ယူပို့ဆောင်ရေးခက်ခဲခြင်း၊ ကျန်းမာရေးလူ့စွမ်းအား အရင်းအမြစ်အရ တာဝန်ချထားပေးနိုင်မှု အခြေအနေများပေါ်မူတည်၍ ဦးစားပေး ဆောင်ရွက်လျက်ရှိပါကြောင်း။

မိုင်းရှူး ပြည်သူ့ဆေးရုံ၏ ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ပိုမိုကောင်းမွန်

**စာမျက်နှာ ၇ သို့ ✶**

# သီးထပ်စိုက်ပျိုးသည့် တောင်သူများအတွက် စိုက်ပျိုးစရိတ်ချေးငွေ ချဲ့ထွင်ထုတ်ချေးမည့်အစီအစဉ် အသိပေးကြေညာခြင်း

၁။ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်သည် နိုင်ငံတော်အစိုးရ၏ မူဝါဒများနှင့်အညီ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်၊ စိုက်ပျိုးစရိတ်ချေးငွေကို ယခင်နှစ်နှုန်းထားထက် ပျမ်းမျှ နှစ်ဆတိုးမြှင့်၍ မိုး၊ ဆောင်း၊ မိုးကြိုရာသီအလိုက် စိုက်ပျိုးစရိတ်ချေးငွေများကို ထုတ်ချေးပေးလျက်ရှိပါသည်။

၂။ လယ်ယာကဏ္ဍတွင် သီးထပ်စွမ်းအား တိုးမြှင့်လာစေပြီး နိုင်ငံတော်၏ ကုန်ထုတ်လုပ်မှု တိုးတက်စေရန်အတွက် ၂၀၂၆ ခုနှစ်၊ ဆောင်းရာသီ စိုက်ပျိုးစရိတ်ချေးငွေ ထုတ်ချေးချိန်မှစ၍ မြေတစ်မျိုးတည်းတွင် သီးထပ်သီးနှံအဖြစ် စိုက်ပျိုးပါက တိုးမြှင့်ချေးငွေနှုန်းထားအတိုင်း ချေးငွေထပ်မံထုတ်ချေးသွားမည်ဖြစ်ပါသည်။ သီးထပ်စိုက်ပျိုးရေး ချေးငွေထုတ်ချေးရာတွင် စပါး၊ အစေ့ထုတ်ပြောင်း၊ မြေပဲ၊ နှမ်း၊ နေကြာ၊ မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံ၊ ချည်မျှင်ရှည်ဝါနှင့် ချက်ကြံ စသည့် အဓိကသီးနှံ(၁၀)မျိုးကို အဓိကထား၍ ထုတ်ချေးသွားမည်ဖြစ်ပြီး ၂၀၂၆ ခုနှစ်၊ ဆောင်းရာသီ စိုက်ပျိုးစရိတ်ချေးငွေထုတ်ချေးသည့် ၂၀၂၆ ခုနှစ် အောက်တိုဘာလ ဒုတိယပတ်မှ စတင်ထုတ်ချေးသွားမည်ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ ၂၀၂၆ ခုနှစ်၊ ဆောင်းရာသီတွင် သီးထပ်စိုက်ပျိုးမည့် တောင်သူဦးကြီးများအနေဖြင့် သက်ဆိုင်ရာ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ ခရိုင်/မြို့နယ်ဘဏ်ခွဲများနှင့် ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် အသိပေးကြေညာအပ်ပါသည်။

**မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်**
**ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန**

---

✶ **စာမျက်နှာ ၆ မှ**

တိုးတက်လာစေရေး အတွက် ဆရာဝန်/သူနာပြုနှင့် အခြားဝန်ထမ်းများခန့်ထားရေး၊ ဆေးဝါးနှင့် စက်ပစ္စည်းကိရိယာများ ထောက်ပံ့ရေးတို့ကို ဦးစားပေး ဆောင်ရွက် သွားမည်ဖြစ်ပြီး နောင်တွင် ဆေးရုံ၏လုပ်ငန်း ဆောင်ရွက်မှုများ တိုးတက်လာမှုပေါ်မူတည်၍ ခုတင်အဆင့်တိုးမြှင့်ခြင်းကို စဉ်းစားဆောင်ရွက်ပေးသွားနိုင်မည် ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ထို့နောက် လှိုင်သာယာ (အရှေ့ပိုင်း) မဲဆန္ဒနယ်မှ ဦးအေးချမ်း တင်သွင်းသည့် **“မြန်မာနိုင်ငံ ပြည်တွင်းဘဏ်များ အရေအတွက်လျှော့ချပြီး ပိုမိုခိုင်မာ အင်အားကြီးပြီး အရည်အသွေး မြင့်သောဘဏ်များ ပေါ်ပေါက်လာရေးအတွက်နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်း”** အဆိုကို လွှတ်တော် ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

**သာပေါင်း မဲဆန္ဒနယ်မှ** ဦးမောင်မောင်စိုးက နိုင်ငံတကာ အဆင့်မီ ဘဏ်ကြီးများ ပေါ်ပေါက်လာခြင်းဖြင့် နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း၊ ပြည်သူများ ယုံကြည်စိတ်ချစွာ စုဆောင်းအပ်နှံထားသည့် ဘဏ်များတွင် ငွေကြေးအရင်းအမြစ်များ တိုးပွားလာပါက MSME လုပ်ငန်းများ၊ စက်မှုနှင့် မွေးမြူရေးလုပ်ငန်းများ၊ အခြား စီးပွားရေးလုပ်ငန်းများ အပြင် အခြေခံအဆောက်အအုံများ ဆောက်လုပ်ခြင်းအားဖြင့် ကုန်ထုတ်လုပ်မှု လုပ်ငန်းများ တိုးတက်လာမည် ဖြစ်ပါကြောင်း၊ ကုန်ထုတ်လုပ်မှု တိုးတက်လာသည်နှင့်အမျှ အလုပ်အကိုင်အခွင့်အလမ်းများပိုမိုပေါ်ပေါက်လာကာ ပြည်သူများ၏ ဝင်ငွေတိုးတက်လာမည်ဖြစ်ပါကြောင်း၊ ထို့ပြင် နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာငွေများ တိုးပွားရရှိလာနိုင်သဖြင့် နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုနိုင်မည် ဖြစ်ကြောင်း၊ ထို့ကြောင့် အရည်အသွေးပြည့်မီပြီး နိုင်ငံတကာအဆင့်မီဘဏ်များ ပေါ်ပေါက်လာခြင်းမှတစ်ဆင့် နိုင်ငံ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်သည့်အတွက် အဆိုကို ထောက်ခံပါကြောင်း ဆွေးနွေးသည်။

**ဝန်းသို မဲဆန္ဒနယ်မှ** ဦးစိုးပိုင်က ဘဏ်လုပ်ငန်းကဏ္ဍသည် နိုင်ငံတစ်နိုင်ငံ၏ ငွေကြေးစီးဆင်းမှု၊ စီးပွားရေးလုပ်ငန်းများ၏ ငွေကြေးလိုအပ်ချက်များ၊ ပြည်သူများ၏ စုဆောင်းငွေများနှင့် ငွေပေးချေမှုစနစ်များတိုက်ရိုက်ဆက်စပ်နေသော အရေးကြီးသည့် ကဏ္ဍတစ်ရပ်ဖြစ်ပါကြောင်း၊ ဘဏ်လုပ်ငန်းကဏ္ဍတွင် ဘဏ်အရေအတွက်ကို မည်မျှထားရှိရမည်ဆိုသည့် အချက်တစ်ခုကိုသာ ကြည့်ရှုရန်မဟုတ်ဘဲ နိုင်ငံ့ဘဏ်လုပ်ငန်း စနစ်တစ်ခုလုံး၏ တည်ငြိမ်မှု၊ ခိုင်မာမှု၊ ယုံကြည်စိတ်ချရမှု၊ ဝန်ဆောင်မှုအရည်အသွေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအပေါ် အထောက်အကူပြုနိုင်မှုတို့ကို ဘက်စုံစဉ်းစားရန် လိုအပ်ပါကြောင်း။

အဆိုရှင်၏ မြန်မာနိုင်ငံဘဏ်လုပ်ငန်းကဏ္ဍ ပိုမိုခိုင်မာအားကောင်းစေရေး ရည်ရွယ်ချက်ကောင်းကို ပြည်သူ့လွှတ်တော် ဘဏ်များနှင့် ငွေကြေးဆိုင်ရာ ကော်မတီအနေဖြင့် လေးစားအသိအမှတ်ပြုပါကြောင်း၊ သို့သော် ဘဏ်အရေအတွက် လျှော့ချဆောင်ရွက်ခြင်းဖြင့်သာ ဘဏ်လုပ်ငန်းစနစ် ခိုင်မာလာမည် မဟုတ်ပါကြောင်း၊ လက်ရှိကာလတွင် အရေးကြီးဆုံးမှာ ဘဏ်အရေအတွက် လျှော့ချရေးထက် ဘဏ်တစ်ခုချင်း၏ ခိုင်မာမှု၊ ပြည်သူ့ငွေကြေးလုံခြုံမှု၊ ပုံမှန်ငွေထုတ်ငွေလွှဲနှင့် ချေးငွေဝန်ဆောင်မှုများ ပုံမှန်လည်ပတ်နိုင်ရေးတို့ကိုသာ ဦးစားပေး ဆောင်ရွက် ပေးသင့်ပါကြောင်း၊ လက်ရှိအခြေအနေတွင် ဘဏ်အရေအတွက် လျှော့ချပြီး ပေါင်းစည်းပေးရန် မလိုအပ်သေးပါကြောင်းနှင့် ဈေးကွက်ကတောင်းဆိုမှသာ တည်ဆဲဥပဒေများအတိုင်း ဈေးကွက်ယန္တရားအရသာ ပံ့ပိုးဆောင်ရွက်သင့်ပါကြောင်း အကြံပြုဆွေးနွေးသည်။

**တောင်တွင်းကြီး မဲဆန္ဒနယ်မှ** ဒေါက်တာကျော်ဆွေက မြန်မာနိုင်ငံ၏ ဘဏ်လုပ်ငန်းကဏ္ဍကို ပြုပြင်ပြောင်းလဲရာတွင် ခိုင်မာသော အရင်းအနှီး၊ ကောင်းမွန်သော စီမံခန့်ခွဲမှု၊ ထိရောက်သော အန္တရာယ်စီမံခန့်ခွဲမှု၊ ခေတ်မီသောနည်းပညာ၊ လုံခြုံသော ဒီဂျစ်တယ် ငွေပေးချေမှုစနစ်၊ ပြည်သူများအတွက် လုံလောက်သော ဘဏ်ဝန်ဆောင်မှု၊ အသေးစားနှင့် အလတ်စားလုပ်ငန်းများအတွက် လုံလောက်သောချေးငွေတို့ကို တစ်ပြိုင်တည်း အလေးထားဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ၂၀၁၆ ခုနှစ်၊ ငွေရေးကြေးရေး အဖွဲ့အစည်းများဥပဒေ၏ ပုဒ်မ ၄၈ ကလည်း ဘဏ်များပေါင်းစည်းခြင်းကို ဗဟိုဘဏ်၏ ကြိုတင်ခွင့်ပြုချက်ဖြင့် ဆောင်ရွက်နိုင်သည့် ဥပဒေလမ်းကြောင်းကို ဖွင့်ပေးထားပြီးဖြစ်ပါကြောင်း၊ နိုင်ငံတကာ အတွေ့အကြုံများကလည်း ပေါင်းစည်းရေးသည် အရေအတွက် လျှော့ချရန်အတွက်သာ မဟုတ်ဘဲ အရင်းအနှီးခိုင်မာရေး၊ နည်းပညာ ရင်းနှီးမြှုပ်နှံနိုင်ရေး၊ စီမံခန့်ခွဲမှု စွမ်းရည်မြှင့်တင်ရေးနှင့် စီးပွားရေးကို ပိုမိုထိရောက်စွာ ငွေကြေးထောက်ပံ့နိုင်ရေး အတွက် အသုံးချနိုင်ကြောင်း ပြသနေပါကြောင်း။

ထို့ကြောင့် ယခုအဆိုကို အကောင်အထည် ဖော်ရာတွင် “ဘဏ်အနည်းငယ်သာ ကျန်ရှိရေး”ကို ရည်မှန်းချက်မထားဘဲ “အားနည်းသော ဘဏ်များ လျော့နည်းပြီး ခိုင်မာသောဘဏ်များ ပိုမိုများပြားလာရေး၊ ဘဏ်လုပ်ငန်းကဏ္ဍ ပိုမိုလုံခြုံလာရေးနှင့် မြန်မာ့စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ငွေကြေးကို ပိုမိုထိရောက်စွာ ခွဲဝေပေးနိုင်ရေး” ကို အဓိက ရည်မှန်းချက်အဖြစ်ထား၍ အဆင့်ဆင့်၊ စနစ်တကျနှင့် ဥပဒေနှင့်အညီ ဆောင်ရွက်သင့်ပါကြောင်း ဆွေးနွေးသည်။

**ရပ်စောက် မဲဆန္ဒနယ်မှ** ဒေါက်တာပွင့်ဆန်းက ဘဏ်အရေအတွက် လျှော့ချရေးကိစ္စသည် တည်ဆဲ ဥပဒေများဖြစ်သည့် မြန်မာနိုင်ငံ ကုမ္ပဏီများအက်ဥပဒေ၊ အထူးကုမ္ပဏီများအက်ဥပဒေ၊ ငွေရေးကြေးရေး အဖွဲ့အစည်းများဥပဒေ၊ ယှဉ်ပြိုင်မှုဥပဒေတို့တွင် ပါသည့်ပြဋ္ဌာန်းချက်များအတိုင်း အထူးသတိပြုလိုက်နာ ဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊ ပြုပြင်ပြောင်းလဲမှု နည်းလမ်းများ မမှန်ကန်ပါက ဘေးထွက်ဆိုးကျိုးများ အလွန်များနိုင်မည်ဖြစ်ပါကြောင်း၊ ပိုမိုအင်အားကြီးပြီး အရည်အသွေးမြင့်သော ဘဏ်များ ပေါ်ပေါက်ရေးအဆိုကို ထောက်ခံပါကြောင်း၊ အင်အားကြီးပြီး အရည်အသွေး မြင့်မားရေးအပိုင်းတွင် Regional သာမက World Class အထိ တက်လှမ်းနိုင်လျှင် ပိုကောင်းမည်ဖြစ်ပါကြောင်း။

ယခုဆွေးနွေးနေသည့် အဆိုကဲ့သို့ Multidirectional Impact ဖြစ်စေနိုင်သော၊ Sensitive ဖြစ်သော အဆိုမျိုးကို လွှတ်တော်တွင်း ဆွေးနွေး၊ ထောက်ခံ၊ မှတ်တမ်းတင်၊ ကန့်ကွက်အတည်ပြုခြင်းများမပြုလုပ်မီ သက်ဆိုင်ရာ တာဝန်ရှိသူများအားလုံး ပါဝင်သည့် ဖိုရမ်များနှင့် အပြန်အလှန် ဆွေးနွေးပွဲများ ကျယ်ကျယ်ပြန့်ပြန့် ပြုလုပ်ဆွေးနွေးပြီးမှ လွှတ်တော်တွင် ဆုံးဖြတ်အတည်ပြုခြင်း၊ မှတ်တမ်းတင်ခြင်းများ ပြုလုပ်သင့်ပါကြောင်း အကြံပြုဆွေးနွေးသည်။

**ကျွန်းစု မဲဆန္ဒနယ်မှ** ဦးအောင်ကျော်နှင်းက ဘဏ်များ ပေါင်းစည်းခြင်းကြောင့် ကောင်းကျိုးရရှိသွားသည့် နိုင်ငံများရှိသကဲ့သို့ နိုင်ငံစီးပွားရေး ဆိုးဆိုးရွားရွား ထိခိုက်သွားသည့် နိုင်ငံများလည်း ရှိပါကြောင်း၊ လက်ရှိအနေအထားတွင်နိုင်ငံတော်၏ ဘဏ္ဍာရေး၊ ငွေကြေးဈေးကွက်နှင့် ငွေရေးကြေးရေးဘဏ်များ ကဏ္ဍမှာလည်း တည်ငြိမ်မှု ရရှိနေပြီဖြစ်ပါကြောင်း၊ မိမိတို့ ထည့်သွင်းစဉ်းစားရမည်မှာ စနစ်ကြောင့် ဖြစ်နိုင်ခြေရှိသည့် အန္တရာယ်၊ နိုင်ငံ၏ မက္ကရိုစီးပွားရေးအပေါ်တွင် ထိခိုက်နိုင်ခြေနှင့် ဖွဲ့စည်းမှု ပြောင်းလဲခြင်းကြောင့် စိန်ခေါ်မှုများ၊ ဖြစ်နိုင်ခြေများကိုလည်း ထည့်သွင်းတွက်ချက်ရမည်ဖြစ်ပါကြောင်း။

လက်ရှိ ဘဏ်လုပ်ငန်းများသည် တည်ငြိမ်ပြီး ကောင်းမွန်စွာ လည်ပတ်နေပြီ ဖြစ်ပါကြောင်း၊ အဆိုရှင်၏ ရည်ရွယ်ချက်မှာ ကောင်းမွန်ပါကြောင်း၊ ရည်ရွယ်ချက်ကို မူအားဖြင့် သဘောတူပါသော်လည်း လက်ရှိဘဏ္ဍာရေးနှင့် ငွေကြေးဈေးကွက်တည်ငြိမ်နေမှု၊ မိမိနိုင်ငံအတွင်းရှိ အစိုးရပိုင်ဘဏ် (၄) ဘဏ်၊ ပုဂ္ဂလိကဘဏ် (၂၇) ဘဏ်နှင့် နိုင်ငံအနှံ့ ဘဏ်ခွဲပေါင်း ၁၉၀၀ ကျော်အား Banking system အတွက် ကိုက်ညီမှုများရှိနေပါသေးကြောင်း၊ အချိန်အခါနှင့် ကူးပြောင်းမှု နည်းလမ်းလွဲမှားသွားမည်ဆိုလျှင် ပြည်သူများ၏ ဘဏ်စနစ်အပေါ် ယုံကြည်မှုလျော့ပါး ထိခိုက်စေပြီး ပြည်သူများ၏ စိုးရိမ်ပူပန်မှု မြင့်တက်လာနိုင်ပါကြောင်း။

သို့ဖြစ်ပါ၍ အမှန်တကယ် လိုအပ်သည့် အချိန်ကျမှသာ နိုင်ငံတော်အစိုးရ၏ ကူညီထောက်ပံ့မှု၊ ဗဟိုဘဏ်၏ ကြီးကြပ်မှုတို့ဖြင့် ဆက်လက်လုပ်ဆောင် သွားသင့်ပါကြောင်း၊ လက်ရှိတွင်အဆိုအား မှတ်တမ်းအဖြစ်သာ ထားရှိသင့်ပါကြောင်း အကြံပြုဆွေးနွေးသည်။

ယင်းနောက် အဆိုနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးဇော်မြင့်နိုင်က မြန်မာနိုင်ငံတော် ဗဟိုဘဏ်အနေဖြင့် အားကောင်းခိုင်မာသော ဘဏ်များ ပေါ်ပေါက်စေရေး အတွက် ဘဏ်အရေအတွက်ကိုသာ ထိန်းချုပ်ခြင်းမဟုတ်ဘဲ ဘဏ်တစ်ခုချင်းစီ၏ လုံခြုံမှုနှင့် အားကောင်းခိုင်မာမှုကို အဓိကထားခြင်း၊ ဘဏ်များ၏ မတည်ငွေရင်းကောင်းမွန်ခြင်း၊ ရရန်ပိုင်ခွင့် အရည်အသွေးကောင်းမွန်ခြင်း၊ စီမံအုပ်ချုပ်မှုနှင့် ဆုံးရှုံးနိုင်ခြေ စီမံခန့်ခွဲမှုကောင်းမွန်ခြင်း၊ နည်းပညာနှင့် စီမံခန့်ခွဲမှု စွမ်းရည်ကောင်းမွန်ခြင်း တို့အပေါ် အခြေခံ၍ တည်ငြိမ်ခိုင်မာသော ဘဏ်စနစ်တစ်ရပ် ဖြစ်ပေါ်လာစေရန် ကြီးကြပ်ဆောင်ရွက်လျက်ရှိပြီး ပုဂ္ဂလိကဘဏ်များ အနေဖြင့်လည်း မြန်မာနိုင်ငံတော် ဗဟိုဘဏ်က သတ်မှတ်ထားသည့် ငွေရေးကြေးရေး အားကောင်းခိုင်မာမှု အချိုးများ ပြည့်မီလျက်ရှိသည့်အပြင် မြန်မာနိုင်ငံတော် ဗဟိုဘဏ်အနေဖြင့် မြန်မာနိုင်ငံဘဏ်များအသင်းနှင့် ပုဂ္ဂလိကဘဏ်များနှင့်လည်း ဆွေးနွေးမှုများ ပြုလုပ်ခဲ့ပြီးဖြစ်ရာ တွေ့ရှိချက်များအရ လက်ရှိတည်ငြိမ်မှုရှိနေသည့် အနေအထားအား ထိခိုက်မှု မရှိစေရေးအတွက် ဘဏ်များ ပေါင်းစည်းခြင်းကို ဆောင်ရွက်ရန် အချိန်အခါမသင့်သေးဟု သုံးသပ်ရရှိပါကြောင်း။

သို့ဖြစ်ရာ ဘဏ်များပေါင်းစည်းခြင်းနှင့်စပ်လျဉ်း၍ တည်ဆဲငွေရေးကြေးရေး အဖွဲ့အစည်းများ ဥပဒေတွင် ဘဏ်များပေါင်းစည်းခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များအား ထည့်သွင်း ပြဋ္ဌာန်းထားပြီးဖြစ်သဖြင့် ငွေရေးကြေးရေးစနစ် တည်ငြိမ်မှုကို ထိန်းသိမ်းနိုင်ရေး အတွက် နိုင်ငံ၏စီးပွားရေးစနစ် ဖွံ့ဖြိုးလာမှု၊ ဘဏ်စနစ်တည်ငြိမ်ပြီး ပိုမိုခိုင်မာလာမှုနှင့် ဘဏ်တစ်ခုချင်းစီ၏ လိုအပ်မှုတို့အပေါ်မူတည်ပြီး ပြည်တွင်းဘဏ်များ လျှော့ချခြင်း သို့မဟုတ် ပေါင်းစည်းခြင်းကို နိုင်ငံတော်၏ မူဝါဒနှင့်အညီသာ ဆောင်ရွက်မည်ဖြစ်ပါ၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ် အနေဖြင့် ဘဏ်လုပ်ငန်းကဏ္ဍတည်ငြိမ်ရေးနှင့် ဘဏ်များ အားကောင်းခိုင်မာစေရေး ဆက်လက်ကြီးကြပ်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်းနှင့် အဆိုအားမှတ်တမ်းတင်သင့်ပါကြောင်း ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက လှိုင်သာယာ (အရှေ့ပိုင်း) မဲဆန္ဒနယ်မှ ဦးအေးချမ်း တင်သွင်းသည့် အဆိုနှင့်စပ်လျဉ်း၍ သင့်လျော်သည့် အချိန်ကာလတစ်ခုရောက်မှသာ စဉ်းစားသင့်ကြောင်း၊ လတ်တလော အခြေအနေတွင် စောင့်ကြည့်သွားမည်ဖြစ်ကြောင်း လွှတ်တော်၏ အဆုံးအဖြတ် ရယူရာ လွှတ်တော်က သဘောတူသည့်အတွက် အဆိုကို မှတ်တမ်းတင်ကြောင်း ကြေညာသည်။

တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၁ ရက်မြောက်နေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး ၁၂ ရက်မြောက်နေ့ကို အောက်တိုဘာ ၆ ရက်တွင် ကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။

**သတင်းအဖွဲ့**

# တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး သတ္တမနေ့ ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၅**

တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး သတ္တမနေ့ကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌဦးအောင်လင်းဒွေးက တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး သတ္တမနေ့သို့ တက်ရောက်ခွင့်ရှိသည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ၂၀၉ ဦးရှိသည့်အနက် ယနေ့ အစည်းအဝေးသို့ ၁၉၉ ဦး တက်ရောက်သဖြင့် ထက်ဝက်ကျော်သည့်အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာကာ အစည်းအဝေး တက်ရောက်မှုအခြေအနေကို လွှတ်တော်၏ အတည်ပြုချက်ရယူ၍ မှတ်တမ်းတင်သည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၆) ဦးကျော်ဝင်းဦး**၏ ၂၀၂၅ ခုနှစ် မန္တလေးငလျင်ကြီးနှင့် ကမ္ဘာ့နိုင်ငံများတွင် ဖြစ်ပွားခဲ့သည့် ငလျင်ဖြစ်စဉ်ကြီးများအပေါ် သင်ခန်းစာယူပြီး မြန်မာနိုင်ငံတွင် အလားတူငလျင်ကြီးများ မတော်တဆ ထပ်မံလှုပ်ခတ်လာပါက အရေးပေါ် ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ရှာဖွေကယ်ဆယ်ရေးအဖွဲ့များ ဖွဲ့စည်းထားရှိမှုနှင့် မန္တလေးငလျင်ကြီးဖြစ်စဉ်တွင် လာရောက်ကူညီဆောင်ရွက်ခဲ့သည့် နိုင်ငံတကာ ရှာဖွေကယ်ဆယ်ရေး အဖွဲ့များနည်းတူ နိုင်ငံတကာအဆင့်မီ ဆက်လက် ဖွဲ့စည်းဆောင်ရွက်ရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်မင်းသူက နိုင်ငံတစ်ဝန်း သဘာဝဘေးအန္တရာယ်များ အပါအဝင် အခြားသော ဘေးအန္တရာယ်များ ဖြစ်ပွားလာပါက ထိရောက်လျင်မြန်စွာ တုံ့ပြန်ဆောင်ရွက်နိုင်ရန်အတွက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဌာနချုပ်(ရန်ကုန်)၊ နေပြည်တော်၊ တိုင်းဒေသကြီး /ပြည်နယ်များတွင် သန္နေနှင့်အရန် မီးသတ်တပ်ဖွဲ့ဝင်အင်အား ၁၁၆ ဦးစီပါဝင်သော တပ်ခွဲ ၁၇ ခွဲ၊ မြို့နယ်/မြို့တစ်ခုလျှင် သန္နေနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင် အင်အား ၃၅ ဦးစီပါဝင်သော တပ်စု ၃၃၃ စု စုစုပေါင်း ရှာဖွေကယ်ဆယ်ရေး တပ်ဖွဲ့ဝင်အင်အား ၁၃၆၂၇ ဦး တို့ကို ဖွဲ့စည်း၍ အသင့်စုဖွဲ့ လေ့ကျင့် ဆောင်ရွက်လျက်ရှိပါကြောင်း။



တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး သတ္တမနေ့ ကျင်းပစဉ်။

အဆိုပါ ရှာဖွေကယ်ဆယ်ရေး အဖွဲ့များထဲမှ သတ်မှတ်ချက်နှင့် ကိုက်ညီသော မီးသတ်တပ်ဖွဲ့ဝင် ၃၀ ကို ရွေးချယ်စုဖွဲ့၍ ပြင်သစ်နိုင်ငံနှင့် စင်ကာပူနိုင်ငံတို့မှ မြို့ပြရှာဖွေကယ်ဆယ်ရေး နည်းပြများဖြင့် ၂၀၁၉ ခုနှစ် အောက်တိုဘာလတွင် လေ့ကျင့်သင်ကြားပေးခဲ့ပါကြောင်း၊ ထို့ပြင် ဌာနတွင်းဖွင့်လှစ်လျက်ရှိသော အဆင့်မြင့်ရှာဖွေကယ်ဆယ်ရေး သင်တန်းများမှ မီးသတ်တပ်ဖွဲ့ဝင်များကိုလည်း စိစစ်ရွေးချယ်၍ မြို့ပြရှာဖွေကယ်ဆယ်ရေး အထူးအဖွဲ့အဖြစ် ဖွဲ့စည်းနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိပါကြောင်း။

ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများအား ဒေသတွင်းအဆင့်မှသည် နိုင်ငံတကာအဆင့်အထိ ပါဝင်ဆောင်ရွက်နိုင်ရေး အပြည်ပြည်ဆိုင်ရာ ရှာဖွေကယ်ဆယ်ရေး အကြံပေးအဖွဲ့ (International Search and Rescue Advisory Group–INSARAG) နှင့်အညီ မြို့ပြကယ်ဆယ်ရေးအဖွဲ့ (USAR Medium Team) ဖွဲ့စည်းနိုင်ရေး ဆောင်ရွက်လျက်ရှိပြီး မန္တလေးငလျင်ကြီး လှုပ်ခတ်မှုဖြစ်စဉ်တွင် နိုင်ငံတကာမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့များနှင့်အတူ ပူးပေါင်း ရှာဖွေကယ်ဆယ် ဆောင်ရွက်ရာ၌ ရရှိခဲ့သည့် အတွေ့အကြုံများအပေါ် သင်ခန်းစာဖော်ထုတ်ချက်များနှင့် လုပ်ငန်းဆောင်ရွက်နိုင်ခဲ့မှုအခြေအနေများအား အစီရင်ခံစာဖြင့် တင်ပြဆောင်ရွက်ခဲ့ရာ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌက မီးသတ်ဦးစီးဌာနတွင် "ရှာဖွေကယ်ဆယ်ရေးအဖွဲ့ (Medium Team) နှစ်ဖွဲ့အား နိုင်ငံတကာအဆင့်မီ ပြင်ဆင်ဖွဲ့စည်းရန်အတွက် လိုအပ်သောပစ္စည်း ၃၄ မျိုးနှင့် ဆရာဝန်၊ ယာဉ် လိုအပ်ချက်များအား တင်ပြသွားရန်"ဟု လမ်းညွှန်မှုပြုခဲ့သည့် အပေါ် တင်ပြဆောင်ရွက်ခဲ့ရာ ခွင့်ပြုချက်ရရှိခဲ့ပြီးဖြစ်ပါကြောင်း။

အထက်ပါ ခွင့်ပြုချက်အရ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဌာနချုပ်(ရန်ကုန်)နှင့် မီးသတ်ဦးစီးဌာန (နေပြည်တော်)တို့တွင် Medium Team အဆင့်ရှိ USAR Team နှစ်ဖွဲ့တို့အား ဖွဲ့စည်းလေ့ကျင့်ခြင်း၊ နိုင်ငံတော်မှ အဆိုပါအဖွဲ့ နှစ်ဖွဲ့အတွက် လိုအပ်သည့် ခေတ်မီ ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းသုံး စက်ပစ္စည်းကိရိယာများနှင့် လုပ်ငန်းသုံးယာဉ်များအား ဝယ်ယူ ဖြည့်တင်းပေးခြင်း၊ ဆရာဝန်၊ သူနာပြု စုစုပေါင်း ရှစ်ဦးတို့အား ခန့်ထားပေးခြင်း၊ ရှာဖွေရေးခွေး(Canine) ကိုးကောင်အားမွေးမြူပြီး အခြေခံအမိန့်နာခံမှုနှင့် ရှာဖွေရေးနည်းစနစ်သင်တန်းသို့ တက်ရောက်စေ၍ လေ့ကျင့်သင်ကြားပေးခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့ပြီး ဖြစ်ပါကြောင်း။

အဆိုပါ ရှာဖွေကယ်ဆယ်ရေး အဖွဲ့အား အပြည်ပြည်ဆိုင်ရာ ရှာဖွေကယ်ဆယ်ရေး အကြံပေး အဖွဲ့၏ အသိအမှတ်ပြုအဖွဲ့အဖြစ် ဖွဲ့စည်းအစစ်ဆေးခံခြင်း လုပ်ငန်းစဉ်များအား ဆက်လက်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ရှေ့ဆက်လက် ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များအနေဖြင့် နှစ်နှစ်အတွင်း IEC အောင်မြင်စွာ အစစ်ဆေးခံနိုင်ရေး အတွက် လိုအပ်သော ပြိုကျအဆောက်အအုံ သဏ္ဌာန်တူပုံစံ (Simulator)များ တည်ဆောက်ခြင်း၊ လုပ်ငန်းသုံးပစ္စည်းကိရိယာများ ဝယ်ယူဖြည့်တင်းခြင်း၊တပ်ဖွဲ့ဝင်များ၏ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားတိုးတက်စေရေးအတွက် INSARAG Classified ရရှိပြီးဖြစ်သည့်နိုင်ငံများသို့ လေ့လာသူ (Observer)အဖြစ် သွားရောက်လေ့လာခြင်းနှင့် UCC (USAR Coordination Cell), ICMS (INSARAG Coordination Management System) စသည့် လိုအပ်သော သင်တန်းများအား တက်ရောက်စေခြင်းတို့ဖြင့် ပြင်ဆင်ဆောင်ရွက်ပြီးပါက လာရောက်စစ်ဆေးသူ (Classifier)များ ဖိတ်ကြားခေါ်ယူ၍ ၃၆ နာရီကြာ သဏ္ဌာန်တူဖြစ်စဉ်ဖွင့် လေ့ကျင့်သရုပ်ပြမှု ဆောင်ရွက်ပြီး INSARAG Classified ရရှိရေး အစစ်ဆေးခံနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် မန္တလေးငလျင်ကြီးဖြစ်စဉ်အတွင်း နိုင်ငံတကာ ရှာဖွေကယ်ဆယ်ရေးအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ရမှုမှ ရရှိခဲ့သည့် အတွေ့အကြုံနှင့် သင်ခန်းစာများကို အခြေခံ၍ လေ့ကျင့် ဆောင်ရွက်ထားပြီးဖြစ်သော ရှာဖွေကယ်ဆယ်ရေး စွမ်းရည်များကို နိုင်ငံတကာစံနှုန်းများနှင့်အညီ ပိုမိုမြှင့်တင်ပြီး INSARAG အသိအမှတ်ပြု Medium USAR Team များအဖြစ် အရည်အသွေးပြည့်ဝစွာ ဖွဲ့စည်းနိုင်ရေး၊ လေ့ကျင့်ရေး၊ ပစ္စည်းကိရိယာ ဖြည့်တင်းရေးနှင့် နိုင်ငံတကာ အဆင့်အကဲဖြတ် အသိအမှတ်ပြုခံရရေးတို့ကို အဆင့်ဆင့် ဆောင်ရွက်လျက် ရှိပါကြောင်း ဖြေကြားသည်။

ရန်ကုန်တိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၄) ဦးဇော်ဝင်းသန့်၏ **ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်အပိုင် ရဲစုတောင်ရပ်ကွက် အစိတ်အပိုင်းအား မှော်ဘီမြို့နယ် အပိုင်သို့ ပြောင်းရွှေ့ရမည်ဆိုသည့် ကိစ္စရပ်အား ဆိုင်းငံ့၍ မင်္ဂလာဒုံမြို့နယ် နယ်နိမိတ်အပိုင်အဖြစ် ဆက်လက်ထားရှိနိုင်ရေး ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုခြင်း** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဗိုလ်ချုပ်မင်းသူက မင်္ဂလာဒုံမြို့နယ် ရဲစုတောင်ရပ်ကွက် အစိတ်အပိုင်းသည် မင်္ဂလာဒုံမြို့နယ်နှင့် မှော်ဘီမြို့နယ်တို့အနက် မည်သည့်မြို့နယ်အတွင်း တည်ရှိပါဝင်ကြောင်း နယ်နိမိတ် ပိုင်းခြားသတ်မှတ်နိုင်ရန် သက်ဆိုင်ရာဌာနအသီးသီးရှိ မှတ်တမ်းအထောက်အထားများ စိစစ်ပြုစုခြင်း၊ မြေပြင်ကွင်းဆင်းစစ်ဆေးတိုင်းတာခြင်းနှင့် ပြည်သူလူထုအမြင်သဘောထားစစ်တမ်းရယူခြင်းတို့ ဆောင်ရွက်နိုင်ရန် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့က မင်္ဂလာဒုံခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌအဖွဲ့ခေါင်းဆောင်အဖြစ် ပါဝင်ပြီး စုစုပေါင်းအဖွဲ့ဝင် ရှစ်ဦးပါဝင်သည့် မှတ်တမ်းပြုစု စိစစ်သုံးသပ်ရေးအဖွဲ့အား ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါကြောင်း။

ယင်းစိစစ်သုံးသပ်ရေး အဖွဲ့၏ အစီရင်ခံစာတွင် မင်္ဂလာဒုံမြို့နယ် ထောက်ကြန့်မြို့ ရဲစုတောင်ရပ်ကွက် ကွင်းအမှတ်-၅၂၆(က)၏ အစိတ်အပိုင်းနှင့် ကွင်းအမှတ်-၅၂၅(ခ)၏ အစိတ်အပိုင်းတို့သည် မှော်ဘီမြို့နယ်အပိုင်တွင် တည်ရှိသော်လည်း မင်္ဂလာဒုံမြို့နယ် အုပ်ချုပ်မှုအောက်တွင်သာ အုပ်ချုပ်ရေး၊ နယ်မြေလုံခြုံရေး၊ သန်းခေါင်စာရင်း/မွေးစာရင်းကိစ္စ၊ ဒေသဖွံ့ဖြိုးရေး၊ အခွန်အခပေးဆောင်ခြင်းဆိုင်ရာကိစ္စ၊ ပညာရေး၊ ကျန်းမာရေးဆိုင်ရာ ကိစ္စရပ်နှင့် အခြားသော လူမှုရေးကိစ္စရပ်များ ဆောင်ရွက်လုပ်ကိုင်နေကြသည့်အတွက် အဆိုပါအစိတ်အပိုင်းတွင် နေထိုင်ကြသည့် ပြည်သူများ၏ အုပ်ချုပ်မှုကိစ္စအဝဝကို မင်္ဂလာဒုံမြို့နယ်က စိစစ်ဆောင်ရွက်၍ မြေယာစီမံခန့်ခွဲမှုတွင် မှော်ဘီမြို့နယ်၏ စီမံခန့်ခွဲမှုဖြင့် ဆောင်ရွက်သင့်ကြောင်း တင်ပြထားရှိပါကြောင်း။

သို့ပါ၍ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် ထောက်ကြန့်မြို့ ရဲစုတောင်ရပ်ကွက်၏ အစိတ်အပိုင်းဖြစ်သည့် ကွင်းအမှတ်-၅၂၆(က)၏ အစိတ်အပိုင်းနှင့် ကွင်းအမှတ် -၅၂၅(ခ)၏ အစိတ်အပိုင်းတို့သည် မှော်ဘီမြို့နယ်တွင် တည်ရှိသော်လည်း မင်္ဂလာဒုံမြို့နယ် ထောက်ကြန့်မြို့ ဖွဲ့စည်းစဉ်ကပင် အုပ်ချုပ်ရေး၊ နယ်မြေလုံခြုံရေး၊ သန်းခေါင်စာရင်း/မွေးစာရင်းကိစ္စ၊ ဒေသဖွံ့ဖြိုးရေး၊ အခွန်အခပေးဆောင်ခြင်းဆိုင်ရာကိစ္စ၊ ပညာရေး၊ ကျန်းမာရေးဆိုင်ရာကိစ္စရပ်နှင့် အခြားသော လူမှုရေးကိစ္စရပ်များကို မင်္ဂလာဒုံမြို့နယ် အုပ်ချုပ်မှုအောက်တွင်သာ ဆောင်ရွက်လုပ်ကိုင် နေထိုင်လျက်ရှိသဖြင့် အဆိုပါမြေအစိတ်အပိုင်းတွင် နေထိုင်ကြသော ပြည်သူများ၏အုပ်ချုပ်မှုကိစ္စအဝဝကို မင်္ဂလာဒုံမြို့နယ်က စီမံဆောင်ရွက်၍ မြေယာစီမံခန့်ခွဲမှုများကို မှော်ဘီမြို့နယ်က စီမံခန့်ခွဲဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

မကွေးတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၆) ဦးခင်မောင်သန်း၏ **မကွေးတိုင်းဒေသကြီး သရက်ခရိုင် သရက်မြို့နှင့် အောင်လံခရိုင် အောင်လံမြို့ အကြားတွင် တည်ဆောက်နေသော ဧရာဝတီမြစ်ကူးတံတား (သရက် - အောင်လံ) စီမံကိန်းအားမည်သည့် ဘဏ္ဍာရေးနှစ်တွင် အပြီး တည်ဆောက်ပေးမည်ကို သိရှိလိုခြင်း** မေးခွန်းနှင့် စပ်လျဉ်း၍ ဆောက်လုပ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်က ဧရာဝတီတံတား (သရက် - အောင်လံ) တည်ဆောက်ခြင်းအား ၂၀၁၈-၂၀၁၉(၆လ) ဘဏ္ဍာရေးနှစ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါကြောင်း၊ ယနေ့အထိ တံတားတစ်စင်းလုံးပြီးစီးမှု ရာခိုင်နှုန်းမှာ (၅၅ ရာခိုင်နှုန်း) ဖြစ်ပြီး ပင်မတံတားအပေါ်ထည် လုပ်ငန်းဖြစ်သည့် ၁၄၄ မီတာ သံပေါင် ၁၂ ခန်း တပ်ဆင်ခြင်းနှင့် ကြမ်းခင်းလုပ်ငန်းများ ဆောင်ရွက်ရန် ကျန်ရှိနေပါကြောင်း၊ စုစုပေါင်း သံပေါင် ၁၂ ခန်းအနက် ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် သံပေါင်တပ်ဆင်ခြင်းလုပ်ငန်း ၁၄၄ မီတာ ၅ ခန်းနှင့် ပင်မတံတား ကြိုတင်သွန်းလောင်း ကွန်ကရစ်ကြမ်းခင်း ထုတ်လုပ်ခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း။

၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ်တွင် သံပေါင် တပ်ဆင်ခြင်းလုပ်ငန်း ၁၄၄ မီတာ ၇ ခန်းနှင့် ပင်မတံတား ကြမ်းခင်း လုပ်ငန်းများကို ဆက်လက် ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ ၂၀၂၈-၂၀၂၉ ဘဏ္ဍာရေးနှစ်တွင် တံတားအချောသပ် လုပ်ငန်းများနှင့် တံတားပေါ် AC ကတ္တရာခင်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ပြီး (၁၀၀ ရာခိုင်နှုန်း) ပြီးစီးအောင်ဆောင်ရွက်ရန် လျာထားပါကြောင်း၊ ဧရာဝတီတံတား (သရက်-အောင်လံ) တည်ဆောက်ရေး စီမံကိန်းနှင့် ချဉ်းကပ်လမ်းလုပ်ငန်းများအား ၂၀၂၈-၂၀၂၉ ဘဏ္ဍာရေးနှစ်တွင် ပြီးစီးနိုင်ရေး ဘဏ္ဍာရေးနှစ်အလိုက် ပြည်ထောင်စုရန်ပုံငွေနှင့် တိုင်းဒေသကြီးရန်ပုံငွေများတွင် လျာထားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ပဲခူးတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၈) ဦးသိန်းဇော်၏ **ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် သာယာဝတီမြို့နယ် သုံးဆယ်မြို့ရှိ ပန်းဆွဲ - တောင်ညိုလမ်း၏ ပျက်စီးနေသော လမ်းပိုင်းများကို ကွန်ကရစ်ခင်းပေးရန် အစီအစဉ်ရှိ/မရှိနှင့် အစီအစဉ်ရှိပါက မည်သည့်အချိန်၊ မည်သည့် ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးမျိုးမြင့်က အဆိုပါလမ်းသည် ရန်ကုန်-ပြည်လမ်းပေါ်ရှိ သုံးဆယ်မြို့မှတစ်ဆင့် ပန်းဆွဲရွာ၊ သာယာကုန်းရွာ၊ ကျေးလူးရွာ၊ စည်ပင်ရွာ၊

စာမျက်နှာ ၉ သို့ ✦

✦ စာမျက်နှာ ၈ မှ

တောင်ညိုရွာတို့ကို ဆက်သွယ်ထားသော အရှည် ၆ မိုင် ၇ ဖာလုံ ရှိသည့် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ စီမံခန့်ခွဲသောလမ်း ဖြစ်ပါကြောင်း၊ အဆိုပါလမ်းအား ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် ကျောက်ခင်းလမ်း အရှည် ၁ ဖာလုံအား ကွန်ကရစ်လမ်းအဖြစ်သို့ အဆင့်မြှင့်တင်ခြင်း လုပ်ငန်းနှင့် ကျောက်ခင်းလမ်း အရှည် ၁ ဖာလုံအား ပြုပြင်ခြင်း လုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ်တွင် ပျက်စီးနေသောလမ်းပိုင်းများအား ပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ခြင်း လုပ်ငန်းများကို နှစ်အလိုက်ဦးစားပေးလျာထားသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

မန္တလေးတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၁၂) ဦးကျော်တင့်၏ **မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ် သဲတော-ရိုးစုံ လမ်းမကြီးအား ရာသီမရွေးသွားလာနိုင်သော လမ်းမကြီးအဖြစ် အသုံးပြုနိုင်ရန် ကတ္တရာလမ်း သို့မဟုတ် ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးမျိုးမြင့်က အဆိုပါလမ်းသည် ဝမ်းတွင်းမြို့နယ် သဲတောရွာမှ ကူမဲမြို့နယ်-သာစည်မြို့နယ်ကို ဆက်သွယ်ထားသော ခရိုင်ချင်းဆက်လမ်း အမှတ်(၂)ကို ချိတ်ဆက်ထားသည့် လမ်းအရှည် ၆ မိုင်ရှိသော မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့မှ စီမံခန့်ခွဲသည့်လမ်း ဖြစ်ပါကြောင်း၊ အဆိုပါလမ်းကို ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် မန္တလေးတိုင်းဒေသကြီး ငွေလုံးငွေရင်းရန်ပုံငွေဖြင့် လမ်းအရှည် ၃ ဖာလုံအား ကျောက်လမ်းပြုပြင်ခြင်း လုပ်ငန်းဆောင်ရွက်ရန် ခွင့်ပြုပြီးဖြစ်ပါကြောင်း။

၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ်တွင် လမ်းအရှည် ၄ ဖာလုံအား ကတ္တရာခင်းခြင်း လုပ်ငန်းဆောင်ရွက်ရန် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ရန်ပုံငွေတွင် လျာထားသွားမည် ဖြစ်ပါကြောင်းနှင့် ကျန်ရှိသည့် ကျောက်လမ်းပိုင်းကိုလည်း ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်နိုင်ရန် အတွက် နှစ်အလိုက် လျာထားသွားမည် ဖြစ်ပါကြောင်း ဖြေကြားသည်။

တနင်္သာရီ တိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၉) ဦးဉာဏ်ထွန်း၏ **တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် ကျွန်းစုမြို့နယ် ကံမော်ကျေးရွာအုပ်စု ကံမော်ကျွန်းပတ်ကျေးရွာချင်းဆက်လမ်း (ဝန်ပြေး-အကျော်တောင်) မြေသားလမ်းအရှည် ၂ မိုင်ကို ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပေးရန်နှင့် တောကာ-မော်ခေါင်းတုန်း ကျေးရွာချင်းဆက်လမ်းပေါ်ရှိ (ပေ ၁၀၀ x ၁၂ ပေ x ၁၀ ပေ)ရှိ တံတားဟောင်းကို သံကူကွန်ကရစ်တံတားအဖြစ် ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ်တွင် အဆင့်မြှင့်တင် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးမျိုးမြင့်က အဆိုပါလမ်းပိုင်းသည် ကံမော်-တောကာ-မော်ခေါင်းတုန်းလမ်းတွင် ပါဝင်ပြီး ကံမော်ကျေးရွာ၊ တောကာကျေးရွာနှင့် မော်ခေါင်းတုန်းကျေးရွာတို့သို့ ဆက်သွယ်ဖောက်လုပ်ထားသော လမ်းအရှည် မိုင်၂၀ ရှိသည့် တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့မှ စီမံခန့်ခွဲသောလမ်း ဖြစ်ပါကြောင်း၊ ကံမော်ကျွန်းပတ်ကျေးရွာချင်းဆက်လမ်း (ဝန်ပြေး-အကျော်တောင်) လမ်းပိုင်းအား ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ် တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့၏ရန်ပုံငွေတွင် ပထမအဆင့် အနေဖြင့် အမာခံလမ်းအရှည် ၂ မိုင်ရှိသည့်အနက် ၁ မိုင်ကို ကျောက်ခင်းလမ်း ဆောင်ရွက်နိုင်ရန် လျာထားသွားမည် ဖြစ်ပြီး ကျန်ရှိသောအမာခံလမ်းပိုင်းအား ကျောက်လမ်းခင်းခြင်း လုပ်ငန်းများကို နှစ်အလိုက် ဆက်လက် လျာထားသွားမည် ဖြစ်ပါကြောင်း။

ဒုတိယအဆင့် အနေဖြင့် ကျောက်လမ်းခင်းခြင်း လုပ်ငန်းအားလုံးပြီးစီးပါက ၁၂ ပေအကျယ် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ဆက်လက်ဆောင်ရွက်နိုင်ရန် နှစ်အလိုက်ရန်ပုံငွေတွင် လျာထားသွားမည်ဖြစ်ပါကြောင်း၊ ဒုတိယပိုင်းဖြစ်သည့် တောကာ-မော်ခေါင်းတုန်းလမ်းပိုင်းရှိ အလျား ပေ ၁၀၀၊ အကျယ် ၁၂ ပေ သစ်သားတံတားဟောင်းအား သံကူကွန်ကရစ်တံတားအဖြစ်အသစ်တည်ဆောက်နိုင်ရန် ပွင့်လင်းရာသီအချိန်တွင် ကွင်းဆင်းစစ်ဆေး၍ အကြိုအင်ဂျင်နီယာ လုပ်ငန်းများ ဆောင်ရွက်ပြီး တံတား Design အတည်ပြုချက်ရရှိပြီး တံတားတည်ဆောက်ရန် လျာထားသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

မန္တလေးတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၃) ဦးဟိန်းမင်းဦး၏ **မန္တလေးတိုင်းဒေသကြီး အတွင်းရှိ မန္တလေးမြို့နှင့် မြန်မာနိုင်ငံမြောက်ပိုင်းမြို့များသို့ အဓိက ဆက်သွယ်ထားသော လမ်းမကြီးဖြစ်သည့် မန္တလေး-မိုးကုတ်-သပိတ်ကျင်း၊ တကောင်း-ထီးချိုင့်-ဗန်းမော်-မြစ်ကြီးနား လမ်းပေါ်ရှိ တံတားအမှတ်(၁/၆၈) အား အမြန်ဆုံး ပြန်လည်တည်ဆောက်ပေးရန်နှင့် တံတားတည်ဆောက်ခြင်း လုပ်ငန်းဆောင်ရွက်နေစဉ် ကာလအတွင်း ပျက်စီးနေသော လမ်းလွှဲ ၄ ဖာလုံခန့်အား ပြုပြင်တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် အစီအစဉ်ရှိပါက မည်သည့်အချိန်၊ မည်သည့် ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း**မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးမျိုးမြင့်က တံတားအမှတ်(၁/၆၈) ဇရပ်ကွင်းတံတားသည် B.O.T စနစ်ဖြင့် ဆောင်ရွက်လျက် ရှိသည့် မန္တလေး-မိုးကုတ်လမ်း၊ မိုင်တိုင် (၆၇/၂)နှင့် (၆၇/၃) ကြားရှိ မတ္တရာမြို့နှင့် မိုးကုတ်မြို့ကြားတွင် တည်ရှိပြီး အကြမ်းဖက်ဖြစ်စဉ်များကြောင့် တံတားအပေါ်ထည် ကြမ်းခင်းပေါက်ပြဲပြီး ရေလယ်တိုင် တစ်တိုင် နိမ့်ကျပျက်စီးခဲ့ပါကြောင်း။

လမ်းပန်းဆက်သွယ်ရေး မပြတ်တောက်စေရန် ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာနမှ အရှည်ပေ ၁၀၀ နှစ်လွှာတစ်ထပ် ယာယီ ဘေလီတံတားအား ဆောင်ရွက်ပြီးစီး ခဲ့ပါကြောင်း၊ တံတားခံနိုင်ဝန် တန် ၃၀ ဖြင့် ယာဉ်များ ဖြတ်သန်းခွင့်ပြုခဲ့ပြီး တန် ၃၀ အထက်ယာဉ်များ ပေ ၂၀၀၀ ခန့်ရှိသော ယာယီလမ်းလွှဲမှ ဖြတ်သန်းသွားလာလျက်ရှိပါကြောင်း။

အဆိုပါ တံတားနေရာတွင် တန် ၆၀ ခံနိုင်သည့် ပေ ၁၀၀ အရှည် နှစ်လမ်းသွား သံကူကွန်ကရစ် တံတားအသစ် တည်ဆောက်နိုင်ရေး ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု ရန်ပုံငွေဖြင့် ဆောင်ရွက်သွားမည် ဖြစ်ပြီး ဇရပ်ကွင်းတံတားအသစ် မတည်ဆောက်မီနှင့် တည်ဆောက်စဉ် ကာလအတွင်း ယာယီလမ်းလွှဲမှ မော်တော်ယာဉ်များ ချောမွေ့စွာ သွားလာနိုင်ရန် ကျောက်ရောမြေအဆင့်ထိ ပြုပြင်ထိန်းသိမ်းပေးနိုင်ရေး B.O.T ကုမ္ပဏီမှ ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ဖြေကြားသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်နှင့် မလေးရှား၊ အင်ဒိုနီးရှား လွှတ်တော်များနှင့် ချစ်ကြည်ရင်းနှီးရေး အသင်းများ ဖွဲ့စည်းရန် လွှတ်တော်၏ သဘောထားရယူရာ လွှတ်တော်က သဘောတူသဖြင့် အမျိုးသားလွှတ်တော်နှင့် မလေးရှား၊ အင်ဒိုနီးရှား လွှတ်တော်များနှင့် ချစ်ကြည်ရင်းနှီးရေး အသင်းများ ဖွဲ့စည်းမည်ဖြစ်ကြောင်း ကြေညာသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက **မြန်မာ-မလေးရှား လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေးအသင်း**တွင် ဥက္ကဋ္ဌအဖြစ် ကယားပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၉) ဒေါက်တာနိုင်လင်းနှင့် အတွင်းရေးမှူးအဖြစ် ဒုတိယဗိုလ်မှူးကြီး မျိုးမင်းသန့်တို့အပါအဝင် အဖွဲ့ဝင်ခုနစ်ဦး၊ **မြန်မာ-အင်ဒိုနီးရှား လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေးအသင်း**တွင် ဥက္ကဋ္ဌအဖြစ် ဧရာဝတီတိုင်းဒေသကြီး ကိုယ်စားလှယ် အမှတ်(၈) ဦးအောင်တင်မြင့်နှင့် အတွင်းရေးမှူးအဖြစ် ဒုတိယဗိုလ်မှူးကြီး မျိုးမင်းသိန်းတို့အပါအဝင် အဖွဲ့ဝင်ခုနစ်ဦးတို့၏ အမည်စာရင်းများကို လွှတ်တော်၏ အတည်ပြုချက်ရယူရာ အတည်ပြုသဖြင့် အမျိုးသားလွှတ်တော်နှင့် မလေးရှား၊ အင်ဒိုနီးရှား လွှတ်တော်များနှင့် ချစ်ကြည်ရင်းနှီးရေး အသင်းများဖွဲ့စည်းခြင်းနှင့် အသင်းများတွင် ပါဝင်သည့် ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်တို့၏ အမည်စာရင်းများကိုအတည်ပြုကြောင်းကြေညာသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော **အမျိုးသားလွှတ်တော် ရွေးကောက်ပွဲဥပဒေကို သတ္တမအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေကို သတ္တမအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်း**များအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက် မပြုဘဲ သဘောတူကြောင်း ဆုံးဖြတ်ချက် ပေးပို့လာခြင်းကို လွှတ်တော်သို့ အသိပေးတင်ပြသည်။

ထို့နောက် **ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေကို သတ္တမအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်း**နှင့် စပ်လျဉ်း၍ လွှတ်တော် ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

**တနင်္သာရီ တိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၁၀) ဦးသန်းအေး(ခ) ဦးတင်ဦး**က ပြင်ဆင်ချက်ဥပဒေကြမ်းတွင် ကျန်ရှိသည့် ပြင်ဆင်၊ ဖြည့်စွက်၊ အစားထိုးခြင်းများ မူလဥပဒေ ပုဒ်မ ၁၁ (ဍ)တွင် ရွေးကောက်ပွဲ ကုန်ကျစရိတ်စာရင်း တင်သွင်းရန် ပျက်ကွက်သူ လွှတ်တော် ကိုယ်စားလှယ်အား လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဆက်လက်ရပ်တည်နိုင်ခွင့် မရှိစေရန် ဖြည့်စွက်ပြဋ္ဌာန်းခြင်း၊ မူလဥပဒေ ပုဒ်မ ၁၁-က တွင် နိုင်ငံရေးပါတီတစ်ခု မှတ်ပုံတင်ထားခြင်းမှ ပယ်ဖျက်ခံရပါက ယင်းပါတီကိုယ်စားပြု လွှတ်တော် ကိုယ်စားလှယ်အား ကိုယ်စားလှယ်အဖြစ် ဆက်လက်ရပ်တည်ခွင့် မရှိတော့ကြောင်း ပြင်ဆင်ခြင်း၊ ပြင်ဆင်ချက်ဥပဒေကြမ်း ပုဒ်မ ၂၈ တွင် လွှတ်တော်ကိုယ်စားလှယ် အမည်စာရင်း ထုတ်ပြန်ပြီးနောက် ကိုယ်စားလှယ်လောင်း အဖြစ်မှ နုတ်ထွက်နိုင်ခွင့် ရှိကြောင်း ပြင်ဆင်ခြင်း စသည့် ပြင်ဆင်၊ အစားထိုး ဖြည့်စွက်ပြဋ္ဌာန်းချက်များသည် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များကို ပိုမိုအဆင်ပြေစေသည့် ပြင်ဆင်ချက်များဖြစ်ပါကြောင်း၊ ထို့ကြောင့် ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေကို သတ္တမအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်မှ ဆက်လက်အတည်ပြုပေးသင့်ကြောင်း ထောက်ခံဆွေးနွေးသည်။

**ရှမ်းပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၈) ခွန်စောလွင်**က ရွေးကောက်ပွဲတွင် နိုင်ငံရေးပါတီများမှ ဗဟိုအလုပ်အမှုဆောင်များ၊ လွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့် ယင်းတို့၏ ကိုယ်စားလှယ်များကိုသာ မဲဆွယ်စည်းရုံးခွင့်ပေးထားပြီး အောက်ခြေအဆင့်ဆင့် ပါဝင်စည်းရုံးနိုင်ခွင့်ကို ကန့်သတ်ထားခြင်းသည် ဗဟိုကိုအခြေပြုထားခြင်း ဖြစ်သောကြောင့် ဒီမိုကရေစီစံနှုန်းကို လျော့ကျစေခြင်း၊ နိုင်ငံရေးပါတီနှင့် ရွေးကောက်ပွဲအပေါ် လူထုစိတ်ဝင်စားမှု လျော့ကျစေနိုင်ခြင်း၊ ပါတီစုံဒီမိုကရေစီ ရှင်သန်ရေးကို အဟန့်အတား ဖြစ်စေခြင်းတို့ကို ကြုံတွေ့ရနိုင်ပါကြောင်း၊ မြောက်မြားစွာသော မဲဆန္ဒနယ်များသို့ မဲဆွယ်စည်းရုံးရေးကို ဆောင်ရွက်ရန် လက်ရှိပါတီအသီးသီး၏ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်အင်အားနှင့် မည်သို့မျှ မဖြစ်နိုင်ပါကြောင်း၊ အလုပ်အမှုဆောင် တိုးချဲ့ဖွဲ့စည်းခြင်းကြောင့် ကော်မရှင်၏ ညွှန်ကြားချက်များနှင့် အခြားသော စုံစမ်းစစ်ဆေးရေးဆိုင်ရာ ဌာနစုံများက ပါတီအလုပ်အမှုဆောင် အဖွဲ့ဝင်များ၏ ပုဂ္ဂိုလ်ရေးဆိုင်ရာ နောက်ကြောင်းရာဇဝင်များရယူခြင်း စသည့် နောက်ဆက်တွဲ ရင်ဆိုင်နေရသည့် အခြေအနေ ရှိနေခြင်းတို့ကြောင့် လက်တွေ့မြေပြင်တွင် လုပ်ငန်းဆောင်ရွက်ရန် အခက်အခဲဖြစ်နေရသည်ကို တိုင်းရင်းသားပါတီများ အသိဆုံးပင် ဖြစ်ပါကြောင်း၊ မြေပြင်တွင် လုပ်ငန်းဆောင်ရွက်ကြရသည့် နိုင်ငံရေးပါတီအသီးသီးကလည်း ထိုအခက်အခဲကို သိရှိကြပါကြောင်း။

ထို့ကြောင့် ပါတီစုံဒီမိုကရေစီ ရှင်သန်အားကောင်းစေရေး၊ နိုင်ငံရေးပါတီများနှင့် ရွေးကောက်ပွဲအပေါ် လူထုယုံကြည်မှုအားကောင်းလာစေရေး၊ မျှတသော မဲဆွယ်စည်းရုံးနိုင်ခွင့်ရှိစေရေး၊ အားလုံးပါဝင်လှုပ်ရှားခွင့်ရှိသော မဲဆွယ်စည်းရုံးရေး ဆောင်ရွက်နိုင်စေရေး တို့အတွက် အဘက်ဘက်မှ ပြန်လည်သုံးသပ်ပြီး နိုင်ငံရေးပါတီများမှ ဗဟိုအလုပ်အမှုဆောင်များ ဆိုသည့်စကားရပ်အစား နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များဟု ဖြည့်စွက်ပြင်ဆင် သင့်ပါကြောင်း ဆွေးနွေးသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၏ ဆွေးနွေးခြင်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပြန်လည်ကြားနာဆောင်ရွက်သွားရန် ဆုံးဖြတ်ကြောင်း ကြေညာသည်။

ဆက်လက်၍ တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယ ပုံမှန်အစည်းအဝေး သတ္တမနေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး အဋ္ဌမနေ့ကို အောက်တိုဘာ ၉ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းအဖွဲ့**

## လေကြောင်းလိုင်းများ၏ လေယာဉ်လက်မှတ်ခနှုန်းထားများအား သတ်မှတ်ဈေးနှုန်းထက် ပိုမိုသည့်နှုန်းထားဖြင့် ဝယ်ယူခဲ့ရခြင်း၊ Fake Accounts များမှတစ်ဆင့် ဝယ်ယူခဲ့ရခြင်းများရှိပါက တိုင်ကြားနိုင်

**နေပြည်တော် အောက်တိုဘာ ၅**

လေကြောင်းလိုင်းများ၏ လေယာဉ်လက်မှတ်ခနှုန်းထားများအား သတ်မှတ်ဈေးနှုန်းထက် ပိုမိုသည့်နှုန်းထားဖြင့် ဝယ်ယူခဲ့ရခြင်း၊ Fake Accounts များမှတစ်ဆင့် ဝယ်ယူခဲ့ရခြင်းများရှိပါက ခရီးသည်အမည်၊ ဝယ်ယူခဲ့သည့်ရက်စွဲ၊ ခရီးစဉ်အချက်အလက်၊ Booking PNR/Ticket အမှတ်၊ ဝယ်ယူခဲ့ရသည့်ဈေးနှုန်းနှင့် ငွေပေးချေသည့် အထောက်အထားစသည့် တိကျသည့်သတင်းအချက်အလက်များနှင့် အတူ သက်ဆိုင်ရာလေကြောင်းလိုင်းများသို့ တိုက်ရိုက်တိုင်ကြားနိုင်ပါကြောင်းနှင့် လေယာဉ်လက်မှတ်ခနှုန်းထားများကို သတ်မှတ်ဈေးနှုန်းထက် ပိုမိုရောင်းချခြင်း၊ Fake Accounts များမှတစ်ဆင့် ရောင်းချခြင်းများတွေ့ရှိရပါက မည်သူမဆို ပြစ်မှုဆိုင်ရာဥပဒေကြောင်းအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာနက အသိပေးချက်ထုတ်ပြန်ထားသည်။

**သတင်းစဉ်**

# ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး ကျော်စွာလင်း တိုက်ကြီးတပ်နယ်၊ အင်းတိုင်တပ်နယ်၊ ရဲမွန်တပ်နယ်တို့ရှိ သင်တန်းကျောင်းများအား လှည့်လည်ကြည့်ရှုစစ်ဆေး

**နေပြည်တော် အောက်တိုဘာ ၅**

ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းသည် ယနေ့နံနက်ပိုင်းတွင် တိုက်ကြီးတပ်နယ်ရှိ နယ်မြေခံ သင်တန်းကျောင်းသို့ သွားရောက်၍ နည်းပြအရာရှိ၊ စစ်သည်များနှင့် သင်တန်းသားများအား တွေ့ဆုံအမှာစကားပြောကြားသည်။

အဆိုပါ တွေ့ဆုံပွဲသို့ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) နှင့်အတူ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ သင်တန်းကျောင်းမှ နည်းပြအရာရှိ၊ စစ်သည်များ၊ သင်တန်းသားများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) က တွေ့ဆုံအမှာစကား ပြောကြားရာတွင် တပ်မတော်အနေဖြင့် နိုင်ငံတော်အစိုးရ၏ ဦးဆောင်လမ်းညွှန်မှုအောက်တွင် နိုင်ငံတော်ကာကွယ်ရေးတာဝန်များ ထမ်းဆောင်လျက်ရှိကြောင်း၊ တိုင်းပြည်တည်ငြိမ်အေးချမ်းမှုရှိမှ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် တည်ငြိမ်အေးချမ်းရေးအတွက် လုံခြုံရေးလုပ်ငန်းများကို တပ်မတော်က တာဝန်ယူဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ လုံခြုံရေးတာဝန်များ ကျေပွန်အောင် ထမ်းဆောင်နိုင်ရန်အတွက် တပ်မတော်သည် အင်အားတောင့်တင်းခိုင်မာပြီး စွမ်းရည်ထက်မြက်နေရမည်ဖြစ်ကြောင်း။

နိုင်ငံတော်နှင့် တပ်မတော်မှ ဖြည့်ဆည်းပေးထားသော တိုက်စွမ်းအားနှင့် ခေတ်မီလက်နက်နည်းပညာများကို အပြည့်အဝ အသုံးချနိုင်ရေး စွမ်းရည်ရှိသည့် တပ်မတော်သားများဖြစ်ရန် ယခုကဲ့သို့ စုဖွဲ့လေ့ကျင့်နေခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် လေ့ကျင့်သင်ကြားပေးနေသည့် စစ်ပညာများကို ကျွမ်းကျင်တတ်မြောက်စွာ အသုံးချနိုင်သည့် ကျန်းမာကြံ့ခိုင်သော တပ်မတော်သားများဖြစ်ရန် **လေ့လာ၊ လေ့ကျင့်၊ လိုက်နာ** ဆိုသည့် ဆောင်ပုဒ်နှင့်အညီ အမြဲတမ်း လေ့ကျင့်သွားကြရန်လိုကြောင်း၊ ပြောင်းလဲတိုးတက်နေသည့် စစ်ပညာနှင့် စစ်လက်နက်ပစ္စည်းများကို အမြဲလေ့လာနေရမည်ဖြစ်ပြီး စစ်မြေပြင်တွင် လက်တွေ့အသုံးချနိုင်ရန် လိုကြောင်း၊ ထို့ပြင် မိမိတို့အသုံးပြုရသည့် စစ်အသုံးအဆောင်ပစ္စည်းများကို ကျွမ်းကျင်ပိုင်နိုင်စွာ ကိုင်တွယ်အသုံးချနိုင်ရေး အစဉ်တစိုက် လေ့ကျင့်နေကြရန်လိုကြောင်း၊ ခေတ်သစ်စစ်နည်းဗျူဟာများ၊ စစ်လက်နက်ပစ္စည်းများကို အမြဲလေ့လာမှတ်သားပြီး မိမိတို့နိုင်ငံနှင့် ကိုက်ညီသည့် စစ်နည်းဗျူဟာများ အတိုင်း လိုက်နာဆောင်ရွက်သွားကြရန် လိုကြောင်း။

မိမိတို့ တပ်မတော်သည် တိုင်းရင်းသားအားလုံး ပါဝင်ဖွဲ့စည်းထားသည့် ပြည်ထောင်စုမျိုးချစ်တပ်မတော်ဖြစ်ကြောင်း၊ တပ်မတော်အတွင်းရှိ တပ်ဖွဲ့အားလုံးသည် ခြေလျင်၊ လက်ရုံး မခွဲခြားဘဲ အမြဲတိုက်ပွဲဝင်အသင့်ဖြစ်နေစေရေး လေ့ကျင့်ဆောင်ရွက်နေကြရမည် ဖြစ်ကြောင်း၊ တပ်မတော်သားများအနေဖြင့် မိမိတို့လုပ်ဆောင်ရမည့်တာဝန်များကို ကောင်းမွန်ကျေပွန်စွာ ထမ်းဆောင်ခြင်း အားဖြင့် တပ်မတော်၏ အရည်အသွေး၊ တပ်မတော်၏ အဆင့်အတန်းကို ထိန်းသိမ်းကြရမည်ဖြစ်ကြောင်း။

တပ်မတော်သားများဖြစ်သည့်အတွက် ထုတ်ပြန်ထားသည့် အမိန့်နှင့် ညွှန်ကြားချက်များ၊ ဥပဒေစည်းမျဉ်းစည်းကမ်းများကို တိကျစွာလိုက်နာရန်လိုကြောင်း၊ မူးယစ်ဆေးဝါးကိစ္စ၊ အပျော်အပါးနှင့် လောင်းကစားဆိုင်ရာကိစ္စရပ်များတွင် ပါဝင်ပတ်သက်မှု မရှိစေရေး ထိန်းသိမ်းကြပ်မတ်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

နိုင်ငံတော် ကာကွယ်ရေးတာဝန်သည် နိုင်ငံသားတိုင်း မဖြစ်မနေ ထမ်းဆောင်ကြရမည့် တာဝန်ဖြစ်သည့်အတွက် ပြည်သူ့စစ်မှုထမ်းသင်တန်းများကို စနစ်တကျဖြင့် အဆင့်အတန်းမီစွာ လေ့ကျင့်သင်ကြားပေးလျက်ရှိပြီး သင်တန်းဆင်း နိုင်ငံ့သားကောင်း ပြည်သူ့စစ်မှုထမ်းများ အနေဖြင့် တပ်ရင်း/တပ်ဖွဲ့များတွင် တာဝန်ထမ်းဆောင်လျက်ရှိကြရာ ပေးအပ်သည့်တာဝန်များကို နောင်တော်တပ်မတော်သားများနှင့် လက်တွဲကာ နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ထူးချွန်ပြောင်မြောက်စွာ ထမ်းဆောင်လျက်ရှိကြောင်း၊ အမြဲတမ်းစစ်မှုထမ်းများအနေဖြင့် တပ်မတော်မှ ထုတ်ပြန်ထားသည့် စည်းမျဉ်းစည်းကမ်းများနှင့်အညီ တစ်ဦးချင်းစီက စံနမူနာပြနေထိုင်ကျင့်ကြံလိုက်နာ၍ လေးစားယုံကြည်ရသူများဖြစ်ရန်လိုအပ်ပြီး ပြည်သူ့စစ်မှုထမ်းများကို ညီအစ်ကိုစိတ်ဓာတ်ဖြင့် လက်တွဲခေါ်ဆောင်ကြဖို့လိုကြောင်း၊ "ရဲဘော်စိတ်" ဆိုသည်မှာ ရဲဘော်အချင်းချင်း အပေါ်ထားရှိသော မေတ္တာတရား၊ သံယောဇဉ်တရား၊ သစ္စာစောင့်သိမှုတရားများဖြစ်၍ သေအတူရှင်မကွာဆိုသည့် စိတ်သာအတူနာအတူဆိုသည့် စိတ်ထားခံယူချက်များ ထားရှိသွားရန်လိုကြောင်း၊ တပ်မတော်သားများသည် သစ္စာ ၄ ချက်ကို ရွတ်ဆိုထားသူများဖြစ်သည့်အတွက် သစ္စာစောင့်သိ၊ သစ္စာရှိရန်လိုကြောင်း။

နိုင်ငံတော် ကာကွယ်ရေးနှင့် လုံခြုံရေး တာဝန်များကို ထမ်းဆောင်နိုင်ရန် အတွက် တစ်ဦးတစ်ယောက်ချင်းစီအလိုက် ကြံ့ခိုင်သန်စွမ်းမှုရှိစေရေး လေ့ကျင့်နေရမည်ဖြစ်ပြီး မိမိတို့တစ်ဦးချင်း နေ့စဉ်လုပ်ဆောင်ရမည့် သမားစဉ်လုပ်ငန်းတာဝန်များကို မှန်မှန်ကန်ကန်လုပ်ဆောင်၍ လေ့ကျင့်နေကြရန်လိုကြောင်းဖြင့် ပြောကြားသည်။

၎င်းနောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း)နှင့် အဖွဲ့ဝင်များသည် တွေ့ဆုံပွဲသို့တက်ရောက်လာကြသည့် သင်တန်းကျောင်းမှ နည်းပြအရာရှိ၊ စစ်သည်များ၊ သင်တန်းသားများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ထို့နောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း)နှင့် အဖွဲ့ဝင်များသည် နယ်မြေခံသင်တန်းကျောင်းရှိသင်တန်းသားစားရိပ်သာတွင် သင်တန်းသားများနှင့်အတူ နေ့လယ်စာ အတူတကွသုံးဆောင်ပြီး သင်တန်းသားများအားရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ယင်းနောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း)နှင့် အဖွဲ့ဝင်များသည် တိုက်ကြီးတပ်နယ်နှင့် အင်းတိုင်တပ်နယ်တို့ရှိ နယ်မြေခံ သင်တန်းကျောင်းများမှ သင်တန်းသားအိပ်ဆောင်များ၊ စားရိပ်သာများနှင့် စားချက်ဆောင်များ စနစ်တကျရှိစေရေး လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ ထို့နောက် ပြည်သူ့စစ်မှုထမ်း သင်တန်းသားများ သင်ခန်းစာ လေ့ကျင့်သင်ကြားပေးနေမှုများကို လိုက်လံကြည့်ရှုအားပေးသည်။

ဆက်လက်၍ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းနှင့် အဖွဲ့ဝင်များသည် အင်းတိုင်တပ်နယ်ရှိ တပ်မတော် ကိုယ်ခံပညာနှင့် အားကစားသိပ္ပံသို့ ရောက်ရှိကြပြီး သင်တန်းသားအိပ်ဆောင်၊ စားရိပ်သာ၊ အားကစားခန်းမများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး အားကစားရုံအတွင်း သင်တန်းများအလိုက် လေ့ကျင့်သင်ကြားနေမှုများကို ကြည့်ရှုအားပေးကာ လိုအပ်သည်များအား တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း)နှင့် အဖွဲ့ဝင်များသည် နယ်မြေခံ တပ်မတော်လူငယ်ပညာရေး သင်တန်းကျောင်း (ရဲမွန်)သို့ သွားရောက်၍ Grade-10၊ Grade-11၊ Grade-12 တို့တွင် ကျောင်းသားများ တက်ရောက် ပညာသင်ကြားနေမှုများကို လိုက်လံကြည့်ရှုအားပေးပြီး ကျောင်းသားများနှင့် ဆရာ၊ ဆရာမများအတွက် အသုံးအဆောင်ပစ္စည်းများနှင့် ချီးမြှင့်ငွေများ ပေးအပ်သည်။ ယင်းနောက် သင်တန်းကျောင်း စားရိပ်သာနှင့် စားချက်ဆောင်များအား လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **၁၀၀**



ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး ကျော်စွာလင်း တပ်မတော်လူငယ်ပညာရေးသင်တန်းကျောင်း (ရဲမွန်)တွင် ကျောင်းသားများ ပညာသင်ကြားနေမှုကို ကြည့်ရှုအားပေးစဉ်။

# နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးတာဝန်များကို ထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန်နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုပွဲ အခမ်းအနားကျင်းပ



**နေပြည်တော် အောက်တိုဘာ ၅**

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် နယ်မြေလုံခြုံရေးတာဝန်များကို ထမ်းဆောင်၍ ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်းအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးမြို့ရှိ နယ်မြေခံတပ်ရင်း၌ပြုလုပ်ရာ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ်စည်းစိမ်ဥစ္စာ လုံခြုံမှုရှိစေရေး၊ နိုင်ငံတော်တည်ငြိမ်ရေး၊ နယ်မြေအေးချမ်းသာယာရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို မိဝေး ဖဝေး၊ မိသားစုများနှင့် ဝေးကွာ၍ နေ့မအား၊ ညမနား စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန်တပ်မတော်သားများအား တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများနှင့် တက်ရောက်လာကြသူများက အောင်သပြေခက်ကမ်း၍ လည်းကောင်း၊ တိုင်းရင်းသားရိုးရာ အတီး၊ အမှုတ်၊ အက၊ အခုန်များဖြင့်လည်းကောင်း သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုကြသည်။ ယင်းနောက် တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးက အောင်ပွဲရရှေ့တန်းပြန်တပ်မတော်သားများအား ဂုဏ်ပြုအမှာစကားပြောကြားပြီး ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ၂၀၂၆ ခုနှစ် ကမ္ဘာ့ဆရာများနေ့အခမ်းအနား ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၅**

၂၀၂၆ ခုနှစ် ကမ္ဘာ့ဆရာများနေ့ အခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ အဂ္ဂမဟာသရေစည်သူ အဂ္ဂမဟာသီရိသုဓမ္မ ဦးမင်းအောင်လှိုင်ထံမှ ၂၀၂၆ ခုနှစ် ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာကို ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်က ဖတ်ကြားသည်။

ထို့အတူ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့လေးဖွဲ့၏ အဖွဲ့ခေါင်းဆောင်များက ပေးပို့သော စုပေါင်းသဝဏ်လွှာကို ရန်ကုန် နိုင်ငံခြားဘာသာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာမေစန်းရီက ဖတ်ကြားသည်။

အဆိုပါအခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် ဂုဏ်ထူးဆောင်ပုဂ္ဂိုလ်ကြီးများနှင့် ထူးချွန်ဆရာများအားလည်းကောင်း၊ ဒုတိယဝန်ကြီးနှင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့တာဝန်ရှိသူများက ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် စာစီစာကုံး၊ ကဗျာနှင့် ဆောင်းပါးပြိုင်ပွဲတို့တွင် ဆုရရှိသူများနှင့် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်များ၌ စံပြဆုရရှိခဲ့သည့် ဆရာ ဆရာမ၊ ဝန်ထမ်းများကိုလည်းကောင်း ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ကြသည်။

ကမ္ဘာ့ဆရာများနေ့ အခမ်းအနားကို နှစ်စဉ် အောက်တိုဘာ ၅ ရက်တွင် ကမ္ဘာ့နိုင်ငံများ၌ ကျင်းပကြပြီး ယနေ့ကျင်းပသည့် ကမ္ဘာ့ဆရာများနေ့ အခမ်းအနားတွင် ဂုဏ်ထူးဆောင် ဆရာကြီး ဆရာမကြီး ၁၀ ဦး၊ ထူးချွန်ဆုရရှိသူ ဆရာ ဆရာမ ငါးဦး အပါအဝင် ဂုဏ်ပြုဆုရရှိသူ ဆရာ ဆရာမနှင့် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၆၆ ဦးတို့အား ဆုချီးမြှင့်ခဲ့ကြောင်း သိရသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်၊ တိုင်းဒေသကြီး ကရင်တိုင်းရင်းသားရေးရာဝန်ကြီးတို့နှင့်အတူ ရန်ကုန်တက္ကသိုလ် CRI တွင် ကျင်းပသော Area Studies Centre ဖွင့်ပွဲကို တက်ရောက်ဖွင့်လှစ်ပေးပြီး မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး၊ တရုတ်နှင့် ကိုရီးယားသံရုံးများမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံ ဝိဇ္ဇာနှင့် သိပ္ပံပညာရှင်အဖွဲ့ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များနှင့် အတူ Area Studies Centre အတွင်း ကြည့်ရှုအားပေးကာ အဆိုပါ အဆောက်အအုံခန်းမတွင် ကျင်းပသည့် China Studies Conference 2026 ကို တက်ရောက်ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ မြန်မာနိုင်ငံ စာစစ်ဦးစီးဌာန ရန်ကုန်ရုံးခွဲသို့ သွားရောက်၍ ယခုနှစ်တွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်သည့် Online Booking စနစ်ဖြင့် အမှတ်စာရင်းများ၊ အောင်လက်မှတ်များ စနစ်တကျ ထုတ်ပေးနေမှုနှင့် စာမေးပွဲဆိုင်ရာ မှတ်တမ်းများ ထိန်းသိမ်းထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**






## နေပြည်တော်၌ ၂၀၂၆ ခုနှစ် ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် အခမ်းအနားကျင်းပ

**နေပြည်တော် အောက်တိုဘာ ၅**

၂၀၂၆ ခုနှစ် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် အမှတ်(၆)အခြေခံပညာအထက်တန်းကျောင်း သီရိမင်္ဂလာခန်းမ၌ ကျင်းပသည်။

ဦးစွာ အမှတ်(၆)အခြေခံပညာအထက်တန်းကျောင်းမှကျောင်းသား ကျောင်းသူများက "မြတ်ဆရာ" တေးသီချင်းဖြင့် အခမ်းအနားကို ဖွင့်လှစ်ပေးကြပြီး ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ အဂ္ဂမဟာသရေစည်သူ အဂ္ဂမဟာသီရိသုဓမ္မ ဦးမင်းအောင်လှိုင်ထံမှ ၂၀၂၆ ခုနှစ် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာကို နေပြည်တော်ကောင်စီဥက္ကဋ္ဌက လည်းကောင်း၊ ကုလသမဂ္ဂ လက်အောက်ခံ အဖွဲ့လေးဖွဲ့၏ အဖွဲ့ခေါင်းဆောင်များက ပေးပို့သော စုပေါင်းသဝဏ်လွှာကို နေပြည်တော်ပညာရေးမှူးရုံး ညွှန်ကြားရေးမှူးက လည်းကောင်း ဖတ်ကြားကြသည်။

**သရုပ်ဖော်ကပြ**

ထို့နောက် အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ်(၁၁) အခြေခံပညာအထက်တန်းကျောင်းများမှ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများက တေးသီချင်းများဖြင့် သရုပ်ဖော်ကပြတင်ဆက်ကြသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဝင်များနှင့် တာဝန်ရှိသူများက အလယ်တန်းအဆင့်နှင့် အထက်တန်းအဆင့် ဉာဏပြိုင်ပွဲများတွင် ဆုရရှိသည့် ကျောင်းသား ကျောင်းသူများနှင့် ဖျော်ဖြေရေးအဖွဲ့များအား ဂုဏ်ပြုလွှာများနှင့် ချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သျှင်ဦးမောင်(ဒက္ခိဏ)**

## တောင်ကြီးမြို့၌ ၂၀၂၆ ခုနှစ် ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် အခမ်းအနားကျင်းပ

**တောင်ကြီး အောက်တိုဘာ ၅**

၂၀၂၆ ခုနှစ် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် တောင်ကြီးမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုး၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ တောင်ကြီးမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက မြတ်ဆရာသီချင်းဖြင့် အခမ်းအနားကို ဖွင့်လှစ်ပေးကြပြီး ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ အဂ္ဂမဟာသရေစည်သူ အဂ္ဂမဟာသီရိသုဓမ္မ ဦးမင်းအောင်လှိုင်ထံမှ ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာကို ပြည်နယ်ဝန်ကြီးချုပ်ကလည်းကောင်း၊ ကမ္ဘာ့ကုလသမဂ္ဂလက်အောက်ခံအဖွဲ့လေးဖွဲ့၏ အဖွဲ့ခေါင်းဆောင်များက ပေးပို့သော စုပေါင်းသဝဏ်လွှာကို ရှမ်းပြည်နယ် ပညာရေးမှူးရုံး ညွှန်ကြားရေးမှူးက လည်းကောင်း ဖတ်ကြားကြပြီး နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) အခြေခံပညာ ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ် (၈၅)တွင် စံပြဆုရရှိသူ တစ်ဦးနှင့် ပြည်နယ်အဆင့် အထက်တန်းအဆင့် စာစီစာကုံး၊ ကဗျာဆုရ ကျောင်းသားကျောင်းသူများ၊ ပြည်နယ်အဆင့်၊ အလယ်တန်းအဆင့် စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲများတွင် ဆုရကျောင်းသား ကျောင်းသူများနှင့် ဖျော်ဖြေတင်ဆက်ခဲ့ကြသည့် အဖွဲ့များအား ဂုဏ်ပြုဆုများနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် အခြေခံပညာကျောင်းများမှ ဆရာ ဆရာမများက ကလက်စုံညီ ရှိုးချီသီချင်းဖြင့် လည်းကောင်း၊ တောင်ကြီးမြို့ အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက ပူဇော်ပါ၏မြတ်ဆရာ သီချင်းဖြင့် လည်းကောင်း သီဆိုကပြဖျော်ဖြေခဲ့ကြကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**






## လှိုင်ကော်မြို့၌ ၂၀၂၆ ခုနှစ် ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် အခမ်းအနားကျင်းပ

**လှိုင်ကော် အောက်တိုဘာ ၅**

၂၀၂၆ ခုနှစ် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက်တွင် လှိုင်ကော်မြို့ ပြည်နယ်ပညာရေးမှူးရုံး ပညာ့ဗိမာန်ခန်းမ၌ ကျင်းပရာ လှိုင်ကော်မြို့ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက "မြတ်ဆရာ" သီချင်းဖြင့် အခမ်းအနားကို ဖွင့်လှစ်ပေးကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ အဂ္ဂမဟာသရေစည်သူ အဂ္ဂမဟာသီရိသုဓမ္မ ဦးမင်းအောင်လှိုင်ထံမှ ၂၀၂၆ ခုနှစ် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာကို ပြည်နယ်ဝန်ကြီးချုပ် ဦးအံ့မော်က ဖတ်ကြားပြီး ကုလသမဂ္ဂလက်အောက်ခံအဖွဲ့ လေးဖွဲ့၏ အဖွဲ့ ခေါင်းဆောင်များက ပေးပို့သော စုပေါင်းသဝဏ်လွှာကို ပြည်နယ် ပညာရေးမှူးက ဖတ်ကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ် တရားသူကြီးချုပ်နှင့် တာဝန်ရှိသူများက ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် အခြေခံပညာအထက်တန်းနှင့် အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲနှင့် ကဗျာပြိုင်ပွဲတို့တွင် ပထမ၊ ဒုတိယနှင့် တတိယ ဆုရရှိသည့်ကျောင်းသားကျောင်းသူများအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**

# ခေတ်အဆက်ဆက် ရှင်သန်နေတဲ့ မြန်မာ့စာတိုက်

မမပို




“မေမေရေ၊ ညီမလေးဆီကို ပို့လိုက်တဲ့ချောထုပ် ပေးဝေပြီးပြီတဲ့ သမီးတို့ပို့လိုက်တဲ့ ပစ္စည်းတွေရောက်ပြီတဲ့”

ဂျပန်နိုင်ငံတွင် ပညာတော်သင်သွားနေသည့် ညီမလေးထံမှ Message ဝင်လာသဖြင့် မေမေ့ကို ဝမ်းသာအားရ လှမ်းပြောမိလိုက်သည်။

“ဟေ – ဟုတ်လား။ မြန်လိုက်တာ ပို့လိုက်တာ ငါးရက်ပဲရှိသေးတယ်။ ဂျပန်ကိုရောက်သွားပြီ။ ကောင်းလိုက်တာ” မေမေ၏ အံ့သြဝမ်းသာသံကို ကြားလိုက်ရသည်။

“စာတိုက်ကပို့တာ အဲဒီလောက် မြန်မယ်မထင်ဘူး။ တော်တော်တိုးတက်လာပြီပဲ” မေမေက ဆက်ပြောလာသည်။

ညနေပိုင်းတွင် ညီမလေးထံမှ ပစ္စည်းပို့ပေးသည့် အမေနှင့် အစ်မကို ကျေးဇူးတင်ကြောင်း Tik Tok Video လေး တက်လာခဲ့သည်။ ပုံစာလေးက “မန္တလေးစာတိုက်ကြီးကနေ ဂျပန်ကို မြန်မာစားစရာတွေအစုံပို့ပေးတဲ့ မေမေနဲ့ မမကို ကျေးဇူးအများကြီးတင်ပါတယ်”တဲ့။ ညီမလေးကြိုက်တတ်တဲ့ ဒေသထွက်ကုန်စားစရာပစ္စည်းအစုံကို တစ်ခုချင်းထုတ်ပြပြီး ပျော်နေသည့် အပျော်လေးကို ဘိုးဘိုး၊ ဘွားဘွားနှင့် မိသားစုအားလုံးတွေ့ရသည့်အတွက် ဝမ်းသာနေကြပါသည်။

ဘိုးဘိုးက “မြေးလေးရေ စာတိုက်ဆိုတာ ဘိုးဘိုးတို့လက်ထက်ကတည်းက အားကိုးတကြီး အသုံးပြုခဲ့ကြရတာကွယ့်။ စာပို့သမားကိုပဲ မျှော်နေခဲ့ကြရတာ။ တက္ကသိုလ်တက်တုန်းကလည်း အိမ်က ငွေလွှဲရယ်၊ သာကြောင်း မာကြောင်း စာရယ်၊ အထူးသဖြင့် မြေးဘွားဘွားဆီကစာကို အမျှော်ဆုံးပေါ့ကွယ်။ အခုခေတ်လို တယ်လီဖုန်းတွေ၊ အင်တာနက်တွေမပေါ်သေးတော့ စာတိုက်တွေက အဓိက ဆက်သွယ်ပေးနေတဲ့ နေရာကြီးပေါ့”ဟု ရှေးဖြစ်ဟောင်းကို တမ်းတပြောပြနေပါသည်။

ကျွန်မကလည်း ဘိုးဘိုးကို “စာတိုက်ဆိုတာ ဘယ်ကတည်းက မြန်မာနိုင်ငံမှာ စတင်ခဲ့တာလဲဟင်”လို့ မေးမိတော့ ဘိုးဘိုးက –

“မြေးရေ .. စာပို့စာယူစနစ်ဆိုတာ ဟိုးယခင် မြန်မာမင်းများလက်ထက်ကတည်းက ရှိခဲ့တာကွယ့်။ ဘိုးဘိုး ဖတ်ဖူးတဲ့ စာတိုက်သမိုင်းဆိုတဲ့စာအုပ်လေးမှာပါတဲ့ မှတ်တမ်းတွေထဲမှာတော့ ၁၈၂၇ ခုနှစ်မှာ စစ်တွေစာတိုက်ကို စဖွင့်ပြီး စာတိုက်လုပ်ငန်းကို စတင်ခဲ့ကြတယ်လို့သိရတယ်။ နောက်တော့ ၁၈၅၂ ခုနှစ်မှာ ပဲခူးစာတိုက်ရယ်၊ ၁၈၅၄ ခုနှစ်မှာ ရန်ကုန်စာတိုက်ကြီးရယ် ဖွင့်ခဲ့ပြီး ချိတ်ဆက် ဆောင်ရွက်ခဲ့တယ်တဲ့။ မီးရထားနဲ့ စာပို့တဲ့စနစ်ကို ၁၈၇၇ ခုနှစ် မေလ ၁ ရက်နေ့မှာ ရန်ကုန်–ပြည်ရထားလမ်းပိုင်းစတင်ပြေးဆွဲစဉ်ကတည်းက စာပို့တွဲသတ်မှတ်ချိတ်ဆွဲပြီး ရထားလမ်းတစ်လျှောက်မြို့တွေမှာ စာတိုက်တွေကတစ်ဆင့် စာတွေ အပြန်အလှန်ပေးပို့ခဲ့ကြတယ်လို့ ဖတ်ရတယ်။ အဲဒီနောက်ပိုင်း တယ်လီဖုန်းလုပ်ငန်းတွေ တိုးတက်လာတဲ့အချိန်မှာတော့ စာပေးပို့တာတွေ လျော့နည်းသွားတာပေါ့ကွယ်”

ကျွန်မကမစောင့်နိုင်ဘဲ သိလိုဇောနဲ့ “ဘိုးဘိုး – အဲဒီအချိန်ကတည်းက စာတိုက်မှာ မြန်မာနိုင်ငံကနေ နိုင်ငံခြားကို ပစ္စည်းပို့လို့ရပြီလားဟင်”

“နိုင်ငံတိုင်းကို ချောပစ္စည်းတွေ တိုက်ရိုက်ပေးပို့ပြီး တစ်ဖက်ကလည်း အိမ်တိုင်ရာရောက် ပေးဝေဖို့ဆိုတာ မလွယ်ဘူးမြေးရဲ့။ တစ်ဖက်နိုင်ငံရဲ့ စာတိုက်လုပ်ငန်းတွေ ဒါမှမဟုတ် ပစ္စည်းပေးဝေတဲ့လုပ်ငန်း လုပ်နေတဲ့အဖွဲ့အစည်းတွေနဲ့ သဘောတူညီမှုယူရမယ်။ အဲဒီလိုလုပ်ဖို့က နိုင်ငံတိုင်းကိုသွားတွေ့ပြီး ဆွေးနွေးနေလို့ မလွယ်ဘူးလေ။

“အဲဒါကြောင့် ကုလသမဂ္ဂရဲ့ အထူးအေဂျင်စီတစ်ခုဖြစ်တဲ့ ကမ္ဘာ့စာပို့တိုက်သမဂ္ဂ (Universal Postal Union)ရဲ့ အဖွဲ့ဝင်ဖြစ်ဖို့ ဆောင်ရွက်ခဲ့တာ ၄–၁၀–၁၉၄၉ ရက်နေ့မှာ အဖွဲ့ဝင်ဖြစ်လာခဲ့ပြီး ၅–၅–၁၉၅၆ ရက်နေ့မှာ နိုင်ငံခြားစာပို့တိုက်ဌာနဆိုတာကို ဖွဲ့စည်းပြီးတော့ နိုင်ငံတကာကို လေကြောင်း၊ ရေကြောင်းတွေကနေတစ်ဆင့် ချောပစ္စည်းတွေ ပေးပို့လာနိုင်ခဲ့တာကွယ့်။ အဲဒီတုန်းကတော့ တစ်ခါတစ်ခါ နိုင်ငံခြားကို စာပို့ရင် အခုခေတ်လို သယ်ယူပို့ဆောင်ရေးတွေ မလွယ်ကူတော့ လချီပြီးကြာတယ်ကွယ့်”

မေမေက ကြားဖြတ်၍ “ဟုတ်တယ် သမီးရေ။ ဒါကြောင့် မေမေက အခု အတော်ကိုမြန်နေလို့ အံ့သြနေတာ။ သမီးဖေဖေ ပညာတော်သင်သွားတုန်းက မေမေတို့ပို့တဲ့ စာနဲ့ပစ္စည်းတွေ တစ်လလောက်ကြာမှ ရောက်သွားတယ်။ သင်္ဘောနဲ့ အဓိကထား ပို့ကြရတယ်တဲ့။ စစ်မဖြစ်မီက နိုင်ငံအနှံ့အပြားမှာ စာတိုက်ရုံးတွေ အများကြီးဖွင့်ခဲ့တယ်။ နောက်ပိုင်းမှာ တယ်လီဖုန်းလုပ်ငန်းတွေပေါ်လာပြီး မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းဆိုပြီး ဖြစ်လာတယ်။ အခုနောက်ဆုံး “မြန်မာ့စာတိုက်လုပ်ငန်း”ဆိုပြီး ၁–၄–၂၀၁၅ ရက်နေ့မှ ပြန်ဖြစ်လာတာကွယ့်”

ညဥ့်နက်လာပြီဖြစ်သဖြင့် “အခုလို ပြောပြပေးလို့ ကျေးဇူးပါဘိုးဘိုးရေ။ ဘိုးဘိုးနဲ့ မေမေတို့လည်း နားလိုက်ပါဦးနော်။ မနက်ဖြန်ကျမှ ရန်ကုန်က သမီးသူငယ်ချင်းဆီ မန္တလေးဒေသထွက်စားစရာလေး စာတိုက်မှာသွားထည့်ရင်းနဲ့ ထပ်လေ့လာလိုက်ဦးမယ်”ဆိုကာ အိပ်ရာဝင်ခဲ့ပါတော့သည်။

**❛ အခုလက်ရှိမှာ ၈၁၅ ရုံးရှိပြီး တစ်နိုင်ငံလုံးနေရာအနှံ့ ကွန်ရက်ဖြန့်ကြက်ထားပါတယ်။ ၁၉၉၂ ခုနှစ် ကတည်းက အမြန်ချောလုပ်ငန်းစတင်ခဲ့ပြီး အခု ရုံး ၃၉၉ ရုံး ရှိပြီ ။ အမြန်ချောလုပ်ငန်းကို အဆင့်မြှင့်တင်ဖို့ ၂၀၀၉ ခုနှစ်မှာ Domestic Express Mail System (DEMS) ဆိုပြီး Tracking system ကို နည်းပညာအသုံးပြုပြောင်းလဲခဲ့တာပါ။ ၂၀၁၀ မှာ Postal Data Information System ဆိုပြီး တိုင်းဒေသကြီးနဲ့ ပြည်နယ်အသီးသီးမှာရှိတဲ့ စာတိုက်တစ်ခုချင်းစီရဲ့ အချက်အလက်တွေ၊ နေ့စဉ်လုပ်ငန်းဆောင်ရွက်မှုအခြေအနေတွေကို အွန်လိုင်းကတစ်ဆင့် နေ့စဉ်ချိတ်ဆက်ပြီး ကြီးကြပ်ကွပ်ကဲနိုင် ❜**

## အမြန်ချောလက်ခံရုံးတိုင်း ပိတ်ရက်မရှိ လက်ခံပေး

နံနက်ပိုင်းတွင်တော့ မေမေ့ကို ဆိုင်ဖွင့်ဖို့ကူညီပေးပြီး သူငယ်ချင်းဆီ စားစရာပို့ဖို့ စာတိုက်ကြီးဘက်သို့ ဆိုင်ကယ်ဖြင့် ထွက်လာခဲ့ပါသည်။ ရုံးရှေ့ရောက်မှ ဒီနေ့ စနေနေ့ရုံးပိတ်ရက်ပါလားဆိုတာ သတိရလိုက်ပြီး ပြန်လှည့်ဖို့အလုပ်မှာ ရုံးတံခါးမကြီး ဖွင့်ထားသည်ကိုတွေ့ရ၍ ဝင်သွားလိုက်ပါသည်။ စာရေးမလေးက “မင်္ဂလာပါရှင့် မြန်မာ့စာတိုက်လုပ်ငန်းက ကြိုဆိုပါတယ်။ ဘာများ ကူညီပေးရပါမလဲရှင်”ဆိုပြီး ကြိုဆိုလာပါသည်။

“အစ်မက ရုံးပိတ်တယ်ထင်ပြီး ပြန်တော့မလို့”ဆိုတော့ “ဟုတ်ကဲ့ရှင့် အမြန်ချောလက်ခံတဲ့ရုံးတိုင်း ပိတ်ရက်မရှိ လက်ခံပေးပါတယ်ရှင့်”

“အဲဒီလိုလား။ အမြန်နဲ့ ရိုးရိုးဆိုပြီး ရှိတာလား”ဆိုတော့ “ဟုတ်ကဲ့ရှင့်၊ ရိုးရိုးစာဆို ကျသင့်တဲ့တံဆိပ်ခေါင်း ကပ်ပြီး ရုံးရှေ့မှာရယ်၊ လမ်းတွေမှာရှိတဲ့ စာပုံးတွေမှာရယ် ထည့်ခဲ့ရင်ရပါပြီ။ ရိုးရိုးစာကတော့ ရရှိ၊ ပေးဝေမှုတွေကို မှတ်တမ်းမတင်ထားပါဘူးရှင့်။ မှတ်ပုံတင်စာ/ ပစ္စည်းနဲ့ အမြန်ချောစာ/ ပစ္စည်းတွေဆိုရင် ကောင်တာမှာ စာရင်းသွင်း လက်ခံပါတယ်။

“အရင်ကတော့ ပစ္စည်းတစ်ခုချင်းစီကို လက်ခံပြေစာလေးတွေ ရေးပေးပါတယ်။ အခုတော့ စာနဲ့ ချောပစ္စည်းတိုင်းမှာ QR Code လေးတွေကပ်ပေးပါတယ်။ အစ်မရဲ့စာ ရောက်၊ မရောက်ကို အရင်ကဆို တစ်ရုံးကနေတစ်ရုံး ကြေးနန်းရိုက်မေး၊ ဖုန်းတွေပေါ်လာတော့ ဖုန်းဆက်မေးပြီး အဆင့်ဆင့်မေးမြန်းရတာ၊ အခုလို QR Code လေးတွေ ကပ်ပေးတော့ Myanmar Post Website မှာ QR Code လေး Scan ဖတ်ပြီး Trace လိုက်လို့ရသွားပါပြီ။ ပေးဝေထားတဲ့ အခြေအနေကို ဘယ်သူက လက်ခံထားတယ်ဆိုတာအထိ အချိန်နဲ့တစ်ပြေးညီ သိနိုင်ပါပြီ။

“ဝက်ဘ်ဆိုက်က www.myanmarpost.com.mm ပါ။ Mobile Application လည်းရှိတော့ ဖုန်းထဲကနေ တိုက်ရိုက်ခြေရာခံလို့လည်း ရပါတယ်။ လုပ်ငန်းစဉ်တိုင်းကို ရောက်နေတဲ့ စာတိုက်တိုင်းကို မြင်နေရတာပါရှင့်။ စာတိုက်ရဲ့အချက်အလက်တွေ သိချင်ရင်လည်း ဝင်လေ့လာလို့ရပါတယ်။ မမနေတဲ့ ရပ်ကွက်ရဲ့ Postcode ကိုလည်း ရှာလို့ရသလို ဘယ်စာတိုက်က စာလာဝေပေးမှာလည်းဆိုတာရယ် အနီးဆုံး ဘယ်မှာရှိသလဲဆိုတာကိုပါ ကြည့်လို့ရပါတယ် ”

ကောင်တာမှညီမလေးက တော်တော်ပြည့်ပြည့်စုံစုံလေး စိတ်ရှည်ရှည်ဖြင့် ရှင်းပြနေစဉ်မှာပင် အစ်မတစ်ယောက်ထွက်လာပြီး “ဟိုနေ့က ဂျပန်ကို ပစ္စည်းလာပို့တဲ့ ညီမလေးပါလား” ဟု လာနှုတ်ဆက်ပါသည်။

“ဟုတ်ကဲ့အစ်မ။ အဲဒီနေ့က ဖုန်းထဲကနေ ပုံစံဖြည့်တာကို ကူညီပေးခဲ့လို့ ကျေးဇူးပါရှင့်”

“အော် EAD မဖြည့်တတ်လို့ ကူညီပေးလိုက်တာကိုလား။ ဒါ အစ်မတို့ ကူညီပေးရမယ့်ကိစ္စပါကွယ်”

“ EAD ဆိုတာဘာလဲဟင်။ အဲဒီနေ့က အစ်မ ကူပြီးဖြည့်ပေးလိုက်လို့သာ မြန်မြန်ပြီးသွားတာ။ ဘာကြောင့် အဲဒီလို ဖြည့်ရတာလဲဆိုတာ မသိလို့ပါ”လို့ မေးကြည့်လိုက်သည့်အခါ .....

“EAD ဆိုတာ Electronic Advance Data လို့ခေါ်ပါတယ်။ တစ်ဖက်နိုင်ငံကို ချောပစ္စည်းတွေပေးပို့တဲ့အခါ ပို့တဲ့ပစ္စည်းအမျိုးအစားတစ်ခုချင်းစီရဲ့ HS code တွေ၊ ပစ္စည်းထုတ်လုပ်တဲ့နိုင်ငံ၊ အရေအတွက်၊ တန်ဖိုး စတာတွေအပြင် လက်ခံမယ့်သူရဲ့ ပတ်စ်ပို့နံပါတ်၊ လိပ်စာ၊ ဆက်သွယ်ရမယ့်ဖုန်းနံပါတ်စတဲ့ အချက်အလက်တွေ အပြည့်အစုံထည့်ပေးရတာပါ။ ဒါမှ တစ်ဖက်နဲ့တစ်ဖက် ယုံကြည်စိတ်ချစွာပေးပို့နိုင်မှာလေ။ အကောက်ခွန်ဆိုင်ရာ ရှင်းလင်းရေးလုပ်ငန်းတွေ ဆောင်ရွက်တဲ့အခါ လွယ်ကူလျင်မြန်ပြီး မြန်မြန်ပေးဝေနိုင်မှာမို့ပါ။ မြန်မာနိုင်ငံကို ပို့ရင်လည်း အဲဒီလိုပဲဖြည့်ပေးရတယ်။

“UPU က သတ်မှတ်ထားတဲ့ IPS – International Postal System၊ CDS– Customs Declaration System ဆိုတဲ့ စနစ်တွေပေါ်မှာ အသုံးပြုပြီး အချက်အလက်တွေတင်ပို့ရတာ၊ တစ်ကမ္ဘာလုံးက စာတိုက်လုပ်ငန်းတွေက စတင်လက်ခံတဲ့အချိန်ကနေ ပေးဝေတဲ့အထိ အဆင့်တိုင်းကို ထည့်ပေးကြရတာ၊ အစ်မတို့ စာတိုက်ဝန်ထမ်းတွေက သက်ဆိုင်ရာအချက်တွေကို ထည့်ပေးထားတော့ ပေးဝေတာကိုလည်း အချိန်နဲ့တစ်ပြေးညီ Tracking လိုက်လို့ရတာပေါ့။ globaltracktrace.ptc.post Website အပြင် Myanmar Post Application တွေကနေလည်း ကြည့်လို့ရပါတယ်။ အခု မြန်မာနိုင်ငံကနေ နိုင်ငံ ၄၅ နိုင်ငံကို ချောပစ္စည်းပေးပို့နေတာမှာ ဒီစနစ်ကိုပဲ သုံးနေရတာပါ ညီမ”

“ဟုတ်လားအစ်မ။ မြန်မာ့စာတိုက်ကလည်း ကမ္ဘာနဲ့အမီ ခေတ်နောက်မကျဘဲ တော်တော်လေး အဆင့်မြှင့်မြှင့် လုပ်နေကြတာသိလိုက်ရလို့ ဂုဏ်ယူပါတယ် မမရယ်”

“ကျေးဇူးပါ ညီမလေး။ ဒါနဲ့ အခု ဘာပို့ဖို့ရှိသလဲ။ ဘာကူညီပေးရမလဲ”ဆိုပြီး မေးလာသဖြင့် ရန်ကုန်က သူငယ်ချင်းဆီကို စားစရာလေးပို့မည့်အကြောင်း ပြောပြလိုက်ပါသည်။ **စာမျက်နှာ ၁၃ သို့** ✪

❂ စာမျက်နှာ ၁၂ မှ

အဲဒီမမကထပ်ပြီး "နောက်ဆို စာတိုက်ရဲ့ Marketplace ကနေ မြန်မာ့စားစရာတွေ တိုက်ရိုက်ဝယ်လို့ရပါတယ်။ shop.myanmarpost.com.mm ကနေ MSME တွေရဲ့ ထုတ်ကုန်တွေရောင်းပေးနေပါတယ်။ စာတိုက်တံဆိပ်ခေါင်းစုချင်တဲ့ ဝါသနာရှင်တွေလည်း ဒီစာတိုက်ရဲ့ Shop ကနေပဲ ဝယ်ယူစုဆောင်းနေကြတာ"ဆိုပြီး ထပ်ပြောပြပါသည်။

"ဟုတ်လားမမ။ ဒါဆို အိမ်က ဖေဖေက တံဆိပ်ခေါင်းစုတာ ဝါသနာပါတယ်။ စာတိုက်အထိ သွားဝယ်စရာမလိုတော့ဘူး၊ အွန်လိုင်းကနေပဲ ဝယ်လို့ရတဲ့အကြောင်း ဖေဖေ့ကို ပြောပြရမယ်။ သူငယ်ချင်းကိုလည်း သူစားချင်တာရှိရင် စာတိုက် Shop ကနေ ဝယ်လို့ရတဲ့အကြောင်း ပြောလိုက်ပါမယ်"

"ဝယ်ရုံတင်မက ရောင်းလို့လည်း ရတယ်နော်ညီမ"ဆိုပြီးထပ်ပြောပြသည်။

မေမေက အိမ်၌ ဆိုင်ဖွင့်၍ အိမ်တွင်းစီးပွားရေးအနေဖြင့် ပြည်တွင်းဖြစ် ချည်ထည်များချုပ်ပြီး ရောင်းချနေသည့်အတွက် အွန်လိုင်းမှ တိုးချဲ့ပြီး ရောင်းဖို့စီစဉ်နေတာဆိုတော့ စိတ်ဝင်စားမိသွားပြန်သည်။

ထို့ကြောင့် "Myanmar Post Shop မှာ အွန်လိုင်းကရောင်းပြီး ငွေရောကောက်ပေးပါသလား"ဟုမေးလိုက်သည်။

"ရတာပေါ့။ ကောက်လို့ရတဲ့ငွေတွေကို ညီမလေးရဲ့ Bank Account ထဲထည့်ပေးမှာ။ ညီမကို အစ်မတို့ စာတိုက်ရဲ့ e-post system အသုံးပြုခွင့်ပေးပြီး အိမ်ကနေ အဆင်သင့်ထုပ်ပိုးပြီးမှ နီးစပ်ရာ စာတိုက်မှာ သွားပို့လို့လည်းရသလို Pick Up ပါ ခေါ်လို့ရတယ်။ ငွေသားလုံးဝကိုင်စရာမလိုတော့ လုပ်ငန်းမှာ ပွင့်လင်းမြင်သာမှုရှိတာပေါ့ကွယ်"

"အဲဒီလိုဆိုရင် တော်တော်ကောင်းပါတယ်။ ညီမ ပြန်လာခဲ့မယ်နော်။ ဘာအချက်အလက်တွေ လိုသလဲမသိဘူး"

"တစ်ခေါက်ပြန်လာနေရမှာ ပင်ပန်းပါတယ်ကွယ်။ Myanmar Post Website ကနေ လျှောက်ထားရုံပဲ။ လိုအပ်တဲ့ စာရွက်စာတမ်းတွေ အကုန်ဖော်ပြပေးထားပါတယ်။ စာရွက်စာတမ်းပြည့်စုံရင် အခုတစ်ခါတည်း အသုံးပြုခွင့်ရပါတယ်။ အပျောက်အရှအတွက် စိတ်မပူနဲ့နော်။ ပါဆယ်အာမခံ (Parcel Insurance) ယူလို့ရတော့ လုံခြုံစိတ်ချရတာပေါ့ကွယ်"

"အစ်မတို့ စာတိုက်မှာမရတာ ဘာမှ မရှိသလိုပဲနော်"ဟု စနောက်မိသည်။

"ဒါပေါ့ညီမရယ်။ စာတိုက်ရဲ့ Vision က "လူတိုင်းအတွက်မြန်မာ့စာတိုက်–Myanmar Post for Everyone" ပဲလေ" တဲ့။

"တခြားကော ဘာဝန်ဆောင်မှုတွေများ ရှိပါသေးသလဲ"

"ရှေးနှစ်ပေါင်းများစွာကတည်းက လုပ်ခဲ့တဲ့စာ၊ ပစ္စည်းပေးပို့တဲ့လုပ်ငန်းတွေအပြင် လုပ်ငန်းသစ်တွေကိုလည်း တိုးချဲ့လုပ်နေကြတာပါ။ ငွေပို့လွှာလုပ်ငန်းတွေဆို မြန်မာနိုင်ငံမှာ စာတိုက်လုပ်ငန်းစခဲ့တဲ့ ၁၈၂၇ ခုနှစ်လောက်ကတည်းက ရှိခဲ့တာ။ နိုင်ငံအနှံ့စာတိုက်တွေအကြားမှာ ငွေပို့လွှာစာရွက်လေးတွေကနေပဲ မိဘနဲ့ သားသမီး အစ၊ မိတ်ဆွေတွေ၊ စီးပွားရေးလုပ်ငန်းရှင်တွေအဆုံး ငွေပို့ခဲ့ကြတာ၊ ရိုးရိုးငွေပို့လွှာကနေပြီး အမြန်ငွေပို့လွှာဆိုပြီး Fax စက်တွေနဲ့ ပိုမိုမြန်ဆန်အောင် ဆောင်ရွက်နိုင်ခဲ့ကြတယ်။ လက်ရှိမှာတော့ Online Money Order ဆိုပြီး ပိုမိုမြင်သာအောင် အချိန်နှင့်တစ်ပြေးညီသိရှိအောင် လုပ်ထားပြီးပါပြီ။ အခုခေတ်မှာ ဘဏ်တွေပေါ်လာတော့ ငွေပို့ငွေယူ အများကြီးမရှိတော့ပေမယ့် ဘဏ်တွေနဲ့ပူးပေါင်းပြီး ငွေသွင်းငွေထုတ် ကိုယ်စားလှယ်အနေနဲ့ ပူးပေါင်းဆောင်ရွက်တာတွေ၊ Mobile Money Agent တွေ ဆက်လုပ်နေပါတယ်"

"တစ်နိုင်ငံလုံးမှာ စာတိုက်ပေါင်း ဘယ်လောက်ရှိပါသလဲ"

"အခုလက်ရှိမှာ ၈၁၅ ရုံးရှိပြီး တစ်နိုင်ငံလုံးနေရာအနှံ့ ကွန်ရက်ဖြန့်ကြက်ထားပါတယ်။ ၁၉၉၂ ခုနှစ်ကတည်းက အမြန်ချောလုပ်ငန်း စတင်ခဲ့ပြီး အခု ရုံး ၃၉၉ ရုံးရှိပြီ။ အမြန်ချောလုပ်ငန်းကို အဆင့်မြှင့်တင်ဖို့ ၂၀၀၉ ခုနှစ်မှာ Domestic Express Mail System (DEMS) ဆိုပြီး Tracking system ကို နည်းပညာအသုံးပြုပြောင်းလဲခဲ့တာပါ။ ၂၀၁၀ မှာ Postal Data Information System ဆိုပြီး တိုင်းဒေသကြီးနဲ့ ပြည်နယ်အသီးသီးမှာရှိတဲ့ စာတိုက်တစ်ခုချင်းစီရဲ့ အချက်အလက်တွေ၊ နေ့စဉ်လုပ်ငန်းဆောင်ရွက်မှု အခြေအနေတွေကို အွန်လိုင်းကတစ်ဆင့် နေ့စဉ်ချိတ်ဆက်ပြီး ကြီးကြပ်ကွပ်ကဲနိုင်ခဲ့တယ်"

"အခုလက်ရှိသုံးနေတဲ့ Delivery Monitoring System ကို ၂၀၁၇ ခုနှစ်မှာ အဲဒီစနစ် နှစ်ခုလုံးပါပြီး တစ်နေရာတည်းကနေ စာတိုက်လုပ်ငန်းကြီးတစ်ခုလုံးကို ကြီးကြပ်နိုင်နေပါပြီ"

"ညီမလေးတို့ စာတိုက်ကောင်တာမှာ စောင့်ရတဲ့အချိန်သက်သာဖို့ Smart Envelope တွေကိုလည်း အသုံးပြုလို့ရပါတယ်။ ကောင်တာမှာ ဝန်ထမ်းက လိပ်စာတွေ ရိုက်ထည့်ရတဲ့အချိန်ကို စောင့်နေစရာမလိုတော့ဘူးပေါ့ကွယ်။ Tracking Code ပါပြီးသားဆိုတော့ အဆင်သင့် Application မှာ Trace လိုက်ရုံပါပဲ"

"နည်းပညာတော်တော်သုံးထားတာပဲနော်။ ခုနက ကောင်တာမှာငွေချေတဲ့အခါ MMQR နဲ့ ချေလို့ရတယ်ဆိုတော့ ငွေသားပေးချေမှုတွေ လျှော့နည်းသွားမှာပေါ့နော်"

"ဟုတ်ပါတယ်။ ကောင်တာမှာ ဝန်ဆောင်ခတွေအားလုံးရော၊ တံဆိပ်ခေါင်းဝယ်တာကအစ အကုန် MMQR သုံးပြီး ပေးဆောင်နိုင်အောင်လုပ်ထားပါတယ်။ ပြီးတော့ လျှပ်စစ်မီတာခပေးချေတာ၊ ကားလက်မှတ်၊ လေယာဉ်လက်မှတ်တွေဝယ်တာ၊ ကားအာမခံ၊ မီးအာမခံဝယ်တာ စတဲ့ ဝန်ဆောင်မှုအသစ်တွေလည်း ပေးနေပါတယ်။ ပြည်သူတွေအားလုံး စာတိုက်ကိုရောက်တာနဲ့ လိုအပ်တာမှန်သမျှ ဖြည့်ဆည်းပေးနိုင်အောင် လုပ်ငန်းအသစ်တွေကို တိုးချဲ့လုပ်နေတာပါ။ နိုင်ငံတကာမှာလို အစိုးရနဲ့ ပြည်သူအကြား ဆောင်ရွက်ပေးနိုင်တဲ့လုပ်ငန်းတွေအားလုံးကို ချိတ်ဆက်ဆောင်ရွက်နိုင်ဖို့ ကြိုးစားနေပါတယ်"

"အခုလိုသိချင်သမျှ စိတ်ရှည်ရှည်နဲ့ ဖြေပေးတဲ့မမကို အလွန်ကျေးဇူးတင်ပါတယ်"

"အစ်မက ပိုပြီးကျေးဇူးတင်ရမှာပါ။ နိုင်ငံတော်ပိုင်စီးပွားရေးလုပ်ငန်းတစ်ခုဖြစ်တဲ့ မြန်မာ့စာတိုက်လုပ်ငန်းက ခေတ်အဆက်ဆက် နောက်ကျကျန်မနေဘဲ ပြည်သူတွေအတွက် ဘာတွေလုပ်ပေးနေလဲဆိုတာ ပြောပြပေးခွင့်ရလို့ပါ။ နောင်ပစ္စည်းပို့ချင်ရင် စာတိုက်ကို သတိရလိုက်ပါနော်ညီမ"

ကျေးဇူးတင်စကားပြောပြီး အပြန်လမ်းမှာတော့ ခေတ်ကာလရှည်လျားစွာတည်ရှိနေခဲ့သည့် စာတိုက်လုပ်ငန်းမှာ အခုအချိန်အထိ ရှင်သန်ရပ်တည်ဖို့၊ ဝင်ငွေတွေတိုးတက်ရရှိဖို့၊ နိုင်ငံတကာအဆင့်မီ လိုက်ပါဆောင်ရွက်ကြိုးစားနေကြသည့် မြန်မာ့စာတိုက်လုပ်ငန်း ဝန်ထမ်းများကို လေးစားစိတ်များဖြစ်ပေါ်လာပါသည်။ ယခုလို စာတိုက်ကိုချစ်သည့်စိတ်ဖြင့် ဆက်ကြိုးစားနေကြသော ဝန်ထမ်းများနှင့်သာဆိုလျှင် ကျွန်မတို့နိုင်ငံ၏ စာတိုက်လုပ်ငန်းက ခေတ်အဆက်ဆက် ရှင်သန်နေဦးမည်ဟု ဂုဏ်ယူတွေးတောနေမိပါတော့သည်။ ။

# နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆရာများ၏အခန်းကဏ္ဍအရေးကြီးကြောင်း ပါကစ္စတန်ဝန်ကြီးချုပ်ပြောကြား

**အစ္စလာမာဘတ် အောက်တိုဘာ ၅**

ပညာရေးဆိုင်ရာအဖွဲ့အစည်းများနှင့် ဆရာ/ဆရာမများသည် ပါကစ္စတန်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးနှင့် သာယာဝပြောရေးအတွက် အခြေခံအုတ်မြစ်ချသူများဖြစ်ကာ ၎င်းတို့၏ ဆောင်ရွက်ချက်များသည် နိုင်ငံ၏အနာဂတ်အား ပုံဖော်နေကြောင်း ပါကစ္စတန်ဝန်ကြီးချုပ် ရှာဗတ်ရှာရစ်က အောက်တိုဘာ ၅ ရက်တွင် ပြောကြားသည်။

**ပြောကြား**

ဆရာ/ဆရာမများသည် လူငယ်များအား ပြုစုပျိုးထောင်ရာတွင် အရေးကြီးသည့် အခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်သူများဖြစ်ကာ လူငယ်များ၏စွမ်းရည်ကို မြှင့်တင်ပေးခြင်း၊ ဗဟုသုတကိုချဲ့ထွင်ပေးခြင်းနှင့် လူ့အဖွဲ့အစည်းကို ပုံဖော်ရာတွင် အထောက်အကူဖြစ်စေမည့် တန်ဖိုးများကို ပျိုးထောင်ပေးခြင်းစသည့် အဓိကကျသောအခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်လျက်ရှိကြကြောင်း အောက်တိုဘာ ၅ ရက်တွင် ကျရောက်သည့် ကမ္ဘာ့ဆရာများနေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာတွင် ၎င်းက ပြောကြားသည်။ ပါကစ္စတန်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုသည် ပညာရေးစနစ်၏ အရည်အသွေးနှင့် ဆက်စပ်နေပြီး ဆရာ/ဆရာမများ၏ပညာရေးလုပ်ငန်းအပေါ် မြှုပ်နှံ၍ ဆောင်ရွက်မှုများနှင့် သက်ဆိုင်နေကြောင်း ၎င်းက ပြောကြားသည်။ ဉာဏ်ရည်တုနည်းပညာ၊ ရာသီဥတုပြောင်းလဲမှု တိုက်ဖျက်ရေး၊ နည်းပညာ ဆန်းသစ်မှုများနှင့် အလုပ်အကိုင်ဆိုင်ရာဈေးကွက်၏ပြောင်းလဲလာသည့် တောင်းဆိုချက်များအား တုံ့ပြန်ဆောင်ရွက်နိုင်သည့် အားလုံးပါဝင်သော အနာဂတ်ဦးစားပေး ပညာသင်ကြားရေးစနစ်တစ်ခုတည်ထောင်ရန် လိုအပ်ကြောင်း ၎င်းက တိုက်တွန်းပြောကြားခဲ့သည်။ အစိုးရအနေဖြင့် ဆရာ/ဆရာမများအား အသက်မွေးဝမ်းကျောင်းလုပ်ငန်းဆိုင်ရာ သင်တန်းများ၊ ခေတ်မီပညာရေးဆိုင်ရာ အရင်းအမြစ်များနှင့် သင်ကြားရေးနှင့် သင်ယူရေးဆိုင်ရာ အထောက်အကူပြု ပတ်ဝန်းကျင်များကို ဖြည့်ဆည်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ လူငယ်များတွင် စက်မှုလုပ်ငန်းနှင့် အလုပ်အကိုင်ဆိုင်ရာ လိုအပ်ချက်များနှင့် ကိုက်ညီသည့် ကျွမ်းကျင်မှုများ ရရှိလာစေရန်အတွက် အစိုးရအနေဖြင့် သင်ရိုးညွှန်းတမ်း ပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်လျက်ရှိသလို နည်းပညာနှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းများကိုလည်း တိုးချဲ့ဆောင်ရွက်လျက်ရှိကြောင်း ၎င်းက ပြောကြားခဲ့သည်။



ဖြောင့်မတ်တည်ကြည်မှု၊ ကရုဏာတရား၊ သည်းခံခွင့်လွှတ်မှု၊ စည်းကမ်းလိုက်နာမှု၊ တီထွင်ဖန်တီးနိုင်စွမ်း၊ အပြန်အလှန်လေးစားမှုနှင့် မျိုးချစ်စိတ်ဓာတ်တို့နှင့် ပြည့်စုံသည့် မျိုးဆက်သစ်တစ်ရပ်သည် အနာဂတ်တာဝန်များကို ထမ်းဆောင်နိုင်စွမ်းရှိလိမ့်မည်ဟု ယုံကြည်ကြောင်း ၎င်းက ထပ်လောင်းပြောကြားခဲ့သည်။

**ဆင်ဟွာ**

# ဂျပန်နိုင်ငံ အိုကီနာဝါဒေသတွင် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးကျူးလွန်သည့် ပြစ်မှုအတွက် ဒေသခံများ မကျေနပ်မှုမြင့်တက်

**တိုကျို အောက်တိုဘာ ၅**

ဂျပန်နိုင်ငံ၏ အိုကီနာဝါစီရင်စုတွင် တပ်စွဲထားသည့် အမေရိကန်ရေတပ်ဖွဲ့ဝင်တစ်ဦး ကျူးလွန်သော ခားပြတိုက်လူသတ်မှုတစ်ခုနှင့် ပတ်သက်၍ ဂျပန်အစိုးရက အမေရိကန်ဘက်သို့ ကန့်ကွက်ကြောင်း အောက်တိုဘာ ၅ ရက်တွင် အသိပေးပြောကြားခဲ့သည်။

တစ်ချိန်တည်းမှာပင် ဒေသတွင်း အမေရိကန်စစ်အခြေစိုက်စခန်းများ ရှိနေခြင်းနှင့် ဂျပန်အစိုးရ၏ ထိရောက်စွာ ကိုင်တွယ်ဖြေရှင်းမှု မရှိခြင်းတို့ကြောင့် အလားတူ ရာဇဝတ်မှုများ ဆက်လက်ဖြစ်ပွားနေရခြင်းဖြစ်ကြောင်း အိုကီနာဝါဒေသခံများက ကန့်ကွက်ပြောကြားခဲ့ပြီး အဆိုပါကိစ္စနှင့်ပတ်သက်၍ ဒေသခံများအကြား အမေရိကန်တပ်ဖွဲ့ဝင်များအား မကျေနပ်မှုမြင့်တက်ခဲ့ကြောင်း သိရသည်။

အောက်တိုဘာ ၃ ရက်က နာဟာမြို့ရှိ ဟိုတယ်တစ်ခုတွင် ဒေသခံအမျိုးသမီးတစ်ဦးအား လုယက်ပြီး လူသတ်မှုကျူးလွန်သည်ဟု သံသယရှိသည့် အမေရိကန်ရေတပ်ဖွဲ့ဝင်တစ်ဦးအား အိုကီနာဝါရဲတပ်ဖွဲ့က ဖမ်းဆီးခဲ့သည်။ ယခုကဲ့သို့ ရက်စက်ကြမ်းကြုတ်ပြီး ဆိုးရွားလှသော ရာဇဝတ်မှုမျိုး ဖြစ်ပွားခဲ့ရခြင်းမှာ "အလွန်တရာ ဝမ်းနည်းဖွယ်ရာဖြစ်သည်" ဟု ဂျပန်ဝန်ကြီးချုပ် တာကာချီဆာနေးက လူမှုမီဒီယာအိုက်စ်တွင် ရေးသားဖော်ပြခဲ့သည်။ ဂျပန်နိုင်ငံခြားရေးဝန်ကြီး Toshimitsu Motegi နှင့် ကာကွယ်ရေးဝန်ကြီး Shinjiro Koizumi တို့သည် ဂျပန်နိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး George Glass နှင့် ဂျပန်နိုင်ငံရှိ အမေရိကန်တပ်ဖွဲ့များ၏ တပ်မှူး Stephen Jost တို့ကို အသီးသီးခေါ်ယူတွေ့ဆုံကာ ပြင်းထန်စွာ ကန့်ကွက်ခဲ့ကြပြီး စည်းကမ်းထိန်းသိမ်းမှုကို တင်းကျပ်ရန်နှင့် အလားတူဖြစ်ရပ်များ ထပ်မံမဖြစ်ပွားစေရေးအတွက် စေ့စပ်သေချာသောအစီအမံများ ချမှတ်ဆောင်ရွက်ရန် တိုက်တွန်းခဲ့သည်။

ယခုကိစ္စသည် အိုကီနာဝါဒေသတစ်ခုတည်း၏ ပြဿနာမဟုတ်ဘဲ ဂျပန်အစိုးရ၏ ပြဿနာဖြစ်ကြောင်းနှင့် အလားတူကိစ္စများ ဖြစ်ပွားနေခြင်းရှိသော်လည်း အစိုးရအနေဖြင့် ဖြေရှင်းရန်ပျက်ကွက်ခဲ့သည်ဟု ဒေသခံတစ်ဦးက ပြောကြားသည်။

အိုကီနာဝါရှိ Uruma မြို့တွင် ဒေသခံများက "အိုကီနာဝါကို လူတွေ ငြိမ်းချမ်းစွာ နေထိုင်နိုင်တဲ့နေရာတစ်ခု ဖြစ်လာစေပါ" စသည့် ကြွေးကြော်သံများပါဝင်သော ဆိုင်းဘုတ်များကို ကိုင်ဆောင်ကာ ဆန္ဒပြခဲ့ကြကြောင်း သိရသည်။

**ဆင်ဟွာ**

# ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးသင်တန်း အမှတ်စဉ်(၁၃) သင်တန်းဖွင့်လှစ်



ရန်ကုန် အောက်တိုဘာ ၅

ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးသင်တန်း အမှတ်စဉ်(၁၃)၏ သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) ကေတုမတီခန်းမ၌ ကျင်းပရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးတင်မောင်ဝင်းက သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်များနှင့် နိုင်ငံတော်အစိုးရ၏ မျှော်မှန်းချက်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းသို့ သင်တန်းသား ၁၉ ဦး၊ သင်တန်းသူ ခုနစ်ဦး၊ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၂၆ ဦး တက်ရောက်ပြီး သင်တန်းကာလမှာ အောက်တိုဘာ ၅ ရက်မှ နိုဝင်ဘာ ၂၇ ရက်အထိ ဖြစ်ကြောင်း သိရသည်။

သင်တန်းဖွင့်ပွဲ အပြီးတွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌသည် ရတနာသိဃ်ခန်းမ၌ အရာထမ်းငယ်သင်တန်း အမှတ်စဉ်(၁၃၈)၊ အရာထမ်းလောင်း(အထူး)သင်တန်းအမှတ်စဉ်(၁၆)၊ အရာထမ်းအခြေခံသင်တန်း အမှတ်စဉ်(၂၂၇)တို့မှ သင်တန်းသား သင်တန်းသူများနှင့်တွေ့ဆုံပြီး ရုံးလုပ်ငန်းများ တစ်ပုံစံတည်းဖြစ်စေရေး၊ ဝင်စာ၊ ထွက်စာ ဖိုင်တွဲစနစ်များ စနစ်တကျ ဆောင်ရွက်တတ်စေရေး မှာကြားကာ တက္ကသိုလ်အတွင်း စိုက်ပျိုးထားသော ရာသီသီးနှံစိုက်ခင်း၊ တစ်သျှူးငှက်ပျော စိုက်ခင်း၊ ဌာနအလိုက်စိုက်ခင်းများ၊ တက္ကသိုလ်ဆေးရုံနှင့် သင်တန်းအိပ်ဆောင်များကို လှည့်လည်ကြည့်ရှုစစ်ဆေး၍ စံပယ်ဆောင် စားရိပ်သာ၌ အရာထမ်းငယ်သင်တန်း အမှတ်စဉ်(၁၃)မှ သင်တန်းသူများနှင့်အတူ နေ့လယ်စာကို အတူတကွ သုံးဆောင်သည်။

ထို့နောက် ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌသည် တက္ကသိုလ်အစည်းအဝေးခန်းမ၌ တက္ကသိုလ်သင်ကြား၊ စီမံဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် တွေ့ဆုံပြီး တက္ကသိုလ်မှ ဆောင်ရွက်လျက်ရှိသော စီမံခန့်ခွဲမှုဆိုင်ရာလုပ်ငန်းများနှင့် သင်တန်းဆိုင်ရာကိစ္စရပ် တင်ပြချက်များအပေါ် လိုအပ်သည်များ ပြင်ဆင်ဖြည့်စွက်မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကျောင်းသား ကျောင်းသူများ စာကြည့်တိုက်ကို ပိုမိုအသုံးပြုလာစေရေး စည်းရုံးဆောင်ရွက်ပေးရန် လိုအပ်

ပုသိမ် အောက်တိုဘာ ၅

ဧရာဝတီတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးခင်မောင်ကြည်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းက တက္ကသိုလ်၊ ကောလိပ် စာကြည့်တိုက်များ ရှင်သန်ခိုင်မာစေရေးနှင့် ကျောင်းသားကျောင်းသူများ စာပေဖတ်ရှုလေ့လာမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

တိုင်းဒေသကြီးလူမှုရေးရာဝန်ကြီးနှင့်အဖွဲ့သည် ပုသိမ်တက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်နှင့် ပုသိမ်ပညာရေးကောလိပ် စာကြည့်တိုက်များသို့ သွားရောက်၍ ကြည့်ရှုစစ်ဆေးခဲ့ရာ သက်ဆိုင်ရာ ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများနှင့် စာကြည့်တိုက်တာဝန်ခံများက ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ လူမှုရေးရာဝန်ကြီးက စာကြည့်တိုက်များသည် အမြဲတမ်း Active & Function ဖြစ်ရန်လိုအပ်ပြီး ကျောင်းသားကျောင်းသူများ စာကြည့်တိုက်ကိုပိုမိုအသုံးပြုလာစေရေး ဆရာ ဆရာမများနှင့် စာကြည့်တိုက်တာဝန်ခံများက စည်းရုံးဆောင်ရွက်ပေးရန် လိုအပ်ကြောင်း၊ စာကြည့်တိုက်ကိုအသုံးချပြီး ဘဝတိုးတက်ရာ တိုးတက်ကြောင်း ပညာရှာမှီးတတ်သည့်အလေ့အထများ ပိုမိုထွန်းကားလာရေး တည့်မတ်ညွှန်ပြပေးစေလိုကြောင်း၊ စာကြည့်တိုက်တွင် လူငယ်အကျိုးပြုစာအုပ်များကို ဖြည့်တင်းဆောင်ရွက်ပေးစေလိုကြောင်း မှာကြားပြီး စာကြည့်တိုက်များအတွက် သုတ၊ ရသစာအုပ်များ လှူဒါန်းခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



# နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) အရာထမ်းငယ်သင်တန်းအမှတ်စဉ် (၁၃၈) သင်တန်းဖွင့်



ရန်ကုန် အောက်တိုဘာ ၅

အရာထမ်းငယ် သင်တန်း အမှတ်စဉ်(၁၃၈) သင်တန်းဖွင့်ပွဲကို ယနေ့နံနက် ၈ နာရီတွင် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) ရတနာသိဃ်ခန်းမ၌ ကျင်းပရာ ပါမောက္ခချုပ် ဦးကျော်ထွေးက သင်တန်းဖွင့်အမှာစကား ပြောကြားပြီး ဒုတိယပါမောက္ခချုပ်(သင်ကြားရေး)၊ ဌာနမှူးများ၊ ပညာဌာနများမှ ပါမောက္ခ(ဌာနမှူး)များ၊ ပါမောက္ခများ၊ ဆရာ ဆရာမများ၊ ဝန်ကြီးဌာနများနှင့် အစိုးရအဖွဲ့အစည်းများမှ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

အရာထမ်းငယ် သင်တန်း အမှတ်စဉ်(၁၃၈)သို့ ဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများမှ သင်တန်းသား ၂၅၂ ဦး၊ သင်တန်းသူ ၄၉၈ ဦး စုစုပေါင်း ၇၅၀ တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ပွင့်ဖြူမြို့နယ်၌ လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှု အခြေခံသင်တန်းဖွင့်လှစ်

ပွင့်ဖြူ အောက်တိုဘာ ၅

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် အမှတ်(၄၆)စက်မှုလယ်ယာစခန်းက လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှုအခြေခံသင်တန်းဖွင့်ပွဲကို အောက်တိုဘာ ၅ ရက် နံနက်ပိုင်းက အဆိုပါမြို့နယ်စက်မှုလယ်ယာစခန်းတွင် ကျင်းပသည်။

ဦးစွာ ပွင့်ဖြူမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက အမှာစကားပြောကြားပြီး မင်းဘူးခရိုင်စက်မှုလယ်ယာဦးစီးဌာန ခရိုင်ဦးစီးမှူးက သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက သင်ထောက်ကူပစ္စည်းများကို သင်တန်းသားများအား ပေးအပ်ကြသည်။



အဆိုပါသင်တန်းကို မြို့နယ်အတွင်းရှိ ဒေသခံတောင်သူ ၃၀ တက်ရောက်ပြီး အောက်တိုဘာ ၅ ရက်မှ ၁၆ ရက်အထိ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

**လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**

# ဖြူးမြို့နယ်၌ လမ်းဘေးဝဲ / ယာ ရေနုတ်မြောင်းများတူးဖော်၍ သန့်ရှင်းရေးဆောင်ရွက်

ဖြူး အောက်တိုဘာ ၅

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ်၌ သဘာဝဘေးအန္တရာယ်ကြောင့် ရေကြီးရေလျှံမှုမဖြစ်ပွားစေရန် ရေနုတ်မြောင်းများ တူးဖော်ခြင်းနှင့် သန့်ရှင်းရေးဆောင်ရွက်ခြင်းကို ယနေ့ နံနက်ပိုင်းက ဆေးရုံရပ်ကွက်တွင် ပြုလုပ်သည်။

ထိုသို့ ဆောင်ရွက်ရာတွင် နယ်မြေခံတပ်နယ်နှင့် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီတို့ ပူးပေါင်း၍ သဘာဝဘေးအန္တရာယ်ကြောင့်ရေကြီးရေလျှံမှုမဖြစ်ပွားစေရေးအတွက် ရေစီးရေလာကောင်းမွန်စေရေး လမ်းဘေးဝဲ/ယာရှိ ရေနုတ်မြောင်းများကို တူးဖော်၍ သန့်ရှင်းရေးဆောင်ရွက်ခြင်းများကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ တပ်ရင်း/တပ်ဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူတို့က စုပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**



# အရန်မီးသတ်တပ်ဖွဲ့ဝင်များ မွမ်းမံသင်တန်းဖွင့်



သာပေါင်း အောက်တိုဘာ ၅

ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ် မီးသတ်ဦးစီးဌာနမှ အရန်မီးသတ်တပ်ဖွဲ့ဝင်များလေ့ကျင့်ရေး(မွမ်းမံ)သင်တန်း ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီက မြို့တော်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက အမှာစကားပြောကြားပြီး မီးသတ်ဦးစီးအရာရှိဦးစီး၍သင်တန်းနည်းပြဆရာ သုံးဦးက မီးသတ်ပညာရပ်များကို ဘာသာရပ်အလိုက် သင်ကြားပို့ချပေးသည်။

အဆိုပါသင်တန်းကို အောက်တိုဘာ ၅ ရက်မှ ၃၀ ရက်အထိ သင်တန်းသား ၅၀ အား စာတွေ့လက်တွေ့ သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# တနင်္သာရီတိုင်းဒေသကြီး၌ ၂၀၂၆ ခုနှစ် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် မြတ်ဆရာပူဇော်ပွဲ ကျင်းပ

ထားဝယ် အောက်တိုဘာ ၅

၂၀၂၆ ခုနှစ် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် မြတ်ဆရာပူဇော်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ ပုလဲဧကရီခန်းမ၌ ကျင်းပရာ ကျောင်းသား ကျောင်းသူများက "ဆရာဟူသည်" တေးသီချင်းဖြင့် အခမ်းအနားကို ဖွင့်လှစ်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ အဂ္ဂမဟာ သရေစည်သူ အဂ္ဂမဟာ သီရိသုဓမ္မ ဦးမင်းအောင်လှိုင်ထံမှ ၂၀၂၆ ခုနှစ် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာကို တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဇော်နိုင်ဦးက ဖတ်ကြားပြီး ကုလသမဂ္ဂလက်အောက်ခံအဖွဲ့(၄)ဖွဲ့၏ အဖွဲ့ခေါင်းဆောင်များမှ ပေးပို့သော စုပေါင်းသဝဏ်လွှာကို တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးသက်နိုင်က ဖတ်ကြားကာ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးတရားသူကြီးချုပ်နှင့် လူမှုရေးရာဝန်ကြီးတို့က ၂၀၂၆ ခုနှစ် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယ ဆုရရှိသော ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ရမ္မဇူဘုန်းတော်ကြီးသင်ပညာရေးကျောင်းမှ ကျောင်းသား ကျောင်းသူများက "လေးစားလျက်ပါ မြတ်ဆရာ" တေးသီချင်းဖြင့် တေးသရုပ်ဖော်ကပြဖျော်ဖြေကြပြီး ကန်တော့ခံ ဆရာကြီး၊ ဆရာမကြီးများက သဘာဝဘေးကြုံတွေ့ခဲ့ရသည့် ပြည်သူများအတွက် အလှူငွေကျပ် ၁၄ သိန်းကို ပေးအပ်ရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က လက်ခံရယူခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)





# ဟားခါးမြို့၌ ၂၀၂၆ ခုနှစ် ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ်အခမ်းအနားကျင်းပ

ဟားခါး အောက်တိုဘာ ၅

၂၀၂၆ ခုနှစ် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ဟားခါးမြို့ ချင်းပြည်နယ်အစိုးရအဖွဲ့ရုံးရှိ ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ဟားခါးမြို့ အမှတ်(၂) အခြေခံပညာနှင့် စက်မှုစိုက်ပျိုး၊ မွေးမြူရေးကျောင်းမှ ကျောင်းသား ကျောင်းသူများက "မြတ်ဆရာ" သီချင်းဖြင့် ဂုဏ်ပြုသီဆိုကာ အခမ်းအနားကို ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ အဂ္ဂမဟာသရေစည်သူ အဂ္ဂမဟာ သီရိသုဓမ္မ ဦးမင်းအောင်လှိုင်ထံမှ ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာကို ချင်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာဝုန်ဆွန်းထန်က ဖတ်ကြားပြီး ကုလသမဂ္ဂလက်အောက်ခံအဖွဲ့(၄)ဖွဲ့၏ အဖွဲ့ခေါင်းဆောင်များမှ ပေးပို့သော စုပေါင်းသဝဏ်လွှာကို ချင်းပြည်နယ်ပညာရေးမှူးက ဖတ်ကြားကာ ဟားခါးမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက "ပညာသည်သာ ရတနာ" သီချင်းဖြင့် သီဆိုဖျော်ဖြေကြသည်။

ယင်းနောက် ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများအား ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာဝုန်ဆွန်းထန်က လည်းကောင်း၊ အထက်တန်းအဆင့် ကဗျာရွတ်ဆိုပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများအား တရားလွှတ်တော် တရားသူကြီးချုပ် ဦးမြတ်စံက လည်းကောင်း၊ အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများအား ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးကလည်းကောင်း၊ အလယ်တန်းအဆင့် ကဗျာရွတ်ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများအား ပြည်နယ်လူမှုရေးရာဝန်ကြီးကလည်းကောင်း ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ခရိုင်(ပြန်/ဆက်)




# ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့၌ ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် အခမ်းအနားကျင်းပ

လားရှိုး အောက်တိုဘာ ၅

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့တွင် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက် ၉ နာရီက အမှတ် (၆) အခြေခံပညာအထက်တန်းကျောင်းရှိ ကမ္ဘောဇခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ အဂ္ဂမဟာသရေစည်သူ အဂ္ဂမဟာ သီရိသုဓမ္မ ဦးမင်းအောင်လှိုင်ထံမှ ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ်အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာကို ပြည်နယ်အုပ်ချုပ်ရေးအဖွဲ့ခွဲ (ရှမ်းမြောက်) အတွင်းရေးမှူး ရဲမှူးကြီး နေမျိုးထွဋ်က ဖတ်ကြားသည်။

ထို့နောက် ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့ (၄) ဖွဲ့၏ အဖွဲ့ခေါင်းဆောင်များမှ ပေးပို့သော စုပေါင်းသဝဏ်လွှာကို ပြည်နယ်ပညာရေးမှူးရုံး (ရုံးခွဲ) ရှမ်းမြောက်မှ ပြည်နယ်ပညာရေးမှူး ဦးတင့်ဆွေက ဖတ်ကြားသည်။

ဆက်လက်၍ ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် အခြေခံပညာအထက်တန်းနှင့် အလယ်တန်းအဆင့် စာစီစာကုံး၊ ကဗျာပြိုင်ပွဲများတွင် ထူးချွန်ဆုရရှိသည့် ကျောင်းသား ကျောင်းသူများအား ပြည်နယ်အုပ်ချုပ်ရေးအဖွဲ့ခွဲ (ရှမ်းမြောက်) အတွင်းရေးမှူးနှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုများနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

လူမော်(ပြန်/ဆက်)

# ကျောင်းကုန်းမြို့၌ ကမ္ဘာ့ဆရာများနေ့အခမ်းအနား ကျင်းပ

ကျောင်းကုန်း အောက်တိုဘာ ၅

ဧရာဝတီ တိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် ပညာရေးမှူးရုံးရှိ မြတ်ပညာခန်းမ၌ ၂၀၂၆ ခုနှစ် ကမ္ဘာ့ဆရာများနေ့အခမ်းအနားကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။



**ဖတ်ကြား**

အခမ်းအနားတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ အဂ္ဂမဟာသရေစည်သူ အဂ္ဂမဟာ သီရိသုဓမ္မ ဦးမင်းအောင်လှိုင်ထံမှ ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ်အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူးက ဖတ်ကြားသည်။ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့(၄)ဖွဲ့၏ အဖွဲ့ခေါင်းဆောင်များမှ ပေးပို့သော စုပေါင်းသဝဏ်လွှာကို ဒုတိယမြို့နယ် ပညာရေးမှူးက ဖတ်ကြားသည်။

ထို့နောက် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် ဆောင်းပါး၊ စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲများတွင် ဆုရရှိကြသော ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဆုများ ချီးမြှင့်ကြပြီး အသက်(၇၀) နှစ်အထက် ဆရာကြီး ဆရာမကြီး ၁၃၈ ဦးအား ပူဇော်ကန်တော့ခဲ့ကြောင်း သိရသည်။

ဝင်းကြိုင်(ပြန်/ဆက်)

# ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် မြတ်ဆရာပူဇော်ကန်တော့ပွဲ ကျင်းပ

ကွမ်းခြံကုန်း အောက်တိုဘာ ၅

ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ်တွင် ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် အငြိမ်းစား ဆရာကြီး ဆရာမကြီးများအား မြတ်ဆရာ ပူဇော်ကန်တော့ပွဲ အခမ်းအနားကို အောက်တိုဘာ ၅ ရက် နံနက် ၉ နာရီက အထက (၁) သီရိရတနာကျောင်းခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် မြတ်ဆရာ သီချင်းဖြင့် ပူဇော်ဖွင့်လှစ်ခဲ့ပြီး မြို့နယ်ပညာရေးမှူး ကိုယ်စား လက်ထောက် ပညာရေးမှူး ဦးဝင်းမင်းထွန်းက ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်အခမ်းအနား ပြုလုပ်ရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အငြိမ်းစား ဆရာကြီး ဆရာမကြီး ၃၂ ဦးအား ကန်တော့ပစ္စည်းများဖြင့် လျှုဒါန်း ပူဇော်ခဲ့ကြကြောင်း သိရသည်။

ဆွေနွယ်(ပြန်/ဆက်)

**စာအုပ်စာပေ လူ့မိတ်ဆွေ**

❖

**စာပေမြင့်မှ လူမျိုးတင့်မည်**

❖

**အလိမ္မာ စာမှာရှိ**

# ပူတာအိုခရိုင် အောင်ချက်မြင့်မားရန် မြို့နယ်အလိုက် စခန်းသွင်းလေ့ကျင့်သင်ကြားခြင်းများအတွက် ငွေကျပ်သိန်း ၁၀၀ မတည်ပံ့ပိုးပေးထား



မြစ်ကြီးနား အောက်တိုဘာ ၅

ယခုနှစ်တွင် Grade-12 ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူဦးရေ စုစုပေါင်း ၁၁၃၆ ဦးရှိနေပြီး ပူတာအိုခရိုင် အောင်ချက်မြင့်မားရန် မြို့နယ်အလိုက် စခန်းသွင်း လေ့ကျင့် သင်ကြားခြင်းများအတွက် ငွေကျပ်သိန်း ၁၀၀ ကို မတည် ပံ့ပိုးပေးထားကြောင်း ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်က ယနေ့တွင် ပူတာအိုမြို့ ဖုန်ကန်ရာဇီခန်းမ၌ တက္ကသိုလ်ဝင်တန်း အောင်ချက်မြင့်မားရေးအတွက် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ ပညာရေးမှူးများ၊ ကျောင်းအုပ်များ၊ Grade-12 ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံစဉ် ပြောကြားသည်။

**တက်ရောက်**

ထို့ပြင် ဖုန်ကန်ရာဇီခန်းမ၌ ကျင်းပသည့် ၂၀၂၆ ခုနှစ် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် အခမ်းအနားသို့တက်ရောက်အမှာစကားပြောကြားပြီး ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ အဂ္ဂမဟာသရေစည်သူ အဂ္ဂမဟာသီရိသုဓမ္မ ဦးမင်းအောင်လှိုင်ထံမှ ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် အခမ်းအနားသို့ ပေးပို့သော သဝဏ်လွှာကို ဖတ်ကြားသည်။

ထို့အတူ ပြည်နယ်ပညာရေးမှူးက ကုလသမဂ္ဂ လက်အောက်ခံ အဖွဲ့လေးဖွဲ့၏ အဖွဲ့ခေါင်းဆောင်များထံမှ ပေးပို့လာသော စုပေါင်းသဝဏ်လွှာအား ဖတ်ကြားပြီး ပြည်နယ်ဝန်ကြီးချုပ်က ၂၀၂၆ ခုနှစ် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် ထူးချွန်ဆုရ ဆရာမတစ်ဦးနှင့် ခေါင်လန်ဖူးမြို့မှ ရန်ကုန်တိုင်းဒေသကြီး သင်္ဃန်းကျွန်းမြို့နယ်သို့ ပြောင်းသွားသည့် ဆရာတစ်ဦးအား ချီးမြှင့်ငွေများ ပေးအပ်သည်။

အလားတူ ပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး၊ ရဝမ်တိုင်းရင်းသားရေးရာဝန်ကြီးနှင့် ပြည်နယ်ပညာရေးမှူးတို့က ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် စာစီစာကုံး၊ ကဗျာပြိုင်ပွဲများတွင် ဆုရရှိသည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်ကြသည်။

ဆက်လက်၍ လန်းတောင်-၂ ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းခွဲ၌ ကျင်းပသည့် ဒေသခံ တောင်သူများအား ဆောင်းသီးနှံ ဆီမုန်ညင်းမျိုးစေ့ ပေးအပ်ပွဲသို့ တက်ရောက်အမှာစကားပြောကြားပြီး ပြည်နယ်ဝန်ကြီးချုပ်သည် ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ တိုးချဲ့စိုက်ပျိုးမည့် တောင်သူများအတွက် ဆီမုန်ညင်းမျိုးစေ့ ၁၉ တင်း၊ ခြံဝင်းကာရံနိုင်ရေးအတွက် ငွေကျပ်သိန်း ၅၀၊ ဆီမုန်ညင်းစိုက်ပျိုးမည့် တောင်သူများအတွက် ရွက်ဖျန်းမြေဩဇာများကို ထောက်ပံ့ပေးအပ်သည်။

ပြည်နယ်(ပြန်/ဆက်)

# ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် မြတ်ဆရာပူဇော်ပွဲအခမ်းအနား ကျင်းပ

ရန်ကုန် အောက်တိုဘာ ၅

ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ်၌ ၂၀၂၆ ခုနှစ် အောက်တိုဘာ ၅ ရက်တွင် ကျရောက်သည့် ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် မြတ်ဆရာပူဇော်ပွဲအခမ်းအနားကို အခြေခံပညာအလယ်တန်းကျောင်း မြို့မကျောင်း၌ ယနေ့နံနက်ပိုင်းက ကျင်းပသည်။

ဦးစွာ အခမ်းအနားတက်ရောက်လာသူများက အပူဇော်ခံ ဆရာကြီး ဆရာမကြီးများအား ကန်တော့လက်ဆောင်ပစ္စည်းများ လှူဒါန်းခဲ့ကြသည်။

ထို့နောက် ကန်တော့ခံဆရာကြီးများကိုယ်စား ဆရာကြီးတစ်ဦးက ဆုတောင်းမေတ္တာစကား ချီးမြှင့်ပြီး အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို၍ ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

သန့်ဇင်ထွန်း



# လူငယ်ရေးရာအသိပညာပေးဟောပြောပွဲ ကျင်းပ

မြဝတီ အောက်တိုဘာ ၅

ကရင်ပြည်နယ် မြဝတီမြို့တွင် လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲကို ယနေ့နံနက်ပိုင်းက အခြေခံပညာမူလတန်း စောနေစိုးမြကျောင်း၌ ကျင်းပသည်။

ဟောပြောပွဲတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူးက သဘာဝပတ်ဝန်းကျင်ထိခိုက်စေနိုင်သည့် အချက်များ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူးက မျိုးဆက်သစ် လူငယ်လူရွယ်များ သိရှိလိုက်နာစောင့်ထိန်းရမည့်ကျင့်ဝတ်များ၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စု(မြဝတီ)မှ ဒုရဲမှူးက လူကုန်ကူးမှုအန္တရာယ်များနှင့် ဖြစ်ပွားရသည့်အကြောင်းရင်းများကို ဟောပြောခဲ့ကြောင်း သိရသည်။

ဆောင်းနှင်းဖြူ (ပြန်/ဆက်)



# ပုသိမ်မြို့၌ ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် အခမ်းအနား ကျင်းပ

ပုသိမ် အောက်တိုဘာ ၅

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ရတနာတန်ဆောင်ခန်းမတွင် ယနေ့နံနက်ပိုင်းက ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် အခမ်းအနားကျင်းပရာ အခမ်းအနားသို့ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆရာ ဆရာမများနှင့် ဆုရကျောင်းသား ကျောင်းသူများ တက်ရောက်သည်။

ဦးစွာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ အဂ္ဂမဟာသရေစည်သူ အဂ္ဂမဟာသီရိသုဓမ္မ ဦးမင်းအောင်လှိုင်ထံမှ ပေးပို့သည့် သဝဏ်လွှာအား ဧရာဝတီတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးက ဖတ်ကြားသည်။ ထို့နောက် အသက်(၇၀) နှစ်နှင့်အထက် ပညာရေးဌာနမှ အငြိမ်းစားယူထားသော ဆရာကြီး ဆရာမကြီးများအား ပူဇော်ကန်တော့ခဲ့ကြပြီး AD Myanmar ကိုယ်ပိုင်မူလတန်းကျောင်းမှ လမ်းပြကြယ်သီချင်းဖြင့် သီဆိုဖျော်ဖြေခဲ့ကြသည်။



ယင်းနောက် ၂၀၂၆ ခုနှစ် ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် အခြေခံပညာအထက်တန်း၊ အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲနှင့် ကဗျာပြိုင်ပွဲတွင် ဆုရရှိသော ကျောင်းသား ကျောင်းသူများအား တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး၊ ကရင်တိုင်းရင်းသားရေးရာဝန်ကြီးနှင့် တိုင်းဒေသကြီး ပညာရေးမှူးရုံး ဒုတိယညွှန်ကြားရေးမှူးချုပ်တို့က ဂုဏ်ပြုဆုများ ချီးမြှင့်ခဲ့ကြောင်း သိရသည်။

ကျော်ဟိန်း(ပြန်/ဆက်)

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့နယ်တွင် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် အာစရိယပူဇော်ပွဲကို အောက်တိုဘာ ၅ ရက်က အခြေခံပညာအထက်တန်းကျောင်း ပုလဲဆောင်ခန်းမ၌ ကျင်းပရာ အခမ်းအနားတက်ရောက်လာသူများက ဆရာကြီး ဆရာမကြီးများအား ကန်တော့ခံပစ္စည်းများ ပေးအပ်စဉ်။

မျိုးညွန့်ရွှေ(မိုးနဲ)



# ရေမြစ်ကြီး- ကင်းဆိုး ကျေးရွာချင်းဆက် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်



မြိတ် အောက်တိုဘာ ၅

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ် အင်္ဂမော်ကျေးရွာအုပ်စုရှိ ကျေးလက်နေပြည်သူများ ရာသီမရွေး သွားလာမှုအဆင်ပြေချောမွေ့စေရေးအတွက် ရေမြစ်ကြီး-ကင်းဆိုးကျေးရွာချင်းဆက် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိသည်။

ရေမြစ်ကြီး-ကင်းဆိုး ကျေးရွာချင်းဆက်လမ်း (၄/၀)မိုင်တွင် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်ထောင်စုရန်ပုံငွေဖြင့် လမ်းအရှည်တစ်မိုင်၊ အကျယ် ၁၂ ပေ၊ ဒုခုနစ်လက်မ ကွန်ကရစ်လမ်းခင်းခြင်းကို ဇွန်လကုန်တွင် စတင်ဆောင်ရွက်ခဲ့ရာ ၈၀ ရာခိုင်နှုန်းဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ခိုင်ထူး (ပြန်/ဆက်)

**သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့**

# ရှမ်းပြည်နယ်(တောင်ပိုင်း) ဟိုပုံးမြို့နယ် နားလုံကျေးရွာအနီး အွန်လိုင်းလိမ်လည် လောင်းကစားမှုကျူးလွန်သူ ၈၇ ဦးအား လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၅**

နိုင်ငံတော်အစိုးရအနေဖြင့် မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် နယ်စပ်ဖြတ်ကျော် ဝင်ရောက်လာပြီး ဒေသတွင်း ပြည်သူလူထုကိုသာမက ကမ္ဘာတစ်ဝန်းရှိ လူသားမျိုးနွယ်အားလုံး၏ လူမှုစီးပွားဘဝများကို ထိခိုက်ပျက်စီးအောင် အလုံးစုံအန္တရာယ်ပေးလျက်ရှိသည့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှု ကျူးလွန်သူများအား ရှာဖွေဖော်ထုတ်တားဆီးကာကွယ်ခြင်းများကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အလေးထားဆောင်ရွက်လျက်ရှိသည့်အပြင် အိမ်နီးချင်းနိုင်ငံ အစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ ထိထိရောက်ရောက် ရှာဖွေဖော်ထုတ် ဖမ်းဆီးအရေးယူခြင်းများ ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ အရှိန်အဟုန်ဖြင့် တက်ကြွစွာဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(တောင်ပိုင်း) ဟိုပုံးမြို့နယ်အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ကျူးလွန်လုပ်ကိုင်နေသူများအား လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့သည်။

ဟိုပုံးမြို့နယ်အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုပြုလုပ်သူများသည် ယာယီလူနေတဲများ ဆောက်လုပ်၍ အခြေပြုခိုအောင်းလုပ်ကိုင်လျက်ရှိကြောင်း တာဝန်သိဒေသခံပြည်သူများ၏ သတင်းပေးပို့ချက်အရ နယ်မြေလုံခြုံရေးဆောင်ရွက်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များပါသော ပူးပေါင်းအဖွဲ့များက သတင်းကွင်းဆက် ရယူဖော်ထုတ်၍ နယ်မြေလုံခြုံရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာ ယနေ့နံနက် ၇ နာရီခန့်တွင် ဟိုပုံးမြို့နယ် မိုင်းပွန်မြို့၏ အနောက်တောင်ဘက် ၂၁ ကီလိုမီတာခန့်အကွာ နားလုံကျေးရွာအနီး၌ အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်နေသည့် မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် နယ်စပ်ဖြတ်ကျော်ဝင်ရောက်လာသော တရုတ်နိုင်ငံသား အမျိုးသား ၇၅ ဦးနှင့် မြန်မာနိုင်ငံသား ၁၂ ဦး စုစုပေါင်း ၈၇ ဦးတို့အား အလျား ပေ ၆၀၊ အနံ ပေ ၂၀ လူနေဆောင်နှင့် အလုပ်ရုံတွဲလျက် ယာယီမိုးကာတဲ နှစ်လုံး၊ အလျား ပေ ၄၀၊ အနံ ပေ ၂၀ စားချက်ဆောင် ယာယီမိုးကာတဲ တစ်လုံး၊ အလျားပေ ၄၀၊ အနံပေ ၂၀ ဆောက်လုပ်ဆဲ ယာယီမိုးကာတဲ တစ်လုံး၊ Star Link လေးစုံ၊ All in One Computer ၁၇ လုံး၊ Laptop နှစ်လုံး၊ ဖုန်းမျိုးစုံ ၅၂၄ လုံးတို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။




ရှမ်းပြည်နယ်(တောင်ပိုင်း) ဟိုပုံးမြို့နယ် နားလုံကျေးရွာအနီး အွန်လိုင်းလိမ်လည် လောင်းကစားမှု လုပ်ကိုင်နေသူများအား လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီး ရမိသည့်နေရာပြပုံ။



ရှမ်းပြည်နယ်(တောင်ပိုင်း) ဟိုပုံးမြို့နယ် နားလုံကျေးရွာအနီး ဖမ်းဆီးရမိသည့် အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်သူများအား တွေ့ရစဉ်။

ထိုသို့ ဖမ်းဆီးရမိခဲ့သည့် အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်သူများအား လိုအပ်သည့် စစ်ဆေးမှုများ ဆောင်ရွက်ပြီးစီးပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်ပြင်းထန်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပြီး သိမ်းဆည်းရမိသည့် လုပ်ငန်းသုံးပစ္စည်းများကိုလည်း လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။ ထို့ပြင် တရားမဝင် ဆောက်လုပ်ထားသည့် လူနေတဲများနှင့် လုပ်ငန်းသုံးတဲများကိုလည်း စနစ်တကျဖြိုချ ဖျက်ဆီးသွားမည်ဖြစ်ကြောင်းနှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ အခြေချလုပ်ကိုင်နိုင်ခြင်းမရှိစေရေးနှင့် အပြီးတိုင်ပပျောက်စေရေးတို့အတွက် အမြစ်ပြတ်တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်မပြတ် အထူးအလေးထား၍ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။



အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့် လုပ်ငန်းသုံးယာယီတဲများနှင့် ဆောက်လုပ်ဆဲယာယီတဲများကို တွေ့ရစဉ်။



အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့် လုပ်ငန်းသုံး ဆက်စပ်ပစ္စည်းများကို တွေ့ရစဉ်။

၁၀၀

# စိတ်ကျန်းမာရေးမကောင်းသူ အမျိုးသားတစ်ဦးကို ပင်လယ်ပြင် ကျားဖောင်လုပ်ငန်း၌လုပ်ကိုင်ရန် ခြိမ်းခြောက်ခေါ်ဆောင်ပြီး လုပ်အားခငွေများ ခေါင်းပုံဖြတ်ရယူရန် ဆောင်ရွက်ခဲ့သူများအား လူကုန်ကူးမှုဖြင့် အလုပ်နှင့်ထောင်ဒဏ်ချမှတ်

**နေပြည်တော် အောက်တိုဘာ ၅**

စိတ်ကျန်းမာရေး မကောင်းသူ အမျိုးသားတစ်ဦးကို ပင်လယ်ပြင် ကျားဖောင်လုပ်ငန်း၌ လုပ်ကိုင်ရန် ခြိမ်းခြောက်ခေါ်ဆောင်ပြီး လုပ်အားခငွေများ ခေါင်းပုံဖြတ်ရယူရန် ဆောင်ရွက်ခဲ့သူများအား လူကုန်ကူးမှုဖြင့် အလုပ်နှင့်ထောင်ဒဏ်၁၅နှစ်ချမှတ်ပြီး တိမ်းရှောင်တရားခံများကို ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၈၇/၈၈ အတည်ပြု ထုတ်ဆင့်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်နေ စိတ်ကျန်းမာရေး မကောင်းသူ အမျိုးသားတစ်ဦး နေအိမ်မှ ပျောက်ဆုံးသွားသဖြင့် ဖခင်ဖြစ်သူ ဦးမောင်မောင်လွင်က လိုက်လံရှာဖွေခဲ့ရာ ၎င်း၏သားဖြစ်သူအား တစ်မြို့နယ်တည်းနေ ဇော်လှိုင်မောင်၊ ဆိုတေး၊ ထွန်းဝင်းလှိုင်(ခ)ကုလားဝတုတ်၊ ကျော်နိုင်ဦး(ခ)ဖိုးကျော်၊ အောင်ဆန်း(ခ)ဘုံတို၊ မမြမြထွေး(ခ)ကလေးမနှင့် မရီရီသန်းတို့က ခြိမ်းခြောက်ခေါ်ဆောင်ကာ ကျားဖောင်ရေလုပ်ငန်းသို့ပို့ဆောင်၍ လုပ်အားခအပေါ် ခေါင်းပုံဖြတ်အကျိုးအမြတ်ရယူရန် အေးလွင်၊ မကံ့ကော်ပန်း(ခ)ပုံ့ပုံ့နှင့် အောင်ကိုဦးတို့နှင့် ချိတ်ဆက်ဆောင်ရွက်ခဲ့ကြောင်း စိစစ်ပေါ်ပေါက်သဖြင့် အမှတ်(၆) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စု(ရန်ကုန်)မှ တရားလိုပြုလုပ်တိုင်တန်းခဲ့ရာ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်သောင်ကြီးနယ်မြေရဲစခန်းက လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ဥပဒေပုဒ်မ ၃၈(ခ)ဖြင့် အမှုရေးဖွင့် တရားစွဲတင်ခဲ့ပြီး အောက်တိုဘာ ၁ ရက်တွင် အင်းစိန်ခရိုင်တရားရုံးမှ ဖမ်းမိတရားခံ အေးလွင်၊ မကံ့ကော်ပန်း(ခ)ပုံ့ပုံ့(မ)၊ အောင်ကိုဦးနှင့် ဇော်လှိုင်မောင်တို့ လေးဦးအား လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ဥပဒေပုဒ်မ ၃၈(ခ)အရ အလုပ်နှင့် ထောင်ဒဏ် ၁၅ နှစ်စီ ကျခံစေရန် အမိန့်ချမှတ်ခဲ့ပြီး တိမ်းရှောင်တရားခံ ဆိုတေး၊ ထွန်းဝင်းလှိုင်(ခ)ကုလားဝတုတ်၊ ကျော်နိုင်ဦး(ခ)ဖိုးကျော်၊ အောင်ဆန်း(ခ)ဘုံတို၊ မြမြထွေး(ခ)ကလေးမ(မ)နှင့် ရီရီသန်း(မ)တို့ ခြောက်ဦးကို ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၈၇/၈၈ အတည်ပြု ထုတ်ဆင့်ခဲ့ကြောင်း သိရသည်။

ထို့ပြင် လူမှုကွန်ရက်စာမျက်နှာ Hlaing Info မှ "မြန်မာကျားဖြန့်ဂိုဏ်းတွေက ဘီလာရုစ်အဆိုတော်ကို သတ်ပြီး ကိုယ်တွင်းအင်္ဂါတွေ ထုတ်ယူသွားခဲ့တယ်လို့ သတင်းထွက်" ဟူသော ခေါင်းစဉ်ဖြင့် ဖော်ပြပါရှိသဖြင့် စိစစ်ဆောင်ရွက်ခဲ့ရာ မြန်မာနိုင်ငံသား ကျော်သူ(ခ)စောကျော်သူ၊ ဇင်မင်းထွန်း၊ ရဲလင်းထွန်း(ခ)ကိုရဲ၊ ညီညီသက်နှင့် မနန်းပေါင်းဟွမ်း(ခ)ဆိုဖီယာ(ခ)Li Li(ခ) ကျင်းကျင်းတို့ ငါးဦးက ဘီလာရုစ်နိုင်ငံသူ တစ်ဦးအား ငွေကြေးဖြင့် မက်လုံးပေးခေါ်ဆောင်၍ မြန်မာနိုင်ငံသား မျိုးဇော်လင်း၊ ဝသုန်အောင်(ခ)ဝသုန်၊ ရန်ပိုင်စိုး(ခ)အငယ်လေး၊ Tajikistan နိုင်ငံသား MUKAIR SHOEV RUSTAM နှင့် ODINAEN ALIJON တို့ ငါးဦးနှင့် ချိတ်ဆက်၍ Online ငွေကြေးလိမ်လည်သည့် လုပ်ငန်းသို့ ပို့ဆောင်ကာ အဓမ္မအလုပ်ခိုင်းစေ၍ လုပ်အားခအပေါ် အကျိုးအမြတ်ရယူရန် ပူးပေါင်းကြံစည်ခဲ့ကြောင်း စိစစ်ပေါ်ပေါက်သဖြင့် အမှတ်(၆)မှူခင်းရဲတပ်ဖွဲ့စု(ရန်ကုန်)မှ တရားလိုပြုလုပ်တိုင်တန်းခဲ့ရာ မင်္ဂလာဒုံမြို့မရဲခစန်းက လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ဥပဒေပုဒ်မ ၃၈(က)/၄၄ အရ အမှုရေးဖွင့်တရားစွဲတင်ခဲ့ပြီး အောက်တိုဘာ ၁ ရက်တွင် မင်္ဂလာဒုံခရိုင်တရားရုံးမှ ဖမ်းမိတရားခံ ကျော်သူ(ခ)စောကျော်သူ၊ ဇင်မင်းထွန်း၊ ရဲလင်းထွန်း(ခ)ကိုရဲ၊ ညီညီသက်နှင့် နန်းပေါင်းဟွမ်း(ခ)ဆိုဖီယာ(ခ)Li Li (ခ)ကျင်းကျင်း(မ)တို့ ငါးဦးအား လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ဥပဒေပုဒ်မ ၃၈(က)အရ အလုပ်နှင့် ထောင်ဒဏ် ၂၁ နှစ်စီ ကျခံစေရန် အမိန့်ချမှတ်ခဲ့ပြီး တိမ်းရှောင်တရားခံ မြန်မာနိုင်ငံသား မျိုးဇော်လင်း၊ ဝသုန်အောင် (ခ) ဝသုန်၊ ရန်ပိုင်စိုး(ခ)အငယ်လေး၊ Tajikistan နိုင်ငံသား MUKAIR SHOEV RUSTAM နှင့် ODINAEN ALIJON တို့ ငါးဦးကို ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၈၇/၈၈ အတည်ပြု ထုတ်ဆင့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



















# လေးမျက်နှာမြို့နယ်နှင့် ရေကြည်မြို့နယ်တို့၌ ရေများပြန်လည်ကျဆင်းသွားပြီဖြစ်သည့်အတွက် ပြည်သူ့ဆေးရုံများ ပြန်လည်ဖွင့်လှစ်

**နေပြည်တော် အောက်တိုဘာ ၅**

ဧရာဝတီ တိုင်းဒေသကြီး လေးမျက်နှာမြို့နယ် အတွင်း ဇူလိုင် ၃၀ ရက် ညပိုင်းတွင် မိုးသည်းထန်စွာ ရွာသွန်းမှုနှင့် မြစ်ရေတိုက်စားမှု များကြောင့် ငဝန်မြစ်ရေကာတာ၏ အောက်ခံမြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ လေးမျက်နှာမြို့နယ်နှင့် ရေကြည်မြို့နယ်တို့ရှိ ရပ်ကွက်များအတွင်းသို့ ရေဝင်ရောက်မှုများ ဖြစ်ပွားခဲ့သဖြင့် အဆိုပါမြို့နယ်များရှိ ပြည်သူ့ဆေးရုံများ ယာယီပိတ်ထားခဲ့ရာမှ အောက်တိုဘာ ၁ ရက်တွင် ရေများပြန်လည်ကျဆင်းသွားသဖြင့် လေးမျက်နှာမြို့နယ် အိုင်သပြုတိုက်နယ်ဆေးရုံ၊ လေးမျက်နှာမြို့နယ်ပြည်သူ့ဆေးရုံနှင့် ရေကြည်မြို့နယ် ငါးသိုင်းချောင်းတိုက်နယ်ဆေးရုံတို့ကို ပြန်လည်ဖွင့်လှစ်၍ ကျန်းမာရေး စောင့်ရှောက်မှု ပေးလျက်ရှိသည်။



အဆိုပါ ရေဝင်ရောက်ခဲ့သော လေးမျက်နှာမြို့နယ် အမှတ်(၁) ရပ်ကွက်၌ ပြည်သူ့ကျန်းမာရေး ဝန်ထမ်းများက ရေဝင်နစ်မြုပ်ခဲ့သော ရေထွက်ပင်ရင်းများအား ကလိုရင်းဆေးခတ်ခြင်း၊ ပတ်ဝန်းကျင် သန့်ရှင်းရေးလုပ်ငန်း ဆောင်ရွက်ခြင်း၊ ကလိုရင်း သုံးကြိမ်ခတ်ထားပြီးသော ရေထွက်ပင်ရင်းများမှ ကောက်ယူထားသော ရေနမူနာများ၏ ကလိုရင်းအကြွင်း စစ်ဆေးခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

လေးမျက်နှာမြို့နယ်တွင်ပြည်သူများ သန့်ရှင်းသောသောက်သုံးရေ ရရှိရေး ဆောင်ရွက်နေမှုကို ယမန်နေ့က ကျန်းမာရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ပါမောက္ခ ဒေါက်တာရဲမြင့်နှင့် အဖွဲ့သည် သွားရောက် ကြည့်ရှုစစ်ဆေးပြီး ပြည်သူ့ဆေးရုံရှိ ဆေးစတိုတွင် အရေးပေါ်နှင့် အခြေခံဆေးဝါးများ အလုံအလောက် ပြန်လည်ဖြည့်တင်းထားရှိရေး၊ အရေးပေါ်ခွဲစိတ်ခန်း၊ သားဖွားခန်းနှင့်ဓာတ်မှန်ခန်းများ အမြန်ဆုံး ပြန်လည်ဖွင့်လှစ်နိုင်ရေးနှင့် လတ်တလော ပြုပြင်နေစဉ်အတွင်း အရေးပေါ်ခွဲစိတ်လူနာများအား အချိန်နှင့်တစ်ပြေးညီ လွှဲပြောင်းပေးနိုင်ရေး လူနာတင်ယာဉ်များ စီစဉ်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

★ **နယ်သာလန်မှ**

နယ်သာလန် အသင်းဟာ ဆားဘီးယားအသင်းကို အနိုင်ရရှိခဲ့တာကြောင့် လေးပွဲကစား၊ နှစ်ပွဲနိုင်၊ နှစ်ပွဲသရေ၊ ရမှတ်ရှစ်မှတ်ဖြင့် အုပ်စုထိပ်ဆုံးကို တက်လှမ်းခွင့်ရရှိခဲ့ပါတယ်။

နည်းပြဇာဗီဟာ နယ်သာလန်အသင်းကို စတင်တာဝန်ယူကိုင်တွယ်တဲ့လေးပွဲစလုံး ရှုံးပွဲမရှိသေးသလို အသက် ၃၅ နှစ်အရွယ်ရှိနောက်တန်းကစားသမား ဗန်ဒိုက်ကလည်း အခုပွဲစဉ်မှာ ပွဲထွက်ကစားခွင့် ရရှိခဲ့လို့ နယ်သာလန်အသင်းနဲ့အတူ ပါဝင်ကစားခဲ့တဲ့ နိုင်ငံတကာပွဲစဉ် စုစုပေါင်း ၁၀၀ ပြည့်မြောက်ခဲ့ပြီဖြစ်ပါတယ်။

ဆားဘီးယားအသင်းကတော့ လေးပွဲကစားပြီးချိန်မှာ လေးပွဲစလုံး ရှုံးနိမ့်ခဲ့လို့ အုပ်စုအောက်ဆုံးနေရာမှာ ရပ်တည်နေပါတယ်။

**ငွေကြယ်**

# တနင်္သာရီတိုင်းဒေသကြီးအတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေဝင်ရောက်မှုဖြစ်ပွားသည့် နေရာများတွင် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက်ဆောင်ရွက်



**နေပြည်တော် အောက်တိုဘာ ၅**

မြန်မာနိုင်ငံအတွင်း ဖြတ်ကျော်ဝင်ရောက်ခဲ့သည့် ကုန်းတွင်းမုန်တိုင်းငယ် (Land Depression) ကြောင့် တနင်္သာရီတိုင်းဒေသကြီး အတွင်း စက်တင်ဘာ ၂၆ ရက် ညနေပိုင်းမှစ၍ မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းမှု ဖြစ်ပေါ်၍ မြို့နယ်အချို့တွင် မြစ်ရေဝင်ရောက်မှုဖြစ်ပွားခဲ့သည့်အပြင် ထားဝယ်–လောင်းလုံး – ကျောက်နီမော် – ရှင်မော် လမ်းမကြီးပေါ်ရှိ နေရာအချို့တွင် ရေကျော်ခြင်းများ၊ လမ်းပေါ်တွင်မြေပြိုကျ၍ လမ်းပိတ်ခြင်းများ၊ လမ်းပေါ်ရှိ တံတားများတွင် အမှိုက်များပိတ်ဆို့ခြင်းများ ဖြစ်ပွားခဲ့သည်။

အဆိုပါ ထားဝယ် – လောင်းလုံး – ကျောက်နီမော် – ရှင်မော်လမ်းမကြီးပေါ်ရှိ ပြိုကျနေသော မြေကြီးများအား ဖယ်ရှားရှင်းလင်းရန်နှင့် လမ်းတစ်လျှောက်ရှိ ရေဘေးသင့်ပြည်သူများအား ကူညီကယ်ဆယ်ရေးများ ဆောင်ရွက်ရန်အတွက် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုကူညီရေးအသင်းအဖွဲ့များ၊ ပရဟိတအသင်းအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများပါဝင်သော ကူညီကယ်ဆယ်ရေးအဖွဲ့သည် သဘာဝဘေးဒဏ်ထိခိုက်မှုများပြားခဲ့သည့် ကဒက်ငယ်ထိန်ကျေးရွာ၌ သဘာဝဘေးကူညီကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ကူညီကယ်ဆယ်ရေးအဖွဲ့သည် လောင်းလုံးမြို့ ပတ်ဝန်းကျင်ဒေသရှိ သဗျာ၊ ပညင်း၊ ညှင်းမော်၊ ပြင်းထိန်ကျေးရွာတို့မှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းဆောင်ရွက်ခြင်းနှင့် နေအိမ်များအတွင်း ဝင်ရောက်နေသော ရွှံ့မြေများအား ဖယ်ရှားရှင်းလင်းပေးခြင်း၊ နေအိမ်နှင့် လမ်းများပေါ်ရှိ ပြိုကျနေသော သစ်ပင်သစ်ကိုင်းများအား ခုတ်ထွင်ရှင်းလင်းခြင်း၊ ကဒက်ငယ်ထိန်ကျေးရွာ လမ်းမပေါ်ရှိ လမ်းပေါ်ပြိုကျနေသောမြေကြီးများအား စက်ယန္တရားများဖြင့် ဖယ်ရှားရှင်းလင်းပေးခြင်း၊ လမ်းများအား မြေညှိပြုပြင်ပေးခြင်း၊ တံတားများတွင် ပိတ်နေသော အမှိုက်များအား ရှင်းလင်းပေးခြင်းတို့ကို အချိန်နှင့်တစ်ပြေးညီ အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည့်အပြင် ကျောက်နီမော်ကျေးရွာတွင် ယန္တရားများဖြင့် ကျေးရွာအတွင်းနှင့် လမ်းပေါ်ရှိ မြေကြီးများအား ဖယ်ရှားရှင်းလင်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့အတူ တနင်္သာရီမြို့ ချောင်းကြီးရပ်ကွက်နှင့် စာသင်ကျောင်းတို့၌လည်း နယ်မြေခံတပ်မတော်သားများနှင့် ဌာနဆိုင်ရာအဖွဲ့အစည်းများ ပူးပေါင်း၍ မြစ်ရေပြန်လည်ကျဆင်းသွားပြီးနောက် တင်ကျန်ခဲ့သည့် နုန်းမြေနှင့်အမှိုက်များ ဖယ်ရှားရှင်းလင်းခြင်းတို့ကို ဆောင်ရွက်ပေးခဲ့သည်။

ထိုသို့ ကူညီကယ်ဆယ်ရေးနှင့် ရေဝင်ရောက်မှု တားဆီးကာကွယ်ရေး လုပ်ငန်းများ ဆောင်ရွက်နေမှုများကို တိုင်းဒေသကြီးအစိုးရအဖွဲ့မှ တာဝန်ရှိသူများနှင့် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# လေးမျက်နှာမြို့နယ်၊ ရေကြည်မြို့နယ်၊ ငါးသိုင်းချောင်းမြို့နယ်၊ ကျုံပျော်မြို့နယ်နှင့် ကျောင်းကုန်းမြို့နယ်တို့ရှိ ရေပြန်လည်ကျဆင်းသွားသည့် မြို့၊ ရွာ၊ ရပ်ကွက်များ၌ တင်ကျန်ခဲ့သည့် နုန်းများ၊ အမှိုက်များ ဖယ်ရှားရှင်းလင်း



**နေပြည်တော် အောက်တိုဘာ ၅**

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်အတွင်း ဇူလိုင် ၃၀ ရက် ညပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းမှုနှင့် မြစ်ရေတိုက်စားမှုများကြောင့် ငဝန်မြစ်ရေကာတာ၏ အောက်ခံမြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရပ်ကွက်/ကျေးရွာများအတွင်း ရေဖြတ်သန်းစီးဆင်းဝင်ရောက်မှုဖြစ်ပွားခဲ့သည်။ အဆိုပါ ရေဝင်ရောက်မှုကြောင့် လေးမျက်နှာမြို့ပေါ်ရပ်ကွက် ငါးခုနှင့် ကျေးရွာအချို့ အပြင် ဟင်္သာတ၊ ရေကြည်၊ ကျုံပျော်နှင့် ကျောင်းကုန်းမြို့နယ်တို့ရှိ ရပ်ကွက် ငါးခုနှင့် ကျေးရွာအချို့တွင် ရေဝင်ရောက်မှုများ ဖြစ်ပွားခဲ့သည်။

အဆိုပါ ငဝန်မြစ်ရေသည် အောက်တိုဘာ ၁ ရက်တွင် လေးမျက်နှာမြို့နယ်၌ လည်းကောင်း၊ အောက်တိုဘာ ၂ ရက်တွင် ကျောင်းကုန်းမြို့နယ်၌ လည်းကောင်း၊ ယနေ့တွင် ကျုံပျော်မြို့နယ်၌ လည်းကောင်း ရေများပြန်လည်ကျဆင်းသွားခဲ့ပြီး ဖြစ်သည်။ ထို့ပြင် ငဝန်မြစ်ရေသည် ရေကြည်မြို့နယ်အတွင်း ၁၀ ပေ ၉ လက်မခန့်နှင့် ငါးသိုင်းချောင်းမြို့နယ်အတွင်း ၁၀ ပေ ၁ လက်မခန့်အထိ ကျဆင်းသွားခဲ့သည်။

ထိုသို့ ရေပြန်လည်ကျဆင်းသွားခဲ့သည့် မြို့၊ ရွာ၊ ရပ်ကွက်တို့ရှိ ဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများ၊ ဆေးရုံ၊ ဆေးခန်းများ၊ လမ်းတံတားများတွင် တင်ကျန်ခဲ့သည့် နုန်းများ၊ အမှိုက်များကို နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအဖွဲ့များ၊ ပရဟိတအသင်းအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားများ ပူးပေါင်း၍ ဖယ်ရှားရှင်းလင်းခြင်း၊ ရေဘေးကယ်ဆယ်ရေး စခန်းများရှိ ရေဘေးသင့်ပြည်သူများအား စားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင်ပေးခြင်း၊ အရေးပေါ် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးခြင်းနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



# တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများ သွားရောက်လေ့လာ

**နေပြည်တော် အောက်တိုဘာ ၅**

အနာဂတ်ကာလများတွင် နိုင်ငံတော်ကို ဦးဆောင်ကြမည့် မျိုးဆက်သစ် လူငယ်လူရွယ်များအနေဖြင့် မိမိတို့နိုင်ငံ၏ သမိုင်းကြောင်းဆိုင်ရာ အချက်အလက်များကို လေ့လာသိရှိထားခြင်းအားဖြင့် လူငယ်လူရွယ်များ၏ အနာဂတ်ဘဝ လျှောက်လှမ်းမှုကို အထောက်အပံ့ဖြစ်စေရန် ရည်ရွယ်ချက်များဖြင့် နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှု၊ တပ်မတော်၏ စီစဉ်ဆောင်ရွက်ပေးမှုတို့ဖြင့် ကျောင်းသား ကျောင်းသူများအား တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ လာရောက်လေ့လာနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းသို့စီစဉ်ဆောင်ရွက်ပေးမှုဖြင့် ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ပုဗ္ဗသီရိမြို့နယ်ရှိ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း (ရွာတော်)မှ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် ယနေ့တွင် တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်) သို့ လာရောက်လေ့လာကြသည်။

ဦးစွာ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ ရောက်ရှိကြပြီး မြန်မာ့တပ်မတော် သမိုင်းမှတ်တမ်းရုပ်ရှင်ကို စိတ်ဝင်စားစွာကြည့်ရှုကြသည်။ ထို့နောက် ပြတိုက်တာဝန်ရှိသူများက လာရောက်လေ့လာကြသော ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများအား မုန့်များပေးဝေကြသည်။ ယင်းနောက် ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများအား ပြတိုက်တာဝန်ရှိသူက ပြတိုက်၏ သမိုင်းနှင့် ပြခန်းများအကြောင်း ရှင်းလင်းပြောကြားသည်။ ယင်းနောက် ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် ပြတိုက်အတွင်းရှိ တပ်မတော်(ကြည်း၊ ရေ၊ လေ)နှင့် လက်ရုံးတပ်ဖွဲ့ ညွှန်ကြားရေးမှူးရုံး ပြခန်းများကို စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှုခဲ့ကြပြီး သိရှိလိုသည်များကို မေးမြန်းကြရာ ပြခန်းများအလိုက် တာဝန်ရှိသူများက ပြန်လည်ဖြေကြားပေးကြသည်။

ဆက်လက်၍ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် ပြင်ပပြကွက်များတွင် ခင်းကျင်းပြသထားသည့် တပ်မတော်(ကြည်း၊ ရေ၊ လေ) တပ်ဖွဲ့များ၏ စစ်လက်နက်ပစ္စည်းများ၊ စစ်ရေယာဉ်များနှင့် တပ်မတော်လေယာဉ်များကို လေ့လာခဲ့ကြပြီး အမှတ်တရဓာတ်ပုံများ ရိုက်ကြသည်။

**သတင်းစဉ်**

# ပေါင်မြို့နယ်၌ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ)သင်တန်းဖွင့်

**ပေါင် အောက်တိုဘာ ၅**

မွန်ပြည်နယ် ပေါင်မြို့နယ်၌ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး (မွမ်းမံ)သင်တန်း(၁/၂၀၂၆) ဖွင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက မြို့နယ်မီးသတ်ဦးစီးဌာန အစည်းအဝေးခန်းမတွင် ပြုလုပ်သည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက အမှာစကားပြောကြားသည်။ ဆက်လက်၍ ဒုတိယမြို့နယ်ရဲတပ်ဖွဲ့မှူးက သင်တန်းသားများအား တူညီဝတ်စုံများ ပေးအပ်သည်။



အဆိုပါသင်တန်းတွင် ရှာဖွေကယ်ဆယ်ရေးနှင့် မီးငြိမ်းသတ်ရေးဆိုင်ရာ ဘာသာရပ်များကို ပေါင်မြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာတို့မှ သင်တန်းသား အရန်မီးသတ်တပ်ဖွဲ့ဝင် ၅၀ တို့အား အောက်တိုဘာ ၅ ရက်မှ ၃၀ ရက်အထိ လေးပတ်ကြာ စာတွေ့၊ လက်တွေ့ဖြင့် သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မွန်မလေး(ပြန်/ဆက်)**

# သီတင်းကျွတ်ရုံးပိတ်ရက် ပုဂံဒေသရှိ ဟိုတယ်နှင့် တည်းခိုရိပ်သာများ၌ အခန်းကြိုတင်မှာယူမှု ပြည့်သွားပြီဖြစ်

ပုဂံ အောက်တိုဘာ ၅

မန္တလေး တိုင်းဒေသကြီး ညောင်ဦးမြို့နယ်ရှိပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေသို့ သီတင်းကျွတ် ရုံးပိတ်ရက်နှင့် ကျောင်းပိတ်ရက်များအတွင်း လာရောက်မည့် ဘုရားဖူးခရီးသွားများ၏ ကြိုတင်အခန်းမှာယူမှုများကြောင့် အောက်တိုဘာ ၂၄ ရက်မှစတင်၍ ဒေသတွင်းရှိ ဟိုတယ်၊ မိုတယ်နှင့် တည်းခိုရိပ်သာ ၈၈ လုံးတွင် အခန်းကြိုတင်မှာယူမှု ပြည့်သွားပြီဖြစ်ကြောင်း ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှု ဦးစီးဌာန (ပုဂံရုံးခွဲ)မှ သိရသည်။



ပုဂံဒေသသို့ ဝင်ရောက်လျက်ရှိသည့် ပြည်တွင်း၊ ပြည်ပ ခရီးသွားများအား တွေ့ရစဉ်။

သီတင်းကျွတ် ကာလ အောက်တိုဘာ ၂၄ ရက်မှ ၂၆ ရက်အထိ ပုဂံဒေသသို့ ဘုရားဖူးခရီးသွားရန် စီစဉ်ထားသူများသည် အောက်တိုဘာလ ပထမပတ်မှ စတင်၍ အွန်လိုင်းမှတစ်ဆင့် ဟိုတယ်နှင့် တည်းခိုခန်းများကို ကြိုတင်ချိတ်ဆက်မှာယူခဲ့ကြခြင်း ဖြစ်သည်။

"သီတင်းကျွတ်ရုံးပိတ်ရက်နဲ့ ကျောင်းပိတ်ရက်တွေမှာ ပုဂံဒေသကို ခရီးသွား ဘုရားဖူးတွေ ကြိုတင် လာရောက်လေ့ရှိကြရာ အောက်တိုဘာ ၂၄ ရက်ကနေ စတင်ပြီး ဟိုတယ်၊ မိုတယ်၊ တည်းခိုရိပ်သာ ၈၈ လုံး ပြည့်သွားပြီဖြစ်ပါတယ်"ဟု ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန (ပုဂံရုံးခွဲ) ဒုတိယ ညွှန်ကြားရေးမှူးက ပြောကြားသည်။

သီတင်းကျွတ် ရုံးပိတ်ရက်များတွင် ပုဂံဒေသသို့ တစ်ရက်လျှင် ဘုရားဖူးခရီးသွား တစ်သိန်းမှ တစ်သိန်းခွဲအထိ လာရောက်လေ့ရှိပြီး ယင်းတို့အနက် နေ့ချင်းပြန် ခရီးသွားဦးရေမှာ ပိုမိုများပြားကြောင်း သိရသည်။

ပုဂံသို့လာရောက်သည့် ဘုရားဖူးခရီးသွားများသည် သမိုင်းဝင် အထင်ကရ စေတီပုထိုးများကို ဖူးမြော်ခြင်း၊ ရှေးဟောင်းနံရံဆေးရေးပန်းချီများ လေ့လာခြင်း၊ အလှဓာတ်ပုံ ရိုက်ကူးခြင်းနှင့် လက်ဆွဲပန်းချီ ရေးဆွဲခြင်းများ ပြုလုပ်ကြသည့်အပြင် မြင်းလှည်းနှင့် E-Bike များ ငှားရမ်းစီးနင်းကာ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း လှည့်လည်လေ့လာကြကြောင်း သိရသည်။ TWA



## သာကေတမြို့နယ်၌ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ) သင်တန်းဖွင့်

ရန်ကုန် အောက်တိုဘာ ၅

ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ်၌ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ)သင်တန်း ( ၁ / ၂၀၂၆)ဖွင့်ပွဲကို ယနေ့ညနေပိုင်းက မြို့နယ်မီးသတ်ဦးစီးဌာန၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူးတို့က သင်တန်းသားများအား အရန်မီးသတ်တူညီဝတ်စုံများ ပေးအပ်ခဲ့သည်။

အဆိုပါ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ)သင်တန်းမှတစ်ဆင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များသည် မီးဘေးအန္တရာယ်များ ဖြစ်ပွားလာပါက အချိန်မီကာကွယ်တားဆီးခြင်း၊ ရှာဖွေကယ်ဆယ်ခြင်းနှင့် အရေးပေါ်တုံ့ပြန်ဆောင်ရွက်ခြင်းများကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သည့် အသိပညာ၊ ကျွမ်းကျင်မှုနှင့် လက်တွေ့လုပ်ငန်းစွမ်းရည်များ တိုးတက်ရရှိစေမည်ဖြစ်သည်။ သင်တန်းတွင် သင်တန်းနည်းပြ လေးဦးက အရန်မီးသတ်တပ်ဖွဲ့ဝင် သင်တန်းသား ၅၀ တို့အား အောက်တိုဘာ ၅ ရက်မှ ၃၀ ရက်အထိ စာတွေ့၊ လက်တွေ့ သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

ကျော်ကျော်(ပြန်/ဆက်)

## ကြံခင်းမြို့နယ်ရှိ ကျေးရွာနေပြည်သူများအား စားအုန်းဆီများ ရောင်းချပေး

ကြံခင်း အောက်တိုဘာ ၅



ရောဝတီ တိုင်းဒေသကြီး ကြံခင်းမြို့နယ် ကြံတောကျေးရွာတွင်ယနေ့ညနေပိုင်းက ကျေးရွာနေပြည်သူများ စားအုန်းဆီကို ဈေးနှုန်းသက်သာစွာ ဝယ်ယူနိုင်စေရန်အတွက် စားအုန်းဆီ အရောင်းဈေးကားဖြင့် ကျေးရွာအရောက် ရောင်းချပေးသည်။

ထိုသို့ ရောင်းချနေမှုများအား မြို့နယ်စားသုံးသူရေးရာဦးစီးဌာနမှ မြို့နယ်တာဝန်ခံနှင့် ရောဝတီ တိုင်းဒေသကြီး ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း ဗဟို အလုပ်အမှုဆောင်တို့က မြို့နယ် ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းမှ ကြံတောကျေးရွာရှိ အခြေခံပြည်သူများကို စားအုန်းဆီများ ဈေးနှုန်းသက်သာစွာ ဝယ်ယူနိုင်ရန် စားအုန်းဆီ ပိဿာ ၁၁၀ ကို အိမ်ထောင်စု ၂၂၀ အတွက် စားအုန်းဆီ သတ်မှတ်ရည်ညွှန်းဈေး တစ်ပိဿာလျှင် ၇၉၄၂ ကျပ်ဖြင့် အိမ်ထောင်စု တစ်စုလျှင် ၅၀ ကျပ်သားစီ ရောင်းချပေးနေမှုအား ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

ဖြိုးဝေလင်း(ပြန်/ဆက်)



ဒေါပုံမြို့နယ် အရန်မီးသတ်တပ်ဖွဲ့ဝင်များအတွက် လေ့ကျင့်ရေး (မွမ်းမံ)သင်တန်း အမှတ်စဉ်(၁/၂၀၂၆) ဖွင့်ပွဲကို အောက်တိုဘာ ၅ ရက် နံနက်ပိုင်းက မြို့နယ်မီးသတ်ဦးစီးဌာနတွင် ကျင်းပစဉ်။

ချစ်စုဝေ(ပြန်/ဆက်)

## ကျုံပျော်မြို့နယ်၌ ခွေးရူးရောဂါကာကွယ်ဆေးထိုးနှံ

ကျုံပျော် အောက်တိုဘာ ၅

ရောဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ် မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာနက ခွေးရူးရောဂါကာကွယ်ဆေး အခမဲ့ ကွက်ပြည့်ထိုးနှံခြင်းကို ရေစခန်းကျေးရွာ၌ အောက်တိုဘာ ၅ ရက်က ပြုလုပ်သည်။

အခမ်းအနားသို့ ကျုံပျော်ခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ ကျုံပျော်မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထို့နောက် အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြပြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဝန်ထမ်းများက ခွေး ၂၇၄ ကောင်၊ ကြောင် ၂၆ ကောင် စုစုပေါင်း ကောင်ရေ ၃၀၀ အား ခွေးရူးပြန်ရောဂါကာကွယ်ဆေး အခမဲ့ ထိုးနှံပေးခဲ့ကြောင်း သိရသည်။ နေဝင်းမြင့်(ပြန်/ဆက်)






ရန်ကုန်တိုင်းဒေသကြီး ဆိပ်ကြီးခနောင်တိုမြို့နယ်၌ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး (မွမ်းမံ)သင်တန်းဖွင့်ပွဲကို အောက်တိုဘာ ၅ ရက် နံနက်ပိုင်းက မြို့နယ်မီးသတ်ဦးစီးဌာနခန်းမတွင် ပြုလုပ်စဉ်။

ဝေယံ(ပြန်/ဆက်)

**ပြည့်ဝဆီများကို**
**တတ်နိုင်သမျှ လျှော့စား၍**
**အသွင်ပြောင်းဆီများ စားသုံးခြင်းကို**
**လုံးဝရှောင်ကြဉ်ကြပါစို့**



## လက်ပံတန်းမြို့၌ ငရုတ်ကောင်းပျိုးပင်များ ပျိုးထောင်စိုက်ပျိုး

လက်ပံတန်း အောက်တိုဘာ ၅

ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနရုံးတွင် စိုက်ပျိုးရေးဦးစီးဌာနရုံးဝန်ထမ်းများနှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးဝန်ထမ်းများ စုပေါင်း၍ ငရုတ်ကောင်းပျိုးပင်များ စုပေါင်းပျိုးထောင်ခြင်းကို ယနေ့နံနက်ပိုင်းက ပြုလုပ်သည်။

ငရုတ်ကောင်းပျိုးပင်များ စုပေါင်းပျိုးထောင်ပွဲသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ခေတ္တဥက္ကဋ္ဌ ဦးသီဟထွန်း တက်ရောက်အားပေးခဲ့ပြီး မြို့နယ်အတွင်း ငရုတ်ကောင်း ငါးဧကအထိ တိုးချဲ့စိုက်ပျိုးသွားရန်အတွက် ပျိုးပင်ပေါင်း ၁၅၀၀၀ ပျိုးထောင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

❖ ကျောဖုံးမှ

မြန်မာအသင်းက တတိယဆုကိုလည်းကောင်း၊ အမျိုးသား အမျိုးသမီး အလွတ်တန်း (၁၀) တက်လှော် မီတာ ၅၀၀ ပြိုင်ပွဲတွင် ရုရှားအသင်းက ပထမ၊ ဟန်ဂေရီအသင်းက ဒုတိယနှင့် မြန်မာအသင်းက တတိယဆုကိုလည်းကောင်း၊ အမျိုးသားအလွတ်တန်း (၁၀)တက်လှော် မီတာ ၂၀၀၀ ပြိုင်ပွဲတွင် ရုရှားအသင်းက ပထမ၊ မြန်မာအသင်းက ဒုတိယနှင့် ယူကရိန်းအသင်းက တတိယဆုကိုလည်းကောင်း၊ အမျိုးသား/ အမျိုးသမီး အလွတ်တန်း (၁၀) တက်လှော် မီတာ ၂၀၀၀ ပြိုင်ပွဲတွင် ဟန်ဂေရီအသင်းက ပထမ၊ မြန်မာအသင်းက ဒုတိယနှင့် စပိန်အသင်းက တတိယဆုကိုလည်းကောင်း ဆွတ်ခူးရရှိခဲ့သည်။

ထို့ပြင် စက်တင်ဘာ ၂၅ ရက်မှ အောက်တိုဘာ ၃ ရက်အထိ တရုတ်နိုင်ငံ ယွမ်လင်မြို့၌ အပြည်ပြည်ဆိုင်ရာ ကနူးလှေလှော်အဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ကမ္ဘာ့ဖလား နဂါးလှေလှော် ပြိုင်ပွဲတွင် အာရှအဆင့် အင်အားကြီးနိုင်ငံများနှင့် အရှေ့တောင်အာရှနိုင်ငံများအပါအဝင် ပြိုင်ပွဲဝင် နိုင်ငံပေါင်း ၂၄ နိုင်ငံ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် အနက် မြန်မာ့လက်ရွေးစင် လှေလှော်အသင်းသည် ငွေတံဆိပ်သုံးခုနှင့် ကြေးတံဆိပ်နှစ်ခုတို့ကို ထိုက်ထိုက်တန်တန် ဆွတ်ခူးရရှိထားပြီး ယခု တရုတ်နိုင်ငံ ဟန်ကျိုးမြို့၌ ကျင်းပခဲ့သည့်(World Cup) ကမ္ဘာ့ချန်ပီယံရှစ် နဂါးလှေလှော် လက်ရည်စစ်ပြိုင်ပွဲတွင်လည်း ငွေတံဆိပ် နှစ်ခုနှင့် ကြေးတံဆိပ်နှစ်ခုတို့ကို ထပ်မံဆွတ်ခူးရရှိခဲ့သည့်အတွက် မြန်မာ့လက်ရွေးစင်လှေလှော်အသင်းသည် စုစုပေါင်းငွေတံဆိပ် ငါးခု၊ ကြေးတံဆိပ်လေးခုဖြင့် မြန်မာနိုင်ငံအတွက် ဆုတံဆိပ်များစွာကို ရယူပေးခဲ့သည်။ အဆိုပါအဖွဲ့တွင် အဖွဲ့ခေါင်းဆောင် မြန်မာနိုင်ငံ လှေလှော်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးသောင်းထိုက်မင်း၊ အုပ်ချုပ်/ နည်းပြနှင့် အားကစားသမားစုစုပေါင်း ၂၁ ဦးတို့သည် ယနေ့ နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်သို့ ပြန်လည်ရောက်ရှိလာရာ အားကစားနှင့်ကာယ ပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ လှေလှော်အဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် ပြိုင်ပွဲဝင် အားကစားသမားများ၏ မိဘဆွေမျိုးမိသင်္ဂဟများက ဂုဏ်ပြုကြိုဆိုခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

★ ၂၀၂၆ မှ

၂၀၂၆ ခုနှစ်၊ တပ်မတော်(ကြည်း၊ရေ၊လေ)အားကစားပြိုင်ပွဲများဖြစ်သည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ) ပြေးခုန်ပစ်ပြိုင်ပွဲများကို ယနေ့နံနက်ပိုင်းတွင် ဇေယျာသီရိ တပ်မတော်အားကစားကွင်း၌ အမျိုးသမီး တုတ်ထောက်ခုံပြိုင်ပွဲ ဗိုလ်လုပွဲ၊ အမျိုးသမီး (၇)မျိုးစုံ(၁) မီတာ-၁၀၀ တန်းကျော်ပြေးပြိုင်ပွဲ ဗိုလ်လုပွဲ၊ အမျိုးသား/ အမျိုးသမီး မီတာ-၄၀၀ အပြေးပြိုင်ပွဲ လူရွေးပွဲနှင့်ဗိုလ်လုပွဲ၊ အမျိုးသမီး(၇)မျိုးစုံ (၂) တန်းမြင့်ခုန်ပြိုင်ပွဲ ဗိုလ်လုပွဲ၊ အမျိုးသား အလျားခုန်ပြိုင်ပွဲ ဗိုလ်လုပွဲ၊ အမျိုးသမီး(၇)မျိုးစုံ(၄) မီတာ-၂၀၀ ပြေးပြိုင်ပွဲ ဗိုလ်လုပွဲ ပြိုင်ပွဲများကိုလည်းကောင်း၊ ဇေယျာသီရိ အမှတ်(၁)လေ့ကျင့်ရေးကွင်း၌ အမျိုးသား အမျိုးသမီး သံပြားဝိုင်းပစ်ပြိုင်ပွဲ ဗိုလ်လုပွဲ၊ အမျိုးသမီး(၇)မျိုးစုံ(၃) သံလုံးပစ်ပြိုင်ပွဲ ဗိုလ်လုပွဲကိုလည်းကောင်း အသီးသီးယှဉ်ပြိုင်ကြပြီး အောက်တိုဘာ ၃ ရက်နှင့် ၄ ရက် ပြိုင်ပွဲများတွင် ဆုရရှိခဲ့သည့် အားကစားသမားများကို တာဝန်ရှိသူများက တစ်ဦးချင်းဆုတံဆိပ်၊ ငွေသားဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

အလားတူ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော် (ကြည်း၊ ရေ၊ လေ) ဂျူဒိုပြိုင်ပွဲကို ဇေယျာသီရိတပ်မတော်အားကစားရုံ(A)၌ အမျိုးသား/ အမျိုးသမီး ကီလိုတန်းအလိုက် အတိုက်ပြိုင်ပွဲများ အသီးသီးယှဉ်ပြိုင်ကစားကြပြီး အောက်တိုဘာ ၃ ရက်နှင့် ၄ ရက် ပြိုင်ပွဲများတွင် ဆုရရှိခဲ့သည့် အားကစားသမားများကို တာဝန်ရှိသူများက တစ်ဦးချင်းဆုတံဆိပ်၊ ငွေသားဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

ထို့ပြင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ) အမျိုးသား အမျိုးသမီးဘော်လီဘောပြိုင်ပွဲကို ဇေယျာသီရိ တပ်မတော်အားကစားရုံ(B)၌ အမျိုးသား အမျိုးသမီး ကွားတားအဆင့် ပတ်လည်ပြိုင်ပွဲများကိုလည်းကောင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း (၃၃)ကြိမ်မြောက် တပ်မတော်(ကြည်း၊ ရေ၊ လေ) မြန်မာ့သိုင်းပြိုင်ပွဲကို ဇေယျာသီရိ တပ်မတော်အားကစားရုံ(C)၌ အမျိုးသား ဓားနှစ်လက် အတိုက်(က)တန်း၊ အမျိုးသား ဓားတစ်လက် အတိုက်(က)တန်း၊ အမျိုးသား ဓားတစ်လက်အတိုက်(ခ)တန်း၊ အမျိုးသမီး ဓားတစ်လက် အတိုက်ပြိုင်ပွဲ၊ အမျိုးသား ဗန်တိုအတိုက်(က)တန်း၊ အမျိုးသား ဗန်တိုအတိုက် (ခ)တန်း၊ အမျိုးသား ပန်ကြပ်ဆီလပ်အတိုက်(က)တန်း၊ အမျိုးသမီး ပန်ကြပ်ဆီလပ် အတိုက်ပြိုင်ပွဲများကိုလည်းကောင်း အသီးသီးယှဉ်ပြိုင်ကြသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ) ပိုက်ကျော်ခြင်းပြိုင်ပွဲကို ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)ဝင်းအတွင်းရှိ စံပယ်အားကစားရုံ၌ အလွတ်တန်း (၂)ယောက်တွဲ ရှုံးထွက်ပွဲစဉ်များ၊ အကြိုဗိုလ်လုပွဲ၊ တတိယလုပွဲနှင့် ဗိုလ်လုပွဲ ပွဲစဉ်များ၊ အသက်(၂၅)နှစ်အောက် သုံးယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲများကိုလည်းကောင်း၊ (၅၆)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း လက်ဝှေ့ပြိုင်ပွဲကို နေပြည်တော်ရှိ စစ်ကြောရေးနှင့် တည်းခိုရေးစခန်း၊ တပ်နယ်အားကစားခန်းမ၌ ကီလိုတန်းအလိုက် အကြိုဗိုလ်လုပွဲ ပွဲစဉ်များနှင့် အလွတ်တန်းပွဲစဉ်များကို အသီးသီး ယှဉ်ပြိုင်ကစားကြသည်။

ထို့အတူ ၂၀၂၆ ခုနှစ် (၆၃)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား အလွတ်တန်းအဆင့် ဘောလုံးပြိုင်ပွဲကို ညနေပိုင်းတွင် ဒုတိယအဆင့် အုပ်စုပတ်လည်ပွဲစဉ်အဖြစ် ဇေယျာသီရိ တပ်မတော်အားကစားကွင်း၌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး (လေ) ကိုယ်စားပြုအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းက ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ) ကိုယ်စားပြုအသင်းအား လေးဂိုး - ဂိုးမရှိဖြင့်လည်းကောင်း၊ ဇေယျာသီရိ အမှတ်(၁)လေ့ကျင့်ရေးကွင်း၌ နေပြည်တော်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းနှင့် တောင်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ နေပြည်တော်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းက တောင်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းကို နှစ်ဂိုး- ဂိုးမရှိဖြင့်လည်းကောင်း အသီးသီးအနိုင်ရရှိခဲ့သည်။

အဆိုပါအားကစားပြိုင်ပွဲများသို့ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

◆ အကြိမ်(၂၀)မြောက်မှ

မီးရှူးတိုင်ကို ၂၀၃၀ ပြည့်နှစ်တွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ကာတာနိုင်ငံသို့ လွှဲပြောင်းပေးအပ်ခြင်းများ ဆောင်ရွက်ပြီး အာရှအားကစားပြိုင်ပွဲ ပိတ်ပွဲအခမ်းအနားကို အောင်မြင်စွာရုပ်သိမ်းခဲ့သည်။

မြန်မာအသင်းအနေဖြင့် ၂၀၁၈ ခုနှစ်တွင် အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပခဲ့သည့် (၁၈)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲတွင် ပိုက်ကျော်ခြင်းအားကစားနည်းမှ ကြေးတံဆိပ်(၁)ခု၊ ဝူရှူးအားကစားနည်းမှ ကြေးတံဆိပ်တစ်ခုနှင့် ၂၀၂၃ ခုနှစ်တွင် တရုတ်နိုင်ငံ၌ ကျင်းပခဲ့သည့် (၁၉)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲတွင် ပိုက်ကျော်ခြင်းအားကစားနည်းမှ ရွှေတံဆိပ်တစ်ခု၊ လှေလှော်အားကစားနည်းမှ ကြေးတံဆိပ်နှစ်ခုတို့ကိုသာ ဆွတ်ခူးရရှိခဲ့ပြီး ၂၀၂၆ ခုနှစ် တွင် ဂျပန်နိုင်ငံမြို့များ၌ ကျင်းပခဲ့သည့် အကြိမ် (၂၀)မြောက် အာရှအားကစားပြိုင်ပွဲတွင် ပြိုင်ပွဲအမျိုးအစားအဖြစ် အားကစားနည်း (၄၃) နည်း ထည့်သွင်းကျင်းပခဲ့ရာ မြန်မာနိုင်ငံမှ တက်ဂ်ဘော၊ Esports၊ ပိုက်ကျော်ခြင်း၊ ကျွမ်းဘားနှင့် ဘောလုံး(အမျိုးသမီး) စသည့် အားကစားနည်းငါးနည်းတို့တွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ တက်ဂ်ဘောအားကစားနည်းမှ ရွှေတံဆိပ်တစ်ခု၊ ငွေတံဆိပ်တစ်ခု၊ ကြေးတံဆိပ် တစ်ခု၊ Esports အားကစားနည်းမှ ရွှေတံဆိပ်တစ်ခုနှင့် ပိုက်ကျော်ခြင်းအားကစားနည်းမှ ကြေးတံဆိပ်တစ်ခုတို့ကို မြန်မာနိုင်ငံအတွက် ထိုက်ထိုက်တန်တန် ဆွတ်ခူးရယူပေးနိုင်ခဲ့သည့်အတွက် ပြိုင်ပွဲဝင် နိုင်ငံပေါင်း ၄၅ နိုင်ငံအနက် နိုင်ငံအလိုက် အဆင့်(၂၄)တွင် ရပ်တည်နိုင်ခဲ့ပြီး နိုင်ငံ့ဂုဏ်ကို မြှင့်တင်ပေးနိုင်ခဲ့ကြောင်းနှင့် မြန်မာအားကစားအဖွဲ့သည် ယခင်အာရှအားကစားပြိုင်ပွဲများတွင် ရရှိခဲ့သည့် ဆုတံဆိပ်များထက်သာလွန်၍ အောင်မြင်မှုများ ပိုမိုရရှိအောင် စွမ်းဆောင်နိုင်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

**အားကစားမြှင့်တင်**

**စိတ်လန်းရွှင်**

**ဆန့်ကျင်မူးယစ်ဆေး**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (၈)ရပ်ကွက်၊ အကွက်အမှတ်(နန-၁၆)၊ ဦးပိုင်အမှတ် (၁၅-ခ)၊ ၆၁x၆၂ ကြား၊ ၁၃၃x၁၃၄ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သော ဦးဟိန်းဇာ[၉/ပကခ(နိုင်)၀၀၂၉၃၀]၊ ဒေါ်ဝါဝါအောင်(ခ) လှိုင်လှိုင်ဦး[၉/ပခက(နိုင်)၀၀၂၉၇၄]၊ ဦးညီညီအောင်(ခ)ညီညီဇော်နိုင်[၉/ပခက(နိုင်)၀၂၂၃၈၉]တို့၏ (SP ရရှိသူ ဒေါ်ခိုင်ဇင်သွယ်)က အမှုတွဲအမှတ် (၂၇၁၄/၂၀၂၆-၂၀၂၇)ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၅၊ မြေကွက်အမှတ်-၃၁၁၊ မြေကွက်တည်နေရာအမှတ်(၃၁၁)၊ ဝါရှောင်လမ်း၊ (၄၅)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဒေါ်စန္ဒာအေး[၁၂/ဒဂမ(နိုင်)၀၀၉၈၀၉]အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား ဒေါ်စန္ဒာအေး[၁၂/ဒဂမ(နိုင်)၀၀၉၈၀၉]မှ ပါမစ်ပျောက်ဖြင့်ထုတ်ယူထားသော ဂရန်၊ နိုင်/ကတ်တို့တင်ပြ၍ အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်-၆၊ မြေကွက်-၁၂၅၂၊ မြေကွက်တည်နေရာအမှတ်-၁၂၅၂၊ ကြိုးကြာ(၁)လမ်း၊ (၆)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ဦးအောင်မြ[၁၂/လကန(နိုင်)၀၅၉၃၆၃]၊ အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေအား၊ အမည်ပေါက်(ခင်ပွန်း) ဦးအောင်မြသည် (၂၉-၁၀-၂၀၁၀) နေ့တွင် ကွယ်လွန်သဖြင့် (ဇနီး)ဒေါ်သန်းသန်း[၁၂/လကန(နိုင်) ၀၅၉၃၆၄]မှ တရားဝင် တစ်ဦးတည်းသော (ဇနီး)တော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာများ၊ သေစာရင်း၊ အိမ်ထောင်စုစာရင်း၊ နှစ်(၆၀)ဂရန်၊ နိုင်ငံသားစိစစ်ရေးကတ်တို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား မြေပြင်ကွင်းဆင်းစစ်ဆေးရာ မြေပေါ်တွင် နှစ်ထပ်အုတ်ညှပ် အဆောက်အဦတစ်လုံးနှင့်တစ်ထပ်အုတ်ညှပ် အဆောက်အဦအသေးနှစ်လုံးရှိပြီး မြေပြင်ကွင်းဆင်းစစ်ဆေးသည်ကို သိရှိကြောင်းနှင့် ဒေါ်တင်တင်အေးအား အရပ်စာချုပ်ဖြင့် ရောင်းချထားပြီး ဖြစ်ပေါ်လာမည့်ကိစ္စအဝဝအား တာဝန်ယူကြောင်းနှင့် ဝယ်ယူထားသူ ဒေါ်တင်တင်အေးမှလည်း ဌာနဝင်စာအမှတ် (၁၁၀၈၇/၂၂-၉-၂၀၂၆)ဖြင့် ဒေါ်သန်းသန်း၏ ပိုင်ဆိုင်မြေပုံကူး လျှောက်ထားခြင်းအား ကန့်ကွက်ရန်မရှိ သဘောတူကြောင်း တင်ပြထားပါသဖြင့် ဒေါ်သန်းသန်း၏ ပိုင်ဆိုင်မြေပုံကူးလျှောက်ထားခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## အငယ်တန်းအင်ဂျင်နီယာ(၂)/ ကျွမ်းကျင်(၂)(ရုပ်မြင်)/ ကျွမ်းကျင်(၂)(ရုပ်မြင်)(တိုင်းရင်းသား)/ ကျွမ်းကျင်(၂)(အသံလွှင့်)/ ကျွမ်းကျင်(၂)(အသံလွှင့် )(တိုင်းရင်းသား)/အနုပညာရှင်(၂)(ဂီတ)/ ကျွမ်းကျင်(၂)(Myanmar International) (လစာနှုန်းကျပ် ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀) ရာထူးစာမေးပွဲစစ်ဆေးမည့် နေ့ရက်ကြေညာခြင်း

၁။ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားတွင် အငယ်တန်းအင်ဂျင်နီယာ(၂)/ ကျွမ်းကျင်(၂)(ရုပ်မြင်)/ကျွမ်းကျင်(၂) (ရုပ်မြင်)(တိုင်းရင်းသား)/ကျွမ်းကျင်(၂)(အသံလွှင့်)/ ကျွမ်းကျင်(၂) (အသံလွှင့်) (တိုင်းရင်းသား)/အနုပညာရှင်(၂) (ဂီတ)/ ကျွမ်းကျင်(၂) (Myanmar International) (လစာနှုန်းကျပ် ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀)ရာထူး (၇၇)နေရာအတွက် (၂၂-၇-၂၀၂၆)၊ (၂၃-၇-၂၀၂၆)ရက်နေ့နှင့် (၂၈-၈-၂၀၂၆)၊ (၂၉-၈-၂၀၂၆)ရက်နေ့ သတင်းစာများမှ ကြော်ငြာခေါ်ယူ၍ လျှောက်ထားသူများအနက်မှ သတ်မှတ်အရည်အချင်းနှင့် ကိုက်ညီသူများအား ရေးဖြေစာမေးပွဲစစ်ဆေးခြင်းကို မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ရန်ကုန်နှင့် နေပြည်တော်-တပ်ကုန်းတို့တွင် (၁၇-၁၀-၂၀၂၆)ရက်နေ့၊ စနေနေ့(၀၉:၀၀)နာရီမှ (၁၂:၀၀)နာရီထိ ပြုလုပ်မည်ဖြစ်ပါသည်။

၂။ လျှောက်လွှာပေးပို့ထားသူများအနေဖြင့် သတင်းစာတွင် ကြေညာသည့်နေ့မှစ၍ မိမိတို့အမည်၊ ခုံနံပါတ်များစာရင်းတွင် ပါဝင်မှု ရှိ/မရှိနှင့် ဖြေဆိုရမည့်နေရာအား ကာယကံရှင်ကိုယ်တိုင် ရုံးချိန်အတွင်း ၀၆၇-၈၀၇၉၁၈၅ သို့ ဆက်သွယ်စုံစမ်း၍လည်းကောင်း၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ Website ဖြစ်သည့် **https://mrtv.gov.mm** နှင့် Telegram (https://t.me/mrtvnews) တွင် ဝင်ရောက်ကြည့်ရှု၍လည်းကောင်း၊ အမည်စာရင်းပါရှိသည့်သူများအနေဖြင့် ရေးဖြေစာမေးပွဲဖြေဆိုရန်အတွက် (၁၄-၁၀-၂၀၂၆) ရက်နေ့နှင့် (၁၅-၁၀-၂၀၂၆)ရက်နေ့များတွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ရန်ကုန်ရုံးနှင့် နေပြည်တော်-တပ်ကုန်းရုံးတို့၌ ရုံးချိန်အတွင်း လိုင်စင်ဓာတ်ပုံ(၂)ပုံ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားတို့နှင့်အတူ ကိုယ်တိုင်လာရောက်သတင်းပေးပို့၍ ကိုယ်ရေးရာဇဝင်ပုံစံဖြည့်စွက်ရမည်ဖြစ်ပြီး (၁၇-၁၀-၂၀၂၆)ရက်နေ့ စာမေးပွဲလာရောက်ဖြေဆိုရာတွင် ပညာအရည်အချင်းအောင်လက်မှတ် (မူရင်း)၊ အသက်အထောက်အထားအတွက် အခြေခံပညာအထက်တန်းအောင်လက်မှတ်(မူရင်း)နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားတို့ကို တစ်ပါတည်း ယူဆောင်လာရမည်။

၃။ ရေးဖြေစာမေးပွဲ ဖြေဆိုအောင်မြင်သူများ၏ ခုံနံပါတ်များနှင့် အောင်မြင်သူများအတွက် လူတွေ့စစ်ဆေးမည့်ရက်ကို ကြေးမုံသတင်းစာနှင့် မြန်မာ့အလင်းသတင်းစာများတွင် ထည့်သွင်းကြော်ငြာပေးမည်ဖြစ်ပါသည်။

**မြန်မာ့အသံနှင့်ရုပ်မြင်သံကြား**
**နေပြည်တော်**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (၁)ရပ်ကွက်၊ ဥမ္မာလမ်း၊ အမှတ်(၅၇၃)၊ (အလျား ၁၂.၅ ပေ x အနံ ၁၄ ပေ) ရှိ မြေကွက်နှင့် မြေကွက်ပေါ်တွင်ဆောက်လုပ်ထားသော အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဘိုးဘွား၊ မိဘတို့လက်ထက်မှ အမွေဆက်ခံကာ ပိုင်ဆိုင်လာသူများဖြစ်သော (၁) ဦးသက်ဇော်လင်း [၁၂/ဥကမ(နိုင်)၁၇၂၃၀၈]၊ (၂)ဒေါ်သန္တာထွေး[၁၄/ဓနဖ(နိုင်)၁၀၅၆၃၈]တို့မှ လက်ဝယ်ထားရှိ ပိုင်ဆိုင်ကာ ပြန်လည်ရောင်းချပိုင်ခွင့်၊ စီမံခန့်ခွဲပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ ရောင်းချရန်ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်မာသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ခင်မီမီဝင်း(LL.B) အထက်တန်းရှေ့နေ (စဉ် - ၄၈၂၅၆)**
**အမှတ် - ၁၅၊ ပုဂံလမ်း၊ (၂၁)ရပ်ကွက်၊ ရွှေပေါက်ကံ၊**
**မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း - 09-423744284, 09-789508212**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(ငမိုးရိပ်)၊ မြေကွက်အမှတ်(၆၅၇)၊ ဧရိယာ(၁၂၅၀)စတုရန်းပေ၊ မြေကွက်တည်နေရာအမှတ်(၆၅၇)၊ ငမိုးရိပ်(၃)လမ်း၊ (ငမိုးရိပ်)ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ဦးစိုးငြိမ်း[၁၂/သဃက(နိုင်)၀၅၀၂၃၇] အမည်ပေါက် နှစ်(၆၀)မြေငှားစာချုပ်မြေအား အမည်ပေါက် ဦးစိုးငြိမ်း(ဖခင်)သည် ၁-၉-၂၀၁၇ ရက်နေ့တွင်လည်းကောင်း၊ ဒေါ်အုန်းကြွေ(ခ)ဒေါ်အုံးကြွေ (မိခင်)သည် ၆-၂-၂၀၁၆ ရက်နေ့တွင်လည်းကောင်း၊ ၎င်းတို့၏ မွေးဖွားသား/သမီး (၃)ဦးအနက် သားဖြစ်သူ ဦးရဲဝင်းသည် ၁၇-၆-၂၀၂၄ ရက်နေ့တွင် ကွယ်လွန်သဖြင့် ၎င်းအစုအတွက် ဇနီးဖြစ်သူ ဒေါ်လွင်စန္ဒာဦး[၁၂/သဃက(နိုင်)၁၈၀၄၁၄]နှင့် ကျန်သားသမီးများဖြစ်ကြသော ဒေါ်ခင်မာရီ[၁၂/သဃက(နိုင်)၀၃၈၂၆၅]၊ ဒေါ်ခင်မာလာ[၁၂/သဃက(နိုင်)၀၃၉၇၈၇]တို့မှ ပူးတွဲ၍ သား/သမီး/ချွေးမ တော်စပ်ကြောင်း၊ ၎င်းတို့မှလွဲ၍ အခြားသော အမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှမရှိကြောင်း တရားရုံးကျမ်းကျိန်လွှာအမှတ်-၄၉၃၀/၂၀၂၆(၂၆-၃-၂၀၂၆)၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ သေစာရင်းများ၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ဂရန်မူရင်းတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆို ရန် မြေပုံကူးလျှောက်ထားလာခြင်းအပေါ် တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လှိုင်သာယာမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်-သကမ-၁၃၊မြေကွက်အမှတ် ၁၀၃၆/ခ၊ဧရိယာ(၀.၀၂၇၅)ဧက၊မြေကွက်တည်နေရာအမှတ်-၁၀၃၆/ခ၊ ဦးပုညလမ်း၊(၁၆)ရပ်ကွက်၊လှိုင်သာယာမြို့နယ်၊ဦးမြင့်နိုင်(၁၂/အစန(နိုင်)၁၀၆၁၁၀)အမည်ပေါက်နှစ်(၆၀)ဂရန်မြေအားအမည်ပေါက်-ဦးမြင့်နိုင်(ခင်ပွန်း)သည်(၂၆-၈-၂၀၂၅)ရက်နေ့တွင်ကွယ်လွန်သဖြင့်ဒေါ်မြင့်မြင့်သန်း(၁၂/အစန(နိုင်)၁၀၆၁၁၁)မှတစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း၊အခြားသောဇနီး/မယားတစ်ဦးတစ်ယောက်မျှမရှိကြောင်း၊၎င်းကသာလျှင်မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့်အမွေဆက်ခံခြင်းဆိုင်ရာဥပဒေတို့အရတရားဝင်အမွေဆက်ခံပိုင်ဆိုင်ပါကြောင်းနှင့်၎င်းမှလွဲ၍အခြားသောအမွေဆက်ခံခွင့်ရှိသူတစ်ဦးတစ်ယောက်မျှမရှိကြောင်းကျမ်းကျိန်လွှာ၊ထပ်ဆင့်ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊သေစာရင်း၊အိမ်ထောင်စုလူဦးရေစာရင်း၊"ပါမစ်ပျောက်ဆုံးကြောင်းတင်ပြလျှောက်ထားခဲ့ပြီးယခုဂရန်သစ်ထုတ်ယူခြင်းနှင့်ပတ်သက်၍တစ်ဦးတစ်ယောက်မှမြေကွက်၏ပါမစ်မူရင်းတင်ပြပြီးလျှောက်ထားလာခြင်းပေါ်ပေါက်ခဲ့ပါကယခုထုတ်ပေးသည့်ဂရန်အားပယ်ဖျက်မည်ကိုသိရှိပါသည်"ဖြင့်ဖော်ပြ၍ခွင့်ပြုထုတ်ပေးခဲ့သည့်နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)မူရင်းနှင့်နိုင်ငံသားစိစစ်ရေးကတ်တို့တင်ပြ၍ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန်မြေပုံကူးလျှောက်ထားလာရာတရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ၁၆-ရပ်ကွက်၊ စကားဝါအိမ်ရာ၊ မိုးကောင်းလမ်း၊ အမှတ်(၂)ဟုခေါ်တွင်သော (၆)ခန်းတွဲ (၈ ၁/၂)ထပ်တိုက်၏ မြေညီထပ်ခန်းမကြီး၊ အခန်းအမှတ်(၁ ဒီ)၊ (၁ အီး)နှင့် (၁ အက်ဖ်)၊ စုစုပေါင်းအကျယ်(၄၃၂၀) စတုရန်းပေရှိ တိုက်ခန်းများနှင့်အကျိုးခံစားခွင့်အရပ်ရပ်တို့အား (၂၈-၄-၂၀၀၉) ရက်စွဲပါ "မေတ္တာဖြင့် အပြီးအပိုင်ပေးကမ်းခြင်းကတိစာချုပ်"အရ လက်ဝယ်ထားရှိပိုင်ဆိုင်သူများဖြစ်သည့် ဒေါ်မြကေခိုင်[၁၂/ရကန(နိုင်)၀၀၀၄၅၄]နှင့် ဒေါ်စုမေခိုင်[၁၂/ရကန(နိုင်)၀၆၂၉၇၇]တို့က မိမိတို့တရားဝင်ပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်မိတ်ဆွေက ဝယ်ယူရန် နှစ်ဖက်သဘောတူညီထားသော ရောင်းဖိုးငွေအနက် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆိုခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ လူကိုယ်တိုင် ကျွန်ုပ်ထံသို့ (၇)ရက် အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးကျော်မင်းနိုင်**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၇၆၃)**
**အမှတ် (၃၃/၄၉)၊ Strand Condo, အခန်းအမှတ် ၄၀၂၊ (၄-လွှာ)၊**
**မဟာဗန္ဓုလပန်းခြံလမ်း၊ (၂) ရပ်ကွက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ပါသည်

မော်လမြိုင်မြို့၊ ပန်းဘဲတန်းရပ်ကွက်၊ အကွက်အမှတ်(၅၈)၊ ဦးပိုင်အမှတ်(၂၃/ခ)၊ မြေဧရိယာ(၀.၀၁၆)ဧကရှိ မြေသည် မော်လမြိုင်မြို့နယ်မြေစာရင်းဦးစီးဌာန၏ ၁(က)စာရင်းတွင် ဦးမောင်မောင်လေး အမည်ဖြင့် မှတ်သားတည်ရှိပါသည်။ အိမ်နှင့်မြေအရောင်းအဝယ်စာချုပ်၊ မှတ်ပုံတင်စာချုပ် အမှတ်စဉ် (၄၂/၂၀၂၃)အရ ဦးမောင်မောင်လေးမှ ဦးဇော်မျိုးသက်အား တရားဝင်ရောင်းချပေးခဲ့ပြီး၊ အိမ်နှင့်မြေ အရောင်းအဝယ်စာချုပ်မှတ်ပုံတင်စာချုပ်အမှတ်(၁၀၅/၂၀၂၅)အရ ဦးဇော်မျိုးသက်မှ ဦးမြင့်သန်းနှင့် ဒေါ်သန်းသန်းဌေးအားလည်းကောင်း၊ အိမ်နှင့်မြေ အရောင်းအဝယ် စာချုပ်မှတ်ပုံတင်စာချုပ်အမှတ်(၁၅၂/၂၀၂၆)အရ ဦးမြင့်သန်းနှင့် ဒေါ်သန်းသန်းဌေးမှ ဦးအောင်ကျော်သူနှင့် ဒေါ်မြသန်းတင့်တို့အား တရားဝင် ရောင်းချပေးခဲ့ပြီး ဖြစ်သောကြောင့် ဦးအောင်ကျော်သူနှင့် ဒေါ်မြသန်းတင့်တို့မှ ၎င်းတို့၏ အမည်ဖြင့် အမည်ပြောင်းလဲပေးရန် လျှောက်ထားလာမှုအပေါ် တစ်စုံတစ်ရာ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ ရက်ပေါင်း (၃၀) အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှုအထောက်အထား မူရင်းများနှင့်တကွ မော်လမြိုင်မြို့နယ် မြေစာရင်းဦးစီးဌာနရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း တစ်စုံတစ်ရာ ကန့်ကွက်မှုမရှိပါက ဦးအောင်ကျော်သူနှင့်ဒေါ်မြသန်းတင့်တို့မှ ၎င်းတို့၏ အမည်သို့ အမည်ပြောင်းလဲပေးရန် လျှောက်ထားလာခြင်းအပေါ် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဆက်လက် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

**မြို့နယ်မြေစာရင်းဦးစီးဌာန**
**မော်လမြိုင်မြို့**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(သကမ-၁၇)၊ လူနေရပ်ကွက်အမှတ်(၂၀)၊ မင်းရဲကျော်စွာ(၉)လမ်း၊ မြေကွက်အမှတ်(၇၉၃/ခ)၊ မြေအကျယ်အဝန်း(၂၀ပေx၆၀ပေ)၊ မြေဧရိယာ(၀.၀၂၇၅)ဧက၊ (၁၂၀၀)စတုရန်းပေရှိ နှစ်(၆၀)မြေငှားဂရန် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတွင် ဒေါ်ကြည်ကြည်ဝေ[၁၂/လယန(နိုင်)၀၀၂၆၂၉]အမည်ဖြင့် အမည်ပေါက်မှတ်သားတည်ရှိပြီး အမည်ပေါက်ထံမှ ယခုရောင်းချသူ ဦးအောင်မြင့်စိုး[၈/နမန(နိုင်)၁၀၅၈၁၄]က အဆက်စပ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး မိမိတစ်ဦးတည်းသာလျှင် တရားဝင်လက်ရှိလွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြု၍ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် စကားကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်၏ ပိုင်ရေးဆိုင်ခွင့်၊ လွှဲပြောင်းရောင်းချခွင့်များနှင့်စပ်လျဉ်း၍ ကန့်ကွက်အရေးဆိုလိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသော စာချုပ်စာတမ်း အထောက်အထား(မူရင်း)များနှင့်တကွ ဤသတင်းစာကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးအုံး[၅/ကဘလ(နိုင်)၀၂၂၈၇၈]၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်လှလှရွှေ (LL.B, D.I.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၆၄၉)**
**အမှတ်(၂၂၇/၂၂၉)၊ MTM Condo၊ ဒုတိယထပ်၊ ဆိပ်ကမ်းသာလမ်း၊**
**(၇)ရပ်ကွက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၄၂၀၀၀၄၈၉၀**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အနိပ်တော်ရပ်ကွက်၊ အကွက်အမှတ်(၄၈)၊ ဦးပိုင်အမှတ်(၁-ဇ)၊ ၁၉ လမ်း၊ ၅၈ လမ်းနှင့် မြို့ပတ်လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်သန်းသန်းထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၆၈၈/၂၀၂၆)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ကေခိုင်မြင့် [၉/မနမ(နိုင်)၀၆၄၃၈၄]က အမှုတွဲအမှတ်(၂၇၀၂/၂၀၂၆-၂၀၂၇)ဖြင့် သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ မဟာဓေယျာဘုံရပ်ကွက်၊ အကွက်အမှတ်-၇၉၄၊ ဦးပိုင်အမှတ်-၄၈-က၊ ၂၅လမ်း၊ ၆၃x၆၄ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးတင်ဆန်း[၉/မရတ(နိုင်)၁၀၁၈၆၃]က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဥတ္တရခရိုင်၊ ဥတ္တရသီရိမြို့နယ်၊ သစ်တောဦးစီးဌာန [သစ်တောမြေအတွင်းရှိ ပုဂ္ဂလိက(ကျွန်းသစ်မာ)] စိုက်ခင်းတည်ထောင်စိုက်ပျိုးသူများအား အသိပေးအကြောင်းကြားခြင်း

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဥတ္တရခရိုင်၊ ဥတ္တရသီရိမြို့နယ် သစ်တောဦးစီးဌာန သစ်တောကြိုးဝိုင်းအတွင်း ပုဂ္ဂလိကကျွန်းသစ်မာစိုက်ခင်း စိုက်ပျိုးလုပ်ကိုင်ခွင့်ရရှိပြီး မြေငှားရမ်းခ ပေးသွင်းရန် ကျန်ရှိသော လုပ်ငန်းရှင်များအနေဖြင့် မြေငှားရမ်းခများကို အမြန်ဆုံးပေးသွင်းကြပါရန်နှင့် ပေးသွင်းခြင်းမရှိပါက ပုဂ္ဂလိကစိုက်ခင်းတည်ဆောက်ခြင်းဆိုင်ရာ စာချုပ်ပါ စည်းကမ်းချက်များနှင့်အညီ မြေအား ပြန်လည်သိမ်းဆည်းသွားမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**မြို့နယ်သစ်တောဦးစီးဌာနမှူးရုံး၊ ဥတ္တရသီရိမြို့နယ်**

## ဦးသန်းထွန်းအောင်နှင့်ပတ်သက်၍ အများသိစေရန် ကြေညာခြင်း

ဦးသန်းထွန်းအောင် (ဘ)ဦးစောလွင် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်[၁၂/သခန(နိုင်)၀၉၈၅၈၇]နှင့် ပတ်သက်၍ ငွေကြေးပြဿနာများကို ၎င်း၏မိခင်ဖြစ်သူ ဒေါ်ညွှန့်စိန်က အကြိမ်ကြိမ် ဖြေရှင်းပေးခဲ့ပြီးဖြစ်ပါသည်။ ယခုကြော်ငြာပါရှိသည့်နေ့မှစ၍ ဦးသန်းထွန်းအောင်နှင့်ပတ်သက်သည့် ငွေကြေးကိစ္စတို့အပါအဝင် မည်သည့်ပြဿနာကိုမျှ ထပ်မံဖြေရှင်းပေးတော့မည် မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ညွှန့်စိန်၏ လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးအောင်မျိုးဇော်** | **ဒေါ်သီတာနှင်းနှင်း** |
| **LL.B,D.B.L.,WIPO(Switzerland)** | **(LL.B, D.B.L)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ်-၁၂၂၉၇/၂၀၁၇)** | **(စဉ်-၁၂၂၈၀/၂၀၁၇)** |
| **၀၉-၄၅၀၀၀၃၄၈၀** | **၀၉-၄၂၀၀၂၉၃၂၁** |
| **ဒေါ်နွယ်နီဝင်း (LL.B)** | **ဒေါ်နှင်းသွယ်သွယ် (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **(စဉ်-၁၈၀၂၈/၂၀၂၂)** | **(စဉ်-၅၇၃၅၇/၂၀၂၆)** |
| **၀၉-၇၇၄၃၈၇၁၄၁** | **၀၉-၉၇၂၃၀၀၆၆၁** |

**အမှတ်(၈)၊ ကြို့က်ဟုန်းလမ်း၊ အမှတ်(၁)ရပ်ကွက်၊ သုံးခွမြို့။**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၁)ရပ်ကွက်၊ ဘူတာရုံလမ်း၊ အမှတ်(၃၆/က)နေ ဒေါ်ဝါဝါသိန်း (ဘ)ဦးသန်းမြင့်[၁၂/မရက(နိုင်)၁၉၃၀၃၃]၏ လွှဲအပ်ညွှန်ကြားချက်အရ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ဝါဝါသိန်းသည် ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွှန့်မြို့နယ်၊ ဖို့မြေရပ်ကွက်၊ ၁၀၁-လမ်း၊ အမှတ်(၁၉)၊ ပထမထပ်၊ တိုက်မျက်နှာမူ(ဝဲဘက်အခန်း(၁)နှင့် (ယာဘက်အခန်း(၁)ခန်း၊ စုစုပေါင်းအခန်း(၂)ခန်းကို ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဝါဝါသိန်းမှ အဆိုပါတိုက်၏ မြေရှင်/အိမ်ရှင်ဖြစ်သော ပိန္နဲကုန်းရခိုင်ဂျာမေဗလီ၏ တာဝန်ခံရှေ့မှောက်တွင် အရောင်းအဝယ်ပြုလုပ်ပြီး မြေရှင်ဖြစ်သူမှ အသိသက်သေအဖြစ် လက်မှတ်ရေးထိုးကာ ဒေါ်ဝါဝါသိန်းအမည်ဖြင့် အိမ်လခဖြတ်ပိုင်းပြေစာအား လက်ခံရယူပြီး အရောင်းအဝယ်အား ပြုလုပ်ကာ ဝယ်ယူပိုင်ဆိုင်ခဲ့သော အမည်ပေါက်အခန်း(၂)ခန်းဖြစ်ပြီး အဆိုပါ အခန်း(၂)ခန်းအား ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ဝါဝါသိန်း သိရှိခြင်းမရှိဘဲ မည်သူတစ်ဦးတစ်ယောက်မျှ အခြားသူတစ်ပါးထံသို့ ရောင်းချခြင်း၊ အာမခံတင်သွင်းထားခြင်း၊ ပေးကမ်း၊ စွန့်လွှတ်၊ လှူဒါန်းခြင်းမျိုး ဆောင်ရွက်ခွင့်မရှိကြောင်းနှင့် တိုက်ခန်း(၂)ခန်း၏ပိုင်ရှင်မှာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ဝါဝါသိန်းသာလျှင် ဖြစ်သည့်အပေါ် ကျွန်ုပ်၏မိတ်ဆွေသိရှိခြင်းမရှိဘဲ အထက်ဖော်ပြပါအခန်း(၂)ခန်းအား ဥပဒေအထောက်အထားမဲ့ ပြုမူဆောင်ရွက်ခဲ့မှုများရှိလာခဲ့ပါက မြန်မာနိုင်ငံတည်ဆဲဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ ဥပဒေမဲ့ ပြုလုပ်သူအား တရားစွဲဆိုဆောင်ရွက်သွားမည်ကို အများသိရှိစေရန် အသိပေးကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်သူ -** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဒေါ်ဝါဝါသိန်း** | **ဒေါ်အေးအေးအောင် (LL.B, LL.M)** |
| | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၀၀၄)** |
| | **ဖုန်း-၀၉-၇၈၂၂၄၄၅၂၂** |

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ပန်းဘဲတန်းမြို့နယ်၊ ဗိုလ်ချုပ်ဈေးသစ်ဈေး၊ ဆိုင်အမှတ်(၄၂) အမည်ပေါက် ဦးအောင်မြင့်မှ ဒေါ်နီနီဝင်းသို့ ဆိုင်အမှတ်(၁၂၅) ဦးထွေးမြင့်မှ ဦးမျိုးဝင်းအောင်သို့ ပြောင်းလဲမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက အထောက်အထားအပြည့်အစုံဖြင့် ဈေးတာဝန်ခံရုံးသို့ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

**ဈေးတာဝန်ခံ**
**ဗိုလ်ချုပ်ဈေးသစ်**
**ပန်းဘဲတန်းမြို့နယ်**
**ဈေးများနှင့် ကုန်စည်ပွဲရုံများဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်-ဇဇ-၂၀၊ ဦးပိုင်အမှတ်(၅)၊ ၁၀၈ လမ်း၊ ၅၁x၅၂ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်သန်းသန်းအေးထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၂၄၅၇/၂၀၂၆)ဖြင့် ဝယ်ယူခဲ့သော ဒေါ်နွယ်ဝါလှိုင်ကြည်[၉/ခမစ(နိုင်)၀၁၁၅၃၆]၏ (GP ရရှိသူ ဒေါ်စန်းမြင့်)၊ ဦးရဲနိုင်ကြည်[၉/ခမစ(နိုင်)၀၁၁၅၃၇]၊ ဦးလင်းနိုင်ကြည်[၉/ခအဇ(နိုင်)၀၇၀၀၃၀]တို့က အမှုတွဲအမှတ်(၂၇၂၇/၂၀၂၆-၂၀၂၇)ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်-၁ရပ်ကွက်၊ အကွက်အမှတ်(အပိုင်း ၃/၁)၊ ဦးပိုင်အမှတ်(၂၇-ခ)၊ အောင်ရတနာလမ်းx အောင်သစ္စာလမ်းကြား၊ ၆၇x၆၉ လမ်းကြားရှိ ဒေါ်လောက်ကြူ(ခ)ရွှေလီ အမည်ပေါက် ဂရန်မြေကွက်အား အမွေဆက်ခံစာချုပ်အမှတ်(၁၂၃၀/၂၀၂၆) ဖြင့်အမွေဆက်ခံခဲ့သော ခင်ပွန်းဖြစ်သူ ဦးအုန်းဆွေ[၉/မရမ(နိုင်)၀၇၈၀၉၁] က အမှုတွဲအမှတ်(၂၇၀၃/၂၀၂၆-၂၀၂၇)ဖြင့် သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ပျောက်ဆုံးကြောင်း

(ဘ) ဦးကျော်ဦး၏ သား ဦးသိန်းဇော်လှိုင် [၁၁/သတန(နိုင်)၀၇၀၁၄၆] ကိုင်ဆောင်သူ၏ (All In One) သင်္ဘောသားစာအုပ်မူရင်းမှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၉၉၆၅၂၁၁၉**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ငွေတော်ကျီကုန်းရပ်ကွက်၊ အကွက်အမှတ်(အ-၂၀)၊ ဦးပိုင်အမှတ်(၅၃)၊ ၇၃x၇၄ ကြား၊ ၁၁၉x၁၂၀ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်သိဂီမင်း [၉/ပကခ(နိုင်)၀၁၀၇၆၃]က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ခ)ရပ်ကွက်၊ အကွက်အမှတ်(ဟ-၁)၊ ဦးပိုင်အမှတ်(၉၄)၊ ၇၃x၇၄ ကြား၊ ၁၁၆x၁၁၇ လမ်းကြားရှိ ဦးကျော်အေးအမည်ပေါက်တောဂရန်မြေကွက်အား တရားလို ဒေါ်မိုးမိုးအိက တရားပြိုင် ဦးကျော်အေးအပေါ် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ပေးစေလိုမှုဖြင့် ပြည်ကြီးတံခွန်မြို့နယ်တရားရုံးတော်၊ တရားမကြီးမှုအမှတ်(၁၅၇/၂၀၂၆)ဖြင့် တရားစွဲဆိုခဲ့ရာ တရားရုံး၏ အနိုင်ဒီကရီရရှိသူ ဒေါ်မိုးမိုးအိ [၁/မညန(နိုင်)၀၇၇၇၈၅]က ၄၀၀ဝိ/ငွေသွင်းပြေစာ၊ မြေချမိန့်၊ တောဂရန်၊ တရားရုံးအမိန့်တို့တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွှန့်မြို့နယ်၊ ကန်/အရှေ့ရပ်ကွက်၊ (၉၂)လမ်း၊ အမှတ်(၁၁၆)ဟုခေါ်တွင်သော (၂)ခန်းတွဲ၊ ဓာတ်လှေကားပါ(၈ ၁/၂) ထပ်တိုက်အဆောက်အဦရှိ မြေညီထပ်နှင့် အပေါ်ထပ်လွှာ (လမ်းမဘက်မှ မျက်နှာမူလျှင်-ဝဲဘက်ခြမ်း)၊ (အလျား၁၅ပေxအနံ၅၀ပေ)အကျယ်အဝန်းရှိ တိုက်ခန်း (၁)ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား မိမိကိုယ်တိုင် တရားဝင်ပိုင်ဆိုင်ပြီး စီမံခန့်ခွဲရောင်းချပိုင်ခွင့်ရှိပါသည်ဟုဝန်ခံကတိပြုသူ ဒေါ်ခင်သီတာအေး[၁၂/ကမရ(နိုင်)၀၂၃၅၄၃]ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်တို့၏ မိတ်ဆွေက စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါ တိုက်ခန်းအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၅)ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်း အထောက်အထားများယူဆောင်၍ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အထက်ဖော်ပြပါတိုက်ခန်း၏ အရောင်းအဝယ်အား ဥပဒေနှင့်အညီ အပြီးသတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဦးမောင်မောင်သူရ (မြောင်းမြ)** | **ဦးဇေယျာထွန်း (LL.B)** |
| **LL. B, A.G.T.I (EP), D.B.L, D.M.L** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၅၃၂)** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်-၈၁၀၈)** | |
| **ဒေါ်ချယ်ရီလှိုင် (LL.B)** | **ဦးစိုးလွင်ဦး (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၆၁)** | **အထက်တန်းရှေ့နေ(စဉ်-၃၇၉၈၁)** |

**အမှတ်-၁၄၇၊ ဒုတိယထပ်၊ လမ်း-၅၀ (အထက်)၊ ၁၀-ရပ်ကွက်၊**
**ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၄)၊ မြေကွက်အမှတ်(၆၃၆)၊ မြေကွက်တည်နေရာအမှတ်(၆၃၆)၊ နဝရတ်လမ်း၊ (၄၄)ရပ်ကွက်၊ ဒဂုံမြောက်(ဒေါ်မို့မို့စိုး)[၉/မကန(နိုင်)၀၆၉၉၆၂]အမည်ပေါက် နှစ်(၆၀)မြေငှားစာချုပ်ဂရန်မြေအား ဂရန်အမည်ပေါက် ဒေါ်မို့မို့စိုးထံမှ အရောင်းအဝယ် စာချုပ်အမှတ်(၆၉၇၃၊ ၂၀၂၅)၊ (၁၆-၉-၂၀၂၅)ဖြင့် ဝယ်ယူပိုင်ဆိုင်သူ ဦးမျိုးညွှန့်[၉/ညဥန(နိုင်)၀၀၁၁၆၆]မှ ဂရန်၊ နိုင်ကတ်၊ အခွန်ထမ်းပြေစာ၊ အရောင်းအဝယ်စာချုပ်၊ စာချုပ်စာတမ်းရုံး(မိတ္တူမှန်)တို့တင်ပြ၍ အမည်ပြောင်း လျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## အများသိရှိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊ လမ်းသစ်လမ်း၊ တိုက်အမှတ်(၁၀၁-ဘီ)၊ အခန်းအမှတ်(၂၀၆)နေ ဦးကျော်ဖြိုးဝေ[၁၂/လမတ(နိုင်)၀၃၃၇၆၄]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိရှိစေရန် ကြေညာအပ်ပါသည်-

ကျွန်ုပ်တို့၏မိတ်ဆွေ ဦးကျော်ဖြိုးဝေသည် Real Active Trading Company Limited ၏ ကုမ္ပဏီပိုင်ရှင် တစ်ဦးဖြစ်ပြီး၊ Executive Director တစ်ဦးလည်းဖြစ်ပါသည်။ အဆိုပါ Real Active Trading Company Limited နှင့်သက်ဆိုင်သော Company Filing, Share Transfer, Contract/Agreement, Loan, Guarantee, Banking ငွေကြေးဆိုင်ရာကိစ္စများနှင့် အခြားမည်သည့် လုပ်ငန်းကိစ္စများတွင် ဦးကျော်ဖြိုးဝေ မသိရှိဘဲ ၎င်းအမည်အား ကိုယ်စားအသုံးပြုခြင်း၊ လက်မှတ်ရေးထိုးခြင်း(သို့မဟုတ်)သက်ဆိုင်ရာဌာန အသီးသီးတို့တွင် ကုမ္ပဏီကိုယ်စား တင်ပြလျှောက်လွှာများ လျှောက်ထားခြင်းတို့ကို ခွင့်ပြုထားခြင်းမရှိကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

သို့ဖြစ်ပါ၍ Real Active Trading Company Limited နှင့် ပတ်သက်၍ ကျွန်ုပ်တို့၏မိတ်ဆွေ ဦးကျော်ဖြိုးဝေ၏ ကြိုတင်စာဖြင့် ခွင့်ပြုချက်မရှိဘဲ အထက်ပါ အချက်အလက်များကို အသုံးပြု၍ ပြုလုပ်သော လုပ်ဆောင်ချက်များသည် ဦးကျော်ဖြိုးဝေ၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်ခြင်းမဟုတ်ပါကြောင်းနှင့် ပြုလုပ်သည်များကို သိရှိပါက တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆို အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးကျော်ဖြိုးဝေ ၏ လွှဲအပ်ညွှန်ကြားချက်အရ -**

| | | |
|---|---|---|
| **ဒေါ်နန်းယုယုအောင်** | **ဒေါ်ခိုင်ဇင်ဝင်း** | **ဒေါ်နန်းနွယ်နီမော်** |
| **(LL.B, D.B.L D.I.L)** | **(LL.B)** | **(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **(စဉ်-၁၉၄၅၄)** | **(စဉ်-၅၆၂၁၉)** | **(စဉ်-၅၇၃၈၆)** |

**အမှတ်(၂၇၉)၊ အခန်းအမှတ်(၆-ဘီ)၊ 7-Lift, ၉-ရပ်ကွက်၊ သုမင်္ဂလာလမ်း၊**
**တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၇၇၇၂၂၀၀၄၀၊ ၀၉-၈၈၀၂၅၂၅၈၃**

## "ကွယ်လွန်သူ ဦးမောင်မောင်တာ(အဖ-ဦးစိန်မင်း)[၁၂/ဗဟန(နိုင်)၀၅၃၁၀၀] ပိုင်ဆိုင်ကျန်ရစ်ခဲ့သည့် မရွှေ့မပြောင်းနိုင်သောပစ္စည်းများ စီးပွားရေးလုပ်ငန်းများ၏ အကျိုးခံစားခွင့်အရပ်ရပ်တို့နှင့်စပ်လျဉ်း၍ သက်ဆိုင်သူများသိစေရန် အသိပေးအကြောင်းကြားခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၁)ရပ်ကွက်၊ သဇင်မြိုင်လမ်း၊ အမှတ်(၉၁၃)နေ ဒေါ်ကြည်ကြည်စိန်(အဖ-ဦးလှ) နိုင်ငံသားစိစစ်ရေးကတ်အမှတ်[၁၂/ဗဟန(နိုင်)၀၇၂၁၄၃]သည် ဦးမောင်မောင်တာ၏ တရားဝင်ဇနီးဖြစ်ပါသည်။

ဦးမောင်မောင်တာသည် (၁၁-၉-၂၀၂၆)ရက်နေ့တွင် ကွယ်လွန်သွားခဲ့ပါသည်။ သို့ဖြစ်၍ ဦးမောင်မောင်တာ ပိုင်ဆိုင်ကျန်ရစ်ခဲ့သော နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ ဇဝနသိဒ္ဓိရပ်ကွက်၊ အမှတ်-၅၈၉၀ နေအိမ်အပါအဝင် မရွှေ့မပြောင်းနိုင်သောပစ္စည်းများ စီးပွားရေးလုပ်ငန်းများ၏ အကျိုးခံစားခွင့်အရပ်ရပ်ကို တစ်ဦးတည်းသော တရားဝင်ဇနီးဖြစ်သူ ဒေါ်ကြည်ကြည်စိန်က မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့်အညီ အမွေဆက်ခံပိုင်ဆိုင်ပါသည်။

အထက်ဖော်ပြပါ နေအိမ်အပါအဝင် မရွှေ့မပြောင်းနိုင်သော ပစ္စည်းများ၊ စီးပွားရေးလုပ်ငန်းများနှင့် ပတ်သက်၍ ဦးမောင်မောင်တာ သက်ရှိထင်ရှားရှိစဉ်က တစ်နည်းနည်းဖြင့်လွှဲပြောင်း လက်ခံလက်ရှိထားနေထိုင်စီမံခန့်ခွဲ လုပ်ကိုင်ဆောင်ရွက်လျက်ရှိသူများအနေနှင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁)လအတွင်း ကွယ်လွန်သူ ဦးမောင်မောင်တာ၏ ဇနီးဖြစ်သူ ဒေါ်ကြည်ကြည်စိန်နှင့် လာရောက်ဆက်သွယ် ညှိနှိုင်းဆောင်ရွက်ရန် အသိပေး အကြောင်းကြားအပ်ပါသည်။

**ဒေါ်ကြည်ကြည်စိန်၏ လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဦးနိုင်လင်းထွန်း (LL.B)** | **ဒေါ်ခင်သန်းဝင်း B.A (Law) LL.B** | **ဒေါ်ကြည်ဖြူအောင် (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ်-၁၁၃၈၈)** | **(စဉ်-၇၀၈၅)** | **(စဉ်-၁၁၃၅၇)** |
| **ဖုန်း-၀၉-၂၅၄၃၄၃၀၃၈** | **အမှတ်-၁၁၈/၁၂၀၊ ၄၆လမ်း၊** | **ဖုန်း-၀၉-၄၀၁၂၀၁၁၀၁** |

**ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၂၆၃၀၈၈၆၆၅**

❖ နိုင်ငံတော် ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော် သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

## အပြည်ပြည်ဆိုင်ရာ ကနူးလှေလှော်အဖွဲ့ချုပ်မှ ကြီးမှူးကျင်းပသည့် ကမ္ဘာ့ဖလား နဂါးလှေလှော်ပြိုင်ပွဲနှင့် ကမ္ဘာ့ချန်ပီယံရှစ် လက်ရည်စစ်ပြိုင်ပွဲများတွင် ငွေတံဆိပ်ငါးခုနှင့် ကြေးတံဆိပ်လေးခု ဆွတ်ခူးရရှိခဲ့သည့် မြန်မာ့လက်ရွေးစင်လှေလှော်အသင်း ပြန်လည်ရောက်ရှိ




ရန်ကုန် အောက်တိုဘာ ၅

၂၀၂၄ ခုနှစ် စက်တင်ဘာ ၃၀ ရက်မှ အောက်တိုဘာ ၃ ရက်အထိ တရုတ်နိုင်ငံ ဟန်ကျိုးမြို့၌ ကျင်းပပြီးစီးခဲ့သည့် (World Cup) ကမ္ဘာ့ချန်ပီယံရှစ် နဂါးလှေလှော် လက်ရည်စစ်ပြိုင်ပွဲသို့ မြန်မာ့လက်ရွေးစင် လှေလှော်အားကစားအသင်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ စက်တင်ဘာ ၃၀ ရက်တွင် ကျင်းပသည့် အမျိုးသားအလွတ်တန်း (၈)တက်လှော် မီတာ ၂၀၀၀ ပြိုင်ပွဲတွင် ရုရှားအသင်းက ပထမ၊ စပိန်အသင်းက ဒုတိယနှင့်

စာမျက်နှာ ၂၃ ကော်လံ ၁ သို့ ❖



## ၂၀၂၆ ခုနှစ် တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများ ဆက်လက်ကျင်းပ

နေပြည်တော် အောက်တိုဘာ ၅

တပ်မတော်(ကြည်း၊ ရေ၊ လေ) လက်ရွေးစင်အားကစားသမားများမှတစ်ဆင့် နိုင်ငံ့ဂုဏ်ကိုဆောင်နိုင်သည့် မြန်မာ့လက်ရွေးစင် အားကစားသမားများအဖြစ် တက်လှမ်းနိုင်စေရန်နှင့် မျိုးဆက်သစ်လူငယ် အားကစားသမားကောင်းများ စဉ်ဆက်မပြတ် ပေါ်ထွန်းလာစေရန် ရည်ရွယ်၍ ၂၀၂၄ ခုနှစ် တပ်မတော်(ကြည်း၊ ရေ၊ လေ)အားကစားပြိုင်ပွဲများကို ယနေ့နံနက်ပိုင်းတွင် သက်ဆိုင်ရာ အားကစားနည်းများအလိုက် သတ်မှတ်ထားသော အားကစားကွင်းများနှင့် အားကစားရုံများတွင် ဆက်လက်ယှဉ်ပြိုင်ကစားကြသည်။

စာမျက်နှာ ၂၃ ကော်လံ ၁ သို့ ★

## အာရှဖလား ယူ-၁၇ အမျိုးသမီးခြေစစ်ပွဲတွင် မြန်မာအသင်း ဂူအမ်ကို ကိုးဂိုးပြတ်အနိုင်ယူ

ရန်ကုန် အောက်တိုဘာ ၅

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် ၂၀၂၇ အာရှဖလား ယူ-၁၇ အမျိုးသမီးခြေစစ်ပွဲ အုပ်စု(G) ပထမနေ့ကို အောက်တိုဘာ ၅ ရက်က စတင်ပြုလုပ်ရာ မြန်မာအသင်းက ဂူအမ်အသင်းကို ကိုးဂိုးပြတ် အနိုင်ရရှိသည်။

မြန်မာအသင်းသည် အဖွင့်ပွဲတွင် ကိုးဂိုးပြတ်အနိုင်ရခဲ့သဖြင့် ခြေစစ်ပွဲအောင်မြင်ရန် မျှော်လင့်ချက်ပိုကောင်းလာပြီး ဟောင်ကောင်အသင်းနှင့် အဆုံးအဖြတ်ကစားရမည်ဖြစ်သည်။ ဂူအမ်အသင်း၏ ခြေစွမ်းကြောင့် မြန်မာအသင်းအနေဖြင့် အိမ်ကွင်း၌ တစ်ဖက်သတ်နီးပါး ဖိကစားနိုင်ခဲ့ပြီး အဖွင့်ဂိုးရရန်

စာမျက်နှာ ၂၀ ကော်လံ ၁ သို့ ✣



နယ်သာလန်အသင်းနှင့် ဆားဘီးယားအသင်းတို့ ယှဉ်ပြိုင်နေစဉ်။

## နယ်သာလန်အသင်းက ဆားဘီးယားအသင်းကို အနိုင်ရပြီး အုပ်စုထိပ်ဆုံးတက်လှမ်း

နယ်သာလန်အသင်းနဲ့ ဆားဘီးယားအသင်းတို့ အောက်တိုဘာ ၄ ရက်ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ ယူအီးအက်ဖ်အေ နေးရှင်းလိဂ်ပွဲစဉ်မှာ နယ်သာလန်အသင်းက နှစ်ဂိုး - တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့ပါတယ်။

အဲဒီပွဲစဉ်မှာ နယ်သာလန်အသင်းအတွက် သွင်းဂိုးတွေကို ကူမီးနားစ်နဲ့ ဇက်ဇီတို့က သွင်းယူပေးခဲ့ပြီး ဆားဘီးယားအသင်းအတွက် သွင်းဂိုးတစ်ဂိုးကိုတော့ ဗက်ကိုဗစ်က သွင်းယူပေးခဲ့ပါတယ်။

စာမျက်နှာ ၁၉ ကော်လံ ၆ သို့ ★

## အကြိမ်(၂၀)မြောက် အာရှအားကစားပြိုင်ပွဲ ပိတ်ပွဲသို့ မြန်မာနိုင်ငံကိုယ်စားပြု ဝင်ရောက်ယှဉ်ပြိုင်သည့် မြန်မာအသင်းမှ အုပ်ချုပ်သူ/နည်းပြများနှင့် အားကစားသမားများတက်ရောက်

နေပြည်တော် အောက်တိုဘာ ၅

၂၀၂၄ ခုနှစ် စက်တင်ဘာ ၁၉ ရက်မှ အောက်တိုဘာ ၄ ရက်အထိ ဂျပန်နိုင်ငံ Nagoya City Mizuho Park Athletics Stadium (Ploma Mizuho Stadium) ၌ ကျင်းပခဲ့သည့် အကြိမ်(၂၀)မြောက် အာရှအားကစားပြိုင်ပွဲ ပိတ်ပွဲကို ယမန်နေ့ ညနေ ၆ နာရီတွင် ကျင်းပရာ အာရှနိုင်ငံများမှ ပြိုင်ပွဲဝင် အသင်းအုပ်ချုပ်သူများ/နည်းပြများနှင့် အားကစားသမားများ အပါအဝင် မြန်မာနိုင်ငံကိုယ်စားပြု ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် အုပ်ချုပ်သူ/နည်းပြများနှင့် အားကစားသမားများ တက်ရောက်ခဲ့သည်။

အစီအစဉ်အရ အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် အာရှနိုင်ငံများမှ အသင်းအုပ်ချုပ်သူများ/ နည်းပြများနှင့် အားကစားသမားများ စုပေါင်းချီတက်ခြင်း၊ ဂျပန်နိုင်ငံ ရိုးရာအမွေအနှစ်၊ ယဉ်ကျေးမှုအကအလှများဖြင့် သရုပ်ပြဖျော်ဖြေတင်ဆက်ခြင်းနှင့် တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေခြင်း၊ အာရှအားကစားပြိုင်ပွဲဝင် အသင်းများအား အမှတ်တရ နှုတ်ဆက်ခြင်း၊ အာရှအားကစားပြိုင်ပွဲ အလံနှင့်

စာမျက်နှာ ၂၃ ကော်လံ ၁ သို့ ◆



ယနေ့ ဖတ်စရာ

ရှမ်းပြည်နယ်(တောင်ပိုင်း) ဟိုပုံးမြို့နယ် နားလုံကျေးရွာအနီး အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်သူ ၈၇ ဦးအား လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ စာမျက်နှာ » ၁၇

လေးမျက်နှာမြို့နယ်နှင့် ရေကြည်မြို့နယ်တို့၌ ရေများ ပြန်လည်ကျဆင်းသွားပြီ ဖြစ်သည့်အတွက် ပြည်သူ့ဆေးရုံများ ပြန်လည်ဖွင့်လှစ် စာမျက်နှာ » ၁၉

လယ်ဝေးမြို့နယ်တွင် ငွေကျပ် ၁၀ ဘီလီယံကျော် တန်ဖိုးရှိ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ စာမျက်နှာ » ၂၀